ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ ကြိမ်ခံ စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 3 September 2017 (၉၀၁၆)


# ဝင်ငွေနည်းပြည်သူများအား တန်ဖိုးနည်းအိမ်ရာစီမံကိန်းများမှ အိမ်ခန်းများ မဲနှိုက်ရောင်းချ



တန်ဖိုးနည်းအိမ်ရာစီမံကိန်းများမှ အိမ်ခန်းများကို ပြည်သူများအား မဲနှိုက်ရောင်းချပေးစဉ်။

**ရန်ကုန် စက်တင်ဘာ ၂**

တန်ဖိုးနည်းအိမ်ရာများသည် ဝင်ငွေနည်းပြည်သူများ ဝယ်ယူနိုင်ရန် စီစဉ်ပေးထားသည့်အတွက် တန်ဖိုးနည်းရခြင်းဖြစ်ပြီး ခိုင်ခံ့မှုရှိရန် စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ထားသည့် အိမ်ရာများဖြစ်ကြောင်း ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်လမ်းရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ယနေ့ နံနက် ၉ နာရီခွဲက ပြုလုပ်သည့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းရှိ အိမ်ခန်းများရောင်းချခြင်း အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်လွင်က ပြောသည်။

"တန်ဖိုးနည်းအိမ်ရာတွေ ဆောက်လုပ်တဲ့နေရာမှာ ဒီဇိုင်းပုံစံရေးဆွဲတာကအစ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ စံချိန်စံညွှန်းမီအောင် ကြီးကြပ်ဆောက်လုပ်တာတွေ၊ Third Party Inspection နဲ့ နေ့စဉ်အနီးကပ်စစ်ဆေးပြီး ဆောက်လုပ်ခဲ့တာတွေ လေ့လာမေးမြန်းကြည့်နိုင်ပါတယ်။ တကယ်တော့ မြေတန်ဖိုးကို တိုက်ခန်းဈေးမှာ ထည့်မတွက်ဘဲ တန်ဖိုးနည်းအောင် ဆောင်ရွက်ပေးထားတဲ့ ပြည်သူ့အိမ်ရာ Public Housing စနစ်တစ်ခုကို အကောင်အထည်ဖော်နေခြင်းဖြစ်တဲ့အကြောင်း ပြည်သူကိုအသိပေးလိုပါတယ်"ဟု ၎င်းကပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

**"ဝင်ငွေနဲ့ချေးငွေ ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး ဝင်ငွေအရ တစ်လ ကျပ် ၇၀၀၀၀ ကျော်ကနေ အများဆုံး ကျပ် ၁၀၀၀၀၀ ထိ ၁၅ နှစ်ပေးသွင်းရန် စီစဉ်ထား"**

**မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအား သွားရောက်သတင်းရယူခဲ့သည့် ပြည်တွင်း၊ ပြည်ပ မီဒီယာတချို့၏ စကားသံများ**

စာမျက်နှာ » ၈

**ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများအား တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ပို့ဆောင်**

စာမျက်နှာ » ၁၀

# ကျောက်ကြီးမြို့၌ ရှင်ဥပဂုတ္တမီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့၏ (၁၂၉)ကြိမ်မြောက် ရှင်ဥပဂုတ္တမီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၂ ရက်က အဆိုပါ ပွဲတော်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျောက်ကြီးမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရိုးရာတိုင်းရင်းသားဝတ်စုံများဝတ်ဆင်ထားသော ပဲခူးရပ် အထက(ခွဲ)ကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ အထကကျောက်ကြီးမှ ဘင်ခရာအဖွဲ့နှင့် အကအဖွဲ့ဝင်များ၊ မုန်းဒေသ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့နှင့် ရှမ်းအိုးစည်အဖွဲ့များ၊ ကရင်တိုင်းရင်းသားရိုးရာဖားစည်အဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြပြီး ပွဲတော်ဖြစ်မြောက်ရေး နာယကဆရာတော် ကျောင်းကုန်းပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဦးစန္ဒိမာက **စာမျက်နှာ ၃ ကော်လံ ၅ သို့ ○**



ချောင်းအတွင်း တက်ခုတ်ယိမ်းအဖွဲ့များ ဖျော်ဖြေနေမှုကို တွေ့ရစဉ်။


KBZ BANK
STRENGTH OF MYANMAR
သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇဘက်

## ကြေးမုံ

# လူမှုအခြေပြု ဗဟိုဌာန

တိုင်းပြည်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၌ အခြေခံလိုအပ်ချက်ကို ရှင်းလင်းပါဟုဆိုပါက တိုင်းပြည်ရေးရာ ကိစ္စရပ်များတွင် ပြည်သူလူထု၏ တက်တက်ကြွကြွ ပူးပေါင်းပါဝင်မှုနှင့် ပြည်သူလူထု၏ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ်မြှင့်တင်ခြင်းတို့ကို ရည်ညွှန်းရမည်ဖြစ်ပါသည်။ ဤကဲ့သို့ စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေးအတွက် ကလေးသူငယ်တို့ကို ငယ်ရွယ်စဉ်မှစ၍ စာဖတ်သည့် အလေ့အကျင့် ပျိုးထောင်ပေးခြင်းသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ကလေးသူငယ်တို့ကို စာဖတ်သည့်အလေ့အကျင့် ပျိုးထောင်ပေးရန် စာအုပ်များ အလွယ်တကူဖတ်ရှုနိုင်သည့်နေရာတို့ကို ဖန်တီးပေးရန် လိုအပ်ပါသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ထားသည့် ပြည်သူ့စာကြည့်တိုက်တို့သည် အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် ဌာနများဖြစ်ပါသည်။

သို့သော် ပြည်သူ့စာကြည့်တိုက်၏ ရည်မှန်းချက်သည် စာဖတ်ရန် နေရာသက်သက် ဖန်တီးပေးရန်မဟုတ်ပါ။ ဤသည်ထက် ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်တို့ ရှိနေပါသည်။ အဆိုပါ ရည်မှန်းချက်တို့မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အားဖြည့်ပေးမည့် ကိစ္စရပ်တို့ ခိုင်မာသန်စွမ်းလာစေရန်ဖြစ်ပါသည်။ ပြည်သူတို့၏ အရေးကိစ္စကို ပြည်သူတို့က ဆွေးနွေးတိုင်ပင် ဆုံးဖြတ်ကြခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်ပါသည်။ ဤအနှစ်သာရကို ဖန်တီးနိုင်ရန် ပြည်သူတို့ ဆုံစည်းနိုင်မည့်နေရာလိုအပ်ပါသည်။ ပြည်သူ့စာကြည့်တိုက်တို့က အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်ဖြစ်ပါသည်။ ပြည်သူတို့သည် နေ့စဉ်စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်နေကြရသည်ဖြစ်၍ တိုင်းပြည်ရေးရာကိစ္စရပ်တို့ကို မျက်ခြည်မပြတ်လေ့လာရန် လွယ်ကူသည်မဟုတ်ပါ။ ဤမလွယ်ကူသောကိစ္စကို လွယ်ကူစေရန် ပြည်သူ့စာကြည့်တိုက်တို့က ကူညီဖန်တီးပေးမည်ဖြစ်ပါသည်။ ပြည်သူလူထု သိရှိလိုသော၊ သိသင့်သိထိုက်သောသတင်းတို့ကို ပြည်သူ့စာကြည့်တိုက်တို့က ဖြန့်ဖြူးပေးမည်ဖြစ်ပါသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီပညာရပ်တို့ကို စဉ်ဆက်မပြတ်လေ့လာနိုင်ရေးသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ အထူးသဖြင့် ခေတ်မီနည်းပညာတို့ကို လေ့လာနိုင်ရေးသည် လူငယ်မျိုးဆက်သစ်တို့အတွက် အရေးပါပါသည်။ ပြည်သူ့စာကြည့်တိုက်တို့သည် လူငယ်မျိုးဆက်သစ်တို့ ခေတ်မီနည်းပညာများ လေ့လာနိုင်ရေးကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါသည်။ စာအုပ်စာပေတို့ကို ဖတ်ရှုလေ့လာရုံသာမက အပြန်အလှန်ဆွေးနွေးဖလှယ်ကြရန်လည်း လိုအပ်ပါသည်။ ဤကဲ့သို့ အပြန်အလှန်ဆွေးနွေးဖလှယ်ကြခြင်းသည် လူငယ်မျိုးဆက်သစ်တို့အား တိုင်းပြည်၏တာဝန် ပခုံးပြောင်းထမ်းဆောင်နိုင်ရေးအတွက် ရင့်ကျက်မှုတို့ကို ဆုပ်ကိုင်ရရှိစေမည်ဖြစ်ပါသည်။ ဤမျှသော အကြောင်းအရာတို့ကို သုံးသပ်ကြည့်ရုံမျှဖြင့် ပြည်သူ့စာကြည့်တိုက်တို့၏ တိုင်းပြည်အတွက် အကျိုးပြုမှုကို မှန်းဆနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့စာကြည့်တိုက်တို့ကို လူမှုအခြေပြု ဗဟိုဌာန(Community Centre)အဖြစ် တိုးမြှင့်အသိအမှတ်ပြု ဖွင့်လှစ်နေခြင်းဖြစ်ပါသည်။ လူမှုအခြေပြုဗဟိုဌာနတို့သည် ပြည်သူတို့အတွက် ပြည်သူတို့က စွမ်းဆောင်ဖန်တီးနိုင်စွမ်းရှိမှုတို့ကို မြှင့်တင်ပေးသည့် ဗဟိုဌာနများဖြစ်၍ ဒီမိုကရေစီစနစ်၏ အနှစ်သာရနှင့်လျော်ညီမှုရှိသည့် အားလျော်စွာ ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မွေးကင်းစကလေးငယ်များစွန့်ပစ်ခြင်းမှကာကွယ်တားဆီးရေး နည်းပြသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

မွေးကင်းစကလေး စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေး နည်းပြသင်တန်းကို ဩဂုတ် ၂၈ ရက်မှ ၃၁ ရက်အထိ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံခန်းမ၌ ပြုလုပ်ခဲ့ပြီး ယမန်နေ့က ကျင်းပသော သင်တန်းဆင်းပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မွေးကင်းစကလေးငယ်များ စွန့်ပစ်မှုများကို ပိုမိုမြင်တွေ့ကြားသိလာရကြောင်း၊ မွေးကင်းစကလေး စွန့်ပစ်ရခြင်း၏ အကြောင်းရင်းများကို လေ့လာကြည့်ပါက ဆင်းရဲမွဲတေမှုကြောင့် ကလေးများကို ပြုစုပျိုးထောင်ရန် မတတ်နိုင်ခြင်း၊ ဆယ်ကျော်သက်အရွယ် မလိုလားသောအချိန်တွင် ကိုယ်ဝန်ဆောင်မွေးဖွားရခြင်းကြောင့် လူမှုပတ်ဝန်းကျင်တွင် ရင်ဆိုင်ရမည့် အခက်အခဲများ၊ စိတ်ဖိစီးမှုများ ကြုံတွေ့ရခြင်း၊ မည်သည့်အရွယ်တွင်မဆို ကြိုတင်ပြင်ဆင်မှုမရှိဘဲ ကိုယ်ဝန်ရခြင်းကြောင့် ဆက်လက်ပြုစုမွေးမြူရန် အခက်အခဲရှိခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကြောင့် မွေးရခြင်းနှင့် ကလေးငယ်စဉ် မွေးရာပါချို့ယွင်းချက်ရှိခြင်း စသည်တို့သည် မွေးကင်းစကလေး စွန့်ပစ်ခြင်း၏ အဓိကအကြောင်းရင်းများဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဝန်ကြီးက ယခုသင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း၊ သို့မှသာ မွေးကင်းစကလေး စွန့်ပစ်ခြင်းမှ ကာကွယ်နိုင်ခြင်း၊ စွန့်ပစ်ခံခဲ့ရပါကလည်း ပုဂ္ဂလိက၊ ပရဟိတနှင့် အစိုးရဂေဟာများ၌ စနစ်တကျ စောင့်ရှောက်မှုပေးနိုင်ခြင်းများ ရရှိမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ကလေးငယ်များ၏ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အစောင့်အရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်စသည့် အခွင့်အရေးများကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းတက်ရောက်ခဲ့ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ် တက္ကသိုလ်များမှ သင်တန်းသား သင်တန်းသူများအား ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းလက်မှတ်များနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## တရားရုံးအသုံးပြုသူများ ဝန်ဆောင်မှုဆင့်ပွားသင်တန်းဖွင့်

**မုံရွာ စက်တင်ဘာ ၂**

တရားရုံးအသုံးပြုသူများ ဝန်ဆောင်မှုဆင့်ပွားသင်တန်းကို ယနေ့ နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်မှ အရာရှိများ၊ မုံရွာခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီးများနှင့် သင်တန်းတက်ရောက်ကြမည့် မုံရွာခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ အရာထမ်း၊ အမှုထမ်း ၄၆ ဦးတို့ တက်ရောက်ကြသည်။

**(အေးချမ်း)**

❒

## အရည်အသွေးကောင်း စပါးစိုက်ပျိုးထုတ်လုပ်ရေးသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)တို့ ပူးပေါင်းဆောင်ရွက်ပြီး စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း ဒုတိယနှစ်လုပ်ငန်းစီမံချက်များကို နေပြည်တော်၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အရည်အသွေး ကောင်းမွန်သော စပါးစိုက်ပျိုးထုတ်လုပ်ရေးသင်တန်းကို ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကျွန်းကုန်းကျေးရွာ၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းရုံးချုပ်မှ ဈေးကွက်အကြံပေးအရာရှိ Dr Kim Yoon Duck က အဖွင့်အမှာစကားပြောကြားပြီး KOPIA Myanmar Center မှ ဒါရိုက်တာ Dr Kim Dae Soo က ကျွန်းကုန်းကျေးရွာ၊ ဂုဏ်မင်းအင်းကျေးရွာ၊ ရွာသာကျေးရွာ၊ တဲကြီးကုန်းကျေးရွာနှင့် ကြံခင်းစုကျေးရွာတို့မှ တောင်သူ ၄၆ ဦးနှင့် ရေဆင်းတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား အရည်အသွေးကောင်းမွန်သော စပါးစိုက်ပျိုးထုတ်လုပ်ရေးအတွက် စပါးပင်၏ ပင်စည်၊ ကိုင်းဖျား၊ အနှံ၊ အမြစ်ဆိုင်ရာသိကောင်းစရာများ၊ စိုက်ပျိုးနည်းပုံစံများနှင့် ဓာတ်မြေဩဇာထည့်သွင်းခြင်းနည်းပညာများကို တောင်ကိုရီးယားနိုင်ငံ၏ စိုက်ပျိုးမှုပုံစံများနှင့် နှိုင်းယှဉ်ကာ ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်အတွင်းရှိ ဒက္ခိဏသီရိမြို့နယ်တွင် ၂၈ ရွာ၊ လယ်ဝေးမြို့နယ်တွင် ငါးရွာ၊ ပျဉ်းမနားမြို့နယ်တွင် လေးရွာနှင့် ဇမ္ဗူသီရိမြို့နယ်တွင် သုံးရွာ စုစုပေါင်း ရွာပေါင်း ၄၀ ၌ ၂၀၁၆ ခုနှစ် ဇွန်လမှစတင်၍ ဆောင်ရွက်ခဲ့သည်။ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းဝင် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၂၇၆ သိန်း ချထားပေးပြီး လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးတွင် ၄၅ ရာခိုင်နှုန်း၊ ဝင်ငွေ တိုးတက်ရရှိရေးတွင် ၅၀ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ငါးရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုနိုင်ကြောင်း သိရသည်။ **(သန့်မောင်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာထုတ်လုပ်မှုသင်တန်းဖွင့်

**ဂန့်ဂေါ စက်တင်ဘာ ၂**

ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာထုတ်လုပ်မှု သင်တန်း(၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်မြင့်မြင့်နွယ်က သင်တန်းကာလတွင် သင်ကြားပို့ချမည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးတင်ပြခဲ့ကာ ကျေးရွာရှိ သင်တန်းသား သင်တန်းသူများက တစ်ဦးချင်းအလိုက် မိတ်ဆက်ဆွေးနွေးခဲ့ကြပြီး သင်ထောက်ကူပစ္စည်းများ



ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသားဦးရေ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း
ဦးကျော်ဧယျာမြင့်၊ ဒေါ်ခင်ခင်သက်၊
ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း
ဦးအောင်မိုးဦး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်
ဦးသက်ဇေယျ၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊
ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့
themirror.npt@gmail.com
www.facebook.com/themirrordaily

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ချက်သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ



**နေပြည်တော် စက်တင်ဘာ ၂**
အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံရုံး၏ ဖိတ်ကြားချက်အရ ချက်သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ရန် ယနေ့ည ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်နှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်နှစ်ဦးတို့လည်း လိုက်ပါသွားကြသည်။

လေ့လာရေးခရီးစဉ်အတွင်း ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တွေ့ဆုံခြင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားဆက်ဆံရေးကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လွှတ်တော်တွင်းလေ့လာခြင်း၊ တရားရေးဝန်ကြီးဌာနသို့သွားရောက်ခြင်း၊ အကျဉ်းထောင်သို့ လေ့လာခြင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့နှင့်တွေ့ဆုံခြင်း၊ Prague မြို့ရှိ Burma Centre အဖွဲ့နှင့် တွေ့ဆုံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စံမညီသည့်ကုန်ပစ္စည်းများအား ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်းကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**
စားသုံးသူများအတွက်အသုံးမပြုသင့်သော စံမညီသည့်ကုန်ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ပြန်လည်သိမ်းဆည်းခြင်းကို ပြီးခဲ့သည့်နှစ်က ၁၇၈ ကြိမ်နှင့် ယခုနှစ် ဩဂုတ် ၂၁ ရက်အထိ ၈၃၇ ကြိမ် ဆောင်ရွက်ခဲ့ပြီး စားသုံးသူကို ဘေးအန္တရာယ်ဖြစ်စေကြောင်း စိစစ်တွေ့ရှိပါက ဖျက်ဆီးခြင်းများကိုလည်း စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“မြန်မာနိုင်ငံရဲ့ တည်နေရာအနေအထားအရ ဝယ်လိုအား အဆမတန်များတဲ့၊ ပို့ကုန်အခွင့်အလမ်းများတဲ့၊ ဈေးကွက်ကြီးဖြစ်တဲ့ အိမ်နီးချင်းနိုင်ငံကြီးနှစ်ခုအကြား တည်ရှိနေပါတယ်။ ဒီလို တည်ရှိနေတာကို အခွင့်အလမ်းတစ်ခုလို့ ထင်မြင်ကြတာရှိပါတယ်။ လက်တွေ့မြေပြင်အခြေအနေမှာ အိမ်နီးချင်းနိုင်ငံတွေက စီးပွားရေးကျင့်ဝတ်နဲ့အညီ မဆောင်ရွက်သူတွေ၊ ကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်တဲ့ ထုတ်လုပ်သူတွေ၊ ကုန်သွယ်သူ(တင်သွင်းသူ)တွေ၊ ဖြန့်ဖြူးရောင်းချသူတွေရဲ့ စံမမီတဲ့ဘေးအန္တရာယ်ရှိကုန်ပစ္စည်းတွေကို မလွှဲမရှောင်သာ လက်ခံသုံးစွဲနေရတဲ့ အခြေအနေဖြစ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံကို စမ်းသပ်ဈေးကွက်အဖြစ် သဘောထားနေတာမျိုး ရှိပါတယ်”ဟု စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က ပြောကြားသည်။

အဆိုပါ အခြေအနေများကို လျှော့ပါးသက်သာစေပြီး မိမိနိုင်ငံအတွင်းရှိ စားသုံးသူများကို အကာအကွယ်ပေးနိုင်ရန် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး လက်တွေ့နယ်ပယ်တွင် စားသုံးသူများကို ပိုမိုအကာအကွယ်ပေးနိုင်စေရေးအတွက် အဆိုပါ ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ဥပဒေအရ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်နေသလို တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ နေပြည်တော်မှာလည်း စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဥပဒေနဲ့အညီ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ဒီအဖွဲ့ရဲ့အောက်မှာ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနဲ့ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီတွေ ဖွဲ့စည်းပြီးတော့ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးခြင်းနဲ့ တိုင်ကြားလာမှုတွေထဲက စိစစ်တွေ့ရှိရတဲ့ စံမမီကုန်ပစ္စည်းတွေကို သိမ်းဆည်းတာ၊ ဖျက်ဆီးတာနဲ့ လုပ်ငန်းလိုင်စင်ပိတ်သိမ်းတာတွေကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ပြီးတော့ ထုတ်လုပ်သူ၊ ကုန်သွယ်သူ၊ ရောင်းချ ဖြန့်ဖြူးသူ၊ ဝန်ဆောင်မှုပေးသူတွေ စီးပွားရေးကျင့်ဝတ်နဲ့အညီ တာဝန်ခံမှု၊ တာဝန်ယူမှုနဲ့အတူ ဥပဒေပြဋ္ဌာန်းချက်တွေကို တိကျစွာလိုက်နာဆောင်ရွက်ဖို့ အသိပညာပေးမှုလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

အသိပညာပေးမှုလုပ်ငန်းစဉ်များအနေဖြင့် စားသုံးသူရေးရာဦးစီးဌာနသည် ယမန်နှစ်မှ ယခုနှစ် ဇူလိုင်လကုန်အထိ အသိပညာပေးဆောင်ရွက်မှု အကြိမ်(၁၄၀၂၀)၊ ကွင်းဆင်းစစ်ဆေးမှု(၈၀၇၁)ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံမှု အကြိမ် (၆၇၀)၊ အသိပညာပေးသင်တန်းများဖွင့်လှစ်မှု(၁၂၈)ကြိမ်နှင့် ပြခန်းများပြသခြင်း (၁၇)ကြိမ်တို့တွင် လူဦးရေ ၂၄၀၉၆၆၂ ဦးတို့ကို အသိပညာပေးနိုင်ခဲ့ကြောင်း သိရသည်။

**(ရှင်မင်း)**

# ရာသီတုပ်ကွေးရောဂါ(H1N1)ဖြစ်ပွားမှုကြောင့် ယနေ့အထိ သေဆုံးသူ ၃၆ ဦးရှိခဲ့

**နေပြည်တော် စက်တင်ဘာ ၂**
ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်မှစ၍ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူများကို စောင့်ကြပ်ကြည့်ရှုခဲ့ပြီး ဩဂုတ် ၇ ရက် နောက်ပိုင်းမှစ၍ ဖြစ်ပွားမှုများစတင်ကျဆင်းလာကြောင်း၊ ဆေးရုံတက်ရောက်ကုသသူလူနာ ၁၀၂၉ ဦးတွင် ပိုးတွေ့လူနာ ၃၆၉ ဦးရှိပြီး စုစုပေါင်း ၃၆ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ယနေ့မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်အရ သိရသည်။

ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့မွန်းလွဲ ၂ နာရီအထိ လွန်ခဲ့သော ၁၀ ရက်အတွင်း သံသယလူနာ ၁၈၁ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင် H1N1 ပိုးတွေ့လူနာ ၅၂ ဦးတွေ့ရှိခဲ့ရပြီး ထပ်မံသေဆုံးသူ သုံးဦးရှိခဲ့ကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၁၀၂၉ ဦးအနက် Seasonal Influenza A(H1N1)pdm09 ပိုးတွေ့လူနာ စုစုပေါင်း ၃၆၉ ဦးရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူဦးရေမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ခြောက်ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် ၁၀ ဦး စုစုပေါင်း ၃၆ ဦးရှိကြောင်း။

လက်ရှိအချိန်တွင် အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများ၌ အတွင်းလူနာ စုစုပေါင်း ၂၅ ဦး ဆက်လက်ကုသမှုခံယူလျက်ရှိပြီး ဆေးရုံတက်ရောက်ကုသသူဦးရေမှာလည်း တစ်နေ့တခြားသိသိသာသာ ကျဆင်းလျက်ရှိကြောင်း၊ စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့်ဂေဟာများ၊ အခြားလူစုလူဝေးရှိသောနေရာများတွင် တုပ်ကွေးဆန်သောရောဂါလက္ခဏာများ ထပ်ပေါင်းဖြစ်ပွားမှု(Cumulative incidence of Influenza Like Illness symptoms)အခြေအနေမှာ လျော့နည်းသွားသဖြင့် ကူးစက်မှုနှုန်းမှာ ကျဆင်းလာကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးကို မဖြစ်မနေထိုးရမည်ဟု သတ်မှတ်ထားခြင်းမရှိသော်လည်း လူနာနှင့်ထိတွေ့ရသည့် ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေးထိုးပေးလျက်ရှိကြောင်းနှင့် ကမ္ဘာ့နိုင်ငံအများစုတွင်လည်း ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းအစီအစဉ်တွင် ထိုးနှံပေးခြင်း မရှိပါကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

## ✱ ရွှေဖုံးမှ

တန်ဖိုးနည်းအိမ်ရာဟု ဆိုသော်လည်း အဆင့်အတန်းမီသော အိမ်ရာများဖြစ်စေရန် ကလေးကစားကွင်းများ၊ ပန်းခြံ၊ ဓမ္မာရုံ၊ စာသင်ကျောင်း၊ ဈေးနှင့် City Mart အရောင်းဆိုင်များ ပါဝင်မည်ဖြစ်ပြီး ရေရရှိရေး၊ မီးရရှိရေးဆောင်ရွက်ထားရှိကာ သန့်ရှင်းသာယာလှပရေးတို့ကိုပါ ဆောင်ရွက်ထားကြောင်း သိရသည်။

အိမ်ရာထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမင်းအောင်အေးက “အိုးအိမ်ကဖွဲ့စည်းထားတဲ့ အိမ်ရာကော်မတီနဲ့ပေါင်းပြီး အိမ်ရာသာယာလှပရေးလုပ်ငန်းတွေ ဆောင်ရွက်မှာပါ။ အဲဒါက တစ်နှစ်ကို ၆ သောင်းနဲ့ တစ်လ ငါးထောင်နှုန်းကောက်ခံပြီးတော့ အိမ်ရာရဲ့သန့်ရှင်းမှုအပြင် လူအဝင်အထွက်ကအစ လုံခြုံရေးပါ လုပ်ဆောင်ပေးမှာပါ”ဟု ပြောသည်။

ထို့ပြင် ယခုလက်ရှိရောင်းချသည့် တန်ဖိုးနည်းအိမ်ရာ ယုဇနအပိုင်း(၁)နှင့်(၂)တွင် ရေဂါလန် တစ်သိန်းနှစ်သောင်းဆံ့ ရေသိုလှောင်ကန်တည်ဆောက်ပေးထားပြီး ရေရရှိမှုအခက်အခဲမရှိစေရန် ဆောင်ရွက်ထားကြောင်း မြို့ပြအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

လျှပ်စစ်မီး မရှိသေးသည့် အခန်းများ၏ မီးရရှိမှုအခြေအနေနှင့်ပတ်သက်၍ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဇော်ဇော်က “မီးရရှိရေးအပိုင်းကတော့ ၂၀၁၇ ခုနှစ် ၁၂ လပိုင်းမှာ အခုလက်ရှိ ရောင်းချတဲ့အခန်းတွေ မီးရနိုင်ပါတယ်။ အဲဒီအတွက်လည်း တင်ဒါခေါ်ထားပြီးပါပြီ၊ လုပ်ငန်းဆောင်ရွက်တာမြန်ရင်တော့ စောမှာဖြစ်ပါတယ်”ဟု ပြောသည်။

အဆိုပါ တန်ဖိုးနည်းအိမ်ရာများသည် အကျယ်အဝန်းအားဖြင့် တစ်ခန်းလျှင် စတုရန်းပေ ၄၆၈ ပေရှိ ခြောက်ခန်းတွဲ လေးထပ်၊ စတုရန်းပေ ၅၂၂ ပေရှိ ရှစ်ခန်းတွဲ လေးထပ် အဆောက်အအုံများဖြစ်ပြီး တိုက်ခန်းတန်ဖိုးအားဖြင့် အနိမ့်ဆုံး ငွေကျပ် ၉၈ သိန်းမှ အမြင့်ဆုံး ငွေကျပ် သိန်း ၁၂၀ ကျော်ထိရှိကြောင်း သိရသည်။

“မဲနှိုက်တာနဲ့ ရတဲ့အိမ်ခန်းပေါ်မှာ တန်ဖိုးက ပြောင်းသွားပြီ။ သိန်း ၁၂၀ ဆို Down Payment ထပ်ပြီး ပေးသွင်းရမယ်။ ဝင်ငွေနဲ့ ချေးငွေ ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီးမှရမှာပါ။ ဘယ်လောက်အထိ စီစဉ်ထားလဲဆိုတော့ ၁၅ နှစ်အထိ ဆွဲဆန့်ထားတယ်ပေါ့နော်။ ဝင်ငွေအရ တစ်လ တစ်လ ၇ သောင်း ၆ ထောင်ကနေ အများဆုံး တစ်သိန်းလောက်ထိ ပေးရမယ်။ ဒီလိုမျိုးအတွက် စီစဉ်ထားတယ်”ဟု ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စက်တင်ဘာ ၂ ရက်တွင် ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း (၁)၊ (၂)ကို လျှောက်ထားသူ ၉၅ ဦး၊ ကနောင်အိမ်ရာ စီမံကိန်းကို လျှောက်ထားသူ ၆၃ ဦးနှင့် ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်းများရှိ အိမ်ခန်းလျှောက်ထားသူ ၁၂၂ ဦးတို့ကို မဲနှိုက်ရောင်းချပေးခဲ့ပြီး စက်တင်ဘာ ၄ ရက်တွင် ယုဇနစီမံကိန်း အပိုင်း(၁)နှင့် (၂)မှ အိမ်ခန်းလျှောက်ထားသူ ၂၀၆ ဦး တို့ကို အိမ်ခန်းများ ဆက်လက်မဲနှိုက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း- သီသီမင်း**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

## မြစ်ရေကြီးမှု အခြေအနေ

**စစ်တောင်းမြစ်**
ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည် ကျဆင်းနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## ○ ကျောက်ကြီးမြို့မှ

မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆရာတော်နှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ချောင်းအတွင်းတွင် တက်ခုတ်ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့် ကပြဖျော်ဖြေကြသည်။ (၁၂၉)ကြိမ်မြောက် ရှင်ဥပဂုတ္တ မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲအား ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲအား တော်သလင်းလဆန်း ၈ ရက်က စတင်ကျင်းပခဲ့၍ ရှင်ဥပဂုတ္တမီးမျှောပူဇော်ပွဲအား တော်သလင်းလဆန်း ၁၂ ရက် ည ၇ နာရီမှစ၍ ချောင်းအတွင်းမီးကြာခွက် ၁၅၀၀ ဖြင့် မီးမျှော ပူဇော်ကြမည်ဖြစ်ကာ လပြည့်နေ့ညတွင်မီးကြာခွက် ၄၀၀၀ ဖြင့် မီးမျှောပူဇော်မည်ဖြစ်သောကြောင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အလွန်စည်ကားသော ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

**(ကိုထွေး)**

# ပြုံယမ်းအား ကြီးမားသောစီးပွားရေးပိတ်ဆို့မှုများချမှတ်ရန် အမေရိကန်နှင့် တောင်ကိုရီးယားသမ္မတတို့ သဘောတူညီ

**ဆိုးလ် စက်တင်ဘာ ၂**
မြောက်ကိုရီးယားနိုင်ငံအား ကြီးမားသောစီးပွားရေးပိတ်ဆို့မှုများချမှတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်တို့က သဘောတူညီခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

စက်တင်ဘာ ၁ ရက် ညပိုင်းအချိန်တွင် သမ္မတနှစ်ဦးက မိနစ်လေးဆယ်ခန့် တယ်လီဖုန်းပြောကြားခဲ့ပြီး ပြုံယမ်းအား ကြီးမားသော စီးပွားရေးပိတ်ဆို့မှုများ လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်ဟု တောင်ကိုရီးယားသမ္မတရုံးက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဖြေရှင်းချက်ကို ချိုးဖောက်ရာရောက်ပြီး နိုင်ငံအချင်းချင်း ရန်စသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့ကြောင်း သမ္မတ မွန်းဂျေအန်က ဆိုသည်။ ဩဂုတ် ၂၉ ရက်တွင် ပြုံယမ်းက ဂျပန်နိုင်ငံမြောက်ပိုင်း ကောင်းကင်ယံကို ဖြတ်ကျော်ပြီး ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း ပစ်လွှတ်စမ်းသပ်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နိုင်ငံအချင်းချင်း ရန်စမှုများကို ရပ်တန့်ပစ်ရန် ကြီးမားသော စီးပွားရေးပိတ်ဆို့မှုများချမှတ်လုပ်ဆောင်မည်ဖြစ်ကြောင်း သမ္မတ ထရန့်နှင့် သမ္မတ မွန်းဂျေအန်တို့က သဘောတူညီခဲ့ကြသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံအား ချူကလီးယားကိစ္စရပ်နှင့်ပတ်သက်ပြီး ငြိမ်းချမ်းရေးစားပွဲပေါ်သို့ ရောက်ရှိဆွေးနွေးရန် အမေရိကန်၊တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က ဆက်လက်တိုက်တွန်း ပြောကြားသွားမည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက ထပ်လောင်းအတည်ပြုခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ရန်လိုသည့်အပြုအမူများကို ပြန်လည်တုံ့ပြန်နိုင်ရန် တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံ၏ တာဝေးပစ်ဒုံးကျည်ရောက်ရှိမှု အကွာအဝေးနှုန်းထားများနှင့် ဒုံးကျည်တွင်ပါဝင်သည့်ပစ္စည်းကိရိယာများကို ရည်မှန်းထားသည့် အတိုင်းအတာပမာဏအထိ အဆင့်မြှင့်တင်ရန် အခြေခံသဘောတရားများကို ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။


ခေါင်းဆောင်နှစ်ဦး သဘောတူညီထားသည့် အခြေခံစည်းမျဉ်းများတွင် တောင်ကိုရီးယားနိုင်ငံ၏ တာဝေးပစ်ဒုံးကျည်တွင်ပါဝင်မည့် ပစ္စည်းကိရိယာအလေးချိန်သည် ကီလိုဂရမ် ၅၀၀ ထက်မနည်း ပါဝင်မည်ဖြစ်ပြီး အမြင့်ရောက်ရှိမှုအကွာအဝေးသည် အနည်းဆုံး ကီလိုမီတာ ၈၀၀ ဖြစ်သည်။ မြောက်ကိုရီးယားခေါင်းဆောင် အပါအဝင် အုပ်ချုပ်မှုပိုင်းတွင် ပါဝင်သည့် တာဝန်ရှိသူများ




အရေးကြုံပါက ခိုအောင်းလျက်ရှိသည့် မြေအောက်ခန်းနေရာများကိုဖျက်ဆီးပစ်ရန် တောင်ကိုရီးယား၏ တာဝေးပစ်ဒုံးကျည်တွင် ပါဝင်သည့် ကိရိယာပစ္စည်းအလေးချိန်ကို အနည်းဆုံး တန်ချိန် တစ်တန်အထိထားရှိရန် ဆန္ဒရှိကြောင်း တောင်ကိုရီးယားတပ်မတော်က ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# တရုတ်နိုင်ငံတွင် ကျင်းပမည့် BRICS အုပ်စုထိပ်သီးဆွေးနွေးပွဲ အိန္ဒိယဝန်ကြီးချုပ် မိုဒီ တက်ရောက်မည်



**နှစ်နိုင်ငံအကြား ပိုင်နက်နယ်မြေ အငြင်းပွားမှုရှိနေသော နယ်စပ်ဒေသ၌ တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံတပ်ဖွဲ့များ၏ သဘောထားတင်းမာမှုများ လျော့ကျသွားပြီးနောက် နှစ်နိုင်ငံတပ်ဖွဲ့အား တွေ့ရစဉ်။**

**နယူးဒေလီ စက်တင်ဘာ ၂**
နှစ်နိုင်ငံအကြား ပိုင်နက်နယ်မြေ အငြင်းပွားမှုရှိနေသော နယ်စပ်ဒေသ၌ တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံတပ်ဖွဲ့များ၏ သဘောထားတင်းမာမှု အပေါ် ပြေလည်အောင်ညှိနှိုင်းပြီးနောက် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက တရုတ်နိုင်ငံတွင် ကျင်းပမည့် BRICS အုပ်စု၏ ထိပ်သီးဆွေးနွေးပွဲကို တက်ရောက်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

နှစ်နိုင်ငံအကြား ပိုင်နက်နယ်မြေ အငြင်းပွားမှုရှိနေသော နယ်စပ်ဒေသ၌ နှစ်ဖက်တပ်ဖွဲ့များ နှစ်လကျော်မျှ စစ်ရေးအရ တင်းမာနေခဲ့မှုကို ဖြေလျှော့နိုင်ရေးအတွက် နှစ်ဖက်တပ်ဖွဲ့များက စက်တင်ဘာ ၁ ရက်တွင် စတင်ပြီး တပ်ဖြန့်ထားမှုအပါအဝင် စက်ယန္တရားများကိုပါ ပြန်လည်ရုပ်သိမ်းကြမည်ဖြစ်သည်။

BRICS အုပ်စု၏ ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်တွင် စတင်ဖွင့်လှစ်ရန်ရှိနေချိန်တွင် စစ်ရေးအရ ထိပ်တိုက်တွေ့မှု အဆုံးသတ်ရေးအတွက် သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြခြင်း ဖြစ်သည်။

BRICS အုပ်စုတွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ပါဝင်ကြသည်။

စက်တင်ဘာ ၃ ရက်တွင် တရုတ်နိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ လာရောက်မည်ဖြစ်ပြီး BRICS အုပ်စု၏ ထိပ်သီးဆွေးနွေးပွဲကို တက်ရောက်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနကဆိုသည်။ အဆိုပါ ထိပ်သီးညီလာခံကို တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ရှားမင်းမြို့၌ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဝန်ကြီးချုပ်မိုဒီနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ထိပ်သီးအစည်းအဝေး ပြင်ပ၌ သီးခြားတွေ့ဆုံဆွေးနွေးမှုများပြုလုပ်မည်ဖြစ်သည်။

နှစ်နိုင်ငံတပ်ဖွဲ့များသည် ဇွန်လကစပြီး the Doklam ကုန်းပြင်မြင့် (တရုတ်အခေါ်အဝေါ် Dong Lang)ရှိ တရုတ်နှင့် ဘူတန်နိုင်ငံနယ်စပ်တွင် သဘောထားတင်းမာမှုများ ဖြစ်ပွားလျက်ရှိခဲ့သည်။ တရုတ်နိုင်ငံက နှစ်နိုင်ငံအငြင်းပွားနေရာတွင် လမ်းမကြီးတစ်ခုတည်ဆောက်မှုကို စတင်ခဲ့ခြင်းကြောင့် သဘောထားတင်းမာမှုများ စတင်ဖြစ်ပွားခဲ့သည်။ အိန္ဒိယတပ်ဖွဲ့က ဘူတန်နိုင်ငံအား ထောက်ပံ့ကူညီရန် တပ်ဖြန့်ထားခဲ့သည်။

သို့သော် ဩဂုတ် ၂၈ ရက်က နှစ်နိုင်ငံ သဘောထားတင်းမာမှုများကို သံတမန်နည်းလမ်းအရ ဖြေရှင်းကာ ပြေလျော့သွားပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ နှစ်လတာ သဘောထားတင်းမာလျက်ရှိသည့် နှစ်နိုင်ငံတပ်ဖွဲ့ကို စက်တင်ဘာ ၁ ရက်တွင် ပြန်လည်တပ်ဆုတ်ရန် အမိန့်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် BRICS အုပ်စု၏ ထိပ်သီးဆွေးနွေးပွဲသည် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံအတွက် ပြန်လည်သင့်မြတ်မှုကို လမ်းကြောင်းပေးသည့် ပေါင်းကူးတံတားသဖွယ်ဖြစ်စေကြောင်း နိုင်ငံရေးလေ့လာစောင့်ကြည့်သူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# နိုင်ရိုဘီမြို့တွင် စာသင်ကျောင်းမီးလောင် ကျောင်းသူ ခုနစ်ဦးထက်မနည်း သေဆုံး

**နိုင်ရိုဘီ စက်တင်ဘာ ၂**
ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီမြို့ရှိ စာသင်ကျောင်းတစ်ကျောင်း၏ ကျောင်းသူများအိပ်ဆောင်တွင် စက်တင်ဘာ၂ ရက် နံနက်အစောပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ကျောင်းသူခုနစ်ဦးထက်မနည်းသေဆုံးပြီး ထိခိုက်ဒဏ်ရာရသူ ၁၀ ဦးရှိကြောင်း၊ မီးလောင်ကျွမ်းမှုဖြစ်ပွားချိန်၌ ကျောင်းသူများမှာ အိပ်မောကျနေကြောင်း ကင်ညာအစိုးရ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါမီးလောင်မှုမှာ ဒေသစံတော်ချိန် နံနက် ၂ နာရီတွင် ဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုဖြစ်ပွားသည့် အမျိုးသမီးကျောင်းမှာ နိုင်ရိုဘီမြို့ ကီဘာရာဒေသတွင် တည်ရှိကြောင်း ကင်ညာအစိုးရ ပညာရေးဝန်ကြီး ဖရက်မာကီရန်ဂီက ပြောကြားသည်။

မီးလောင်ကျွမ်းမှုကြောင့် အိပ်ဆောင်အတွင်းမှ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ရန်ကြိုးပမ်းစဉ်အတွင်း ရုတ်ရုတ်သဲသဲ ဖြစ်ပွားခဲ့ပြီး ထိုစဉ်အတွင်း ကျောင်းသူခုနစ်ဦးမှာ အသက်ရှူကျပ်သည့် ဝေဒနာခံစားရပြီး သေဆုံးခဲ့ကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် အဆိုပါစာသင်ကျောင်းအား ရက်သတ္တနှစ်ပတ်ခန့် ပိတ်ထားမည်ဟု ၎င်းက ပြောကြားသည်။

မီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များအား ရှူရှိုက်မိ၍ အသက်ရှူကျပ်ကာ မူးမေ့ခဲ့သော ကျောင်းသူ ၁၀ ဦးကို အနီးဝန်းကျင်ရှိ ဆေးရုံသို့ အလျင်အမြန်တင်ပို့ခဲ့ကြောင်း ကီဘာရာဒေသခံ ရဲတပ်ဖွဲ့အကြီးအကဲ အီနုစ်မာလိုဘာက ပြောကြားသည်။

**ဆင်ဟွာ။**

-----------------------

# အီရတ်နိုင်ငံမြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်၌ အသေခံဗုံးခွဲသမားများ တိုက်ခိုက်၊ ရှစ်ဦးသေဆုံး

**တီကရစ် စက်တင်ဘာ ၂**
အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဆာလာဟူဒင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံအား အသေခံ ဗုံးခွဲသမားခုနစ်ဦးက စက်တင်ဘာ ၂ ရက်တွင် တိုက်ခိုက်ခဲ့ခြင်းကြောင့် လူရှစ်ဦး သေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုသည် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသော အသေခံဗုံးခွဲဝတ်စုံများ ဝတ်ဆင်ထားသည့် လူခုနစ်ဦးက ဂျယ်ဆီရာ့ချ်လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုက်ခိုက်မှုဖြစ်ပွားသောနေရာသည် မြို့တော်ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၁၀၀ အကွာတွင် တည်ရှိကြောင်း အမည်ဖော်ပြခြင်းမရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

စက်ရုံ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့အားထောက်ခံသည့် ဟာရှ်ရှာဘီပြည်သူ့စစ်တိုက်ခိုက်သမားများနှင့် အသေခံဗုံးခွဲသမားများအကြား ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် အသေခံဗုံးခွဲသမားများက ၎င်းတို့ကိုယ်ကို ဗုံးဖောက်ခွဲခဲ့ကြကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အသေခံဗုံးခွဲရေးသမားများ တိုက်ခိုက်မှုကြောင့် စက်ရုံအလုပ်သမားခြောက်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးတို့ သေဆုံးခဲ့သည်။

အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီက တယ်လ်အဖာမြို့နှင့် ပတ်ဝန်းကျင်ဒေသများ အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့ လက်အောက်မှ အပြည့်အဝလွတ်မြောက်ခဲ့ပြီဟု ကြေညာခဲ့ပြီးနောက် ရက်အနည်းငယ်အကြာတွင် ယခုတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# ဂျပန်ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ပါဝင်ပြသနိုင်ရေး ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်း

**နေပြည်တော် စက်တင်ဘာ ၂**

JATA Tourism Expo 2017 တွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ပါဝင်ပြသနိုင်ရေးအတွက် ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ Inya Lake Hotel ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် တက်ရောက်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုပြုလုပ်သည့် အစည်းအဝေးသည် ပဉ္စမအကြိမ်အစည်းအဝေးဖြစ်ပြီး ယခင်အစည်းအဝေးများတွင် ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြပြီးဖြစ်ကြောင်း၊ ယခင်အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်မှုများ၊ လိုအပ်သည်များကို ယခုအစည်းအဝေးတွင် တင်ပြဆွေးနွေးကြရန်ဖြစ်ကြောင်း၊ နောင်တွင်လည်း ယခုကဲ့သို့ ခရီးသွားပြပွဲများတွင် စည်းစည်းလုံးလုံးဖြင့် အောင်မြင်စွာပြသနိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြပွဲစီမံခန့်ခွဲမှုကိစ္စရပ်များ၊ ငွေရေးကြေးရေး စီမံခန့်ခွဲမှုကိစ္စရပ်များကို စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ခရီးသွားလုပ်ငန်းမှာ တိုးတက်လျက်ရှိသည့် အချိန်ဖြစ်သည့်အတွက် စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ကြောင်း ပြောကြားသည်။



ယင်းနောက် ကယားပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်၊ ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးဝင်းသန်းက မြန်မာနိုင်ငံကိုယ်စားပြုပြခန်းများ ပြသနိုင်ရေးပြင်ဆင်ထားမှုအခြေအနေများကို တင်ပြသည်။

ယင်းနောက် စတုတ္ထအကြိမ်အစည်းအဝေးမှ ဆွေးနွေးချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများ၊ Myanmar Tourism Promotion Seminarနှင့် Myanmar Tourism Infrastructure Seminar တို့နှင့်ပတ်သက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများက တင်ပြကြသည်။

ယင်းနောက်ရန်ကုန်မြို့ရှိ ရာနှုန်းပြည့်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဟိုတယ်များမှ တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီးက JATA Tourism Expo 2017 တွင် မြန်မာပြခန်း အောင်အောင်မြင်မြင် ခမ်းခမ်းနားနား ပြသနိုင်ရေးဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စျေးကွက်မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့မှ ပြပွဲနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ စာအုပ်ထုတ်ဝေရေးကိစ္စရပ်များ၊ အသုံးစရိတ်ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက JATA Tourism Expo 2017 တွင် မြန်မာနိုင်ငံမှ ပြသမည့်ပြခန်းများ၊ ဓာတ်ပုံပြပွဲ၊ ယဉ်ကျေးမှုအကများနှင့် ရိုးရာအစားအစာများ တင်ဆက်ပြသနိုင်ရေး အဆင်ပြေချောမွေ့စေရန်နှင့် နိုင်ငံပုံရိပ်ကိုမြှင့်တင်နိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး အသုံးစရိတ်များကို လိုအပ်သည့်နေရာများတွင် စနစ်တကျသုံးစွဲကြရန်မှာကြားခဲ့သည်။

ယခုအစည်းအဝေးတွင် တက်ရောက်လာသူများက ပြပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ပြပွဲတွင်ပြသမည့် ယဉ်ကျေးမှု အဆို၊ အကများ၊ ရှင်းလင်းပြသမည့် Power Point များနှင့်ပတ်သက်၍ ကြည့်ရှုအတည်ပြုကြသည်။

အဆိုပါ JATA Tourism Expo 2017ကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက် အထိ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆည်ရေသောက်စနစ်လေးခုတွင် ကမ္ဘာ့ဘဏ်၏ စိုက်ပျိုးရေးကဏ္ဍ အထောက်အကူပြုစီမံကိန်းဖြင့် ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်ရေသောက်စနစ်လေးခုတွင် ကမ္ဘာ့ဘဏ်၏ စိုက်ပျိုးရေးကဏ္ဍ အထောက်အကူပြုစီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် လျာထားသည့် ဆည်ရေသောက်စနစ်များ၏ လက်ရှိပကတိအခြေအနေများ၊ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် စီမံကိန်းတွင်ပါဝင်ဆောင်ရွက်မည့်သူများ၏ သဘောထားအမြင်များ၊ ဆောင်ရွက်မည့်လုပ်ငန်းများတွင် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများအပြင် ရှေ့လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်နိုင်ရန်အတွက် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် Korea Rural Community (KRC) Jv Consultant ၏ အတိုင်ပင်ခံအဖွဲ့တို့ ပူးပေါင်းပြီး ကနဦးအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လကုန်ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ကျင်းပသည်။

အဆိုပါ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း (Agricultural Development Support Project (ADSP))၏ ကနဦးအလုပ်ရုံဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုကျော်က အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်အတိုင်ပင်ခံအဖွဲ့မှ ကျွမ်းကျင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။ **သန်းဦး (လေးမျက်နှာ)**



**ARSA အစွန်းရောက်အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် နေရပ်မှခေတ္တစွန့်ခွာကာ စုရပ်များသို့ရောက်ရှိနေသော တိုင်းရင်းသားပြည်သူများအတွက် ONE MORE အဖွဲ့မှ ကူညီထောက်ပံ့လှူဒါန်းသော ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က မောင်တောခရိုင်အုပ်ချုပ်ရေးမှူးထံ စက်တင်ဘာ ၁ ရက်က လွှဲပြောင်းပေးအပ်စဉ်။** (သတင်းစဉ်)

# သိပ္ပံလက်တွေ့နှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားရေး သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂**

ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများအတွက် သိပ္ပံလက်တွေ့နှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားရေးသင်တန်း (အောက်မြန်မာပြည်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အထက(၂)စမ်းချောင်း၌ ပြုလုပ်သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂ ရက်မှ ၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အာကာသနှင့် စကြဝဠာကုမ္ပဏီက ရန်ကုန်တိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန ပညာရေးမှူးရုံး၏ လမ်းညွှန်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။



"အစိုးရက ညွှန်ကြားတဲ့နေရာတွေမှာ သင်တန်းပို့ချပေးတာဖြစ်ပါတယ်။ ဆရာ ဆရာမတွေကို သင်တန်းပို့ချပေးတာပါ။ ဒီသင်တန်းမှာ ထိုင်းနိုင်ငံတက္ကသိုလ်က ရူပဗေဒဆရာကြီးတစ်ယောက်၊ ဓာတုဗေဒဌာနက ပါမောက္ခအငြိမ်းစားဆရာကြီး တစ်ယောက်ပါတယ်။ ကျွန်တော်ကတော့ အာကာသနဲ့ ဇီဝဗေဒအကြောင်းကို ဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု အာကာသနှင့် စကြဝဠာ သင်ထောက်ကူပစ္စည်း ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသန့်ထူးအောင်က ပြောသည်။

အာကာသနှင့်စကြဝဠာ သင်ထောက်ကူပစ္စည်းကုမ္ပဏီအနေဖြင့် ဩဂုတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် အခြေခံပညာဦးစီးဌာန (အထက်မြန်မာပြည်)တွင် သင်တန်းပို့ချခဲ့ကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံ ဗန်ကောက်ဘဏ်နှင့် ချိတ်ဆက်ကာ တစ်နှစ်လျှင် စာသင်ကျောင်းပေါင်း ၁၀၀ ကို ဓာတုဗေဒနှင့်ပတ်သက်သည့် သင်ထောက်ကူပစ္စည်းများနှင့် နည်းပညာများ အကူအညီပေးလေ့ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းပေါင်း ၁၈ ကျောင်းသို့ သိပ္ပံနှင့်လက်တွေ့သင်ထောက်ကူ ပစ္စည်းတစ်စုံစီ လှူဒါန်းသွားမည်ဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

အထက(၂)စမ်းချောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြငြိမ်းက "သင်ထောက်ကူပစ္စည်းတွေ သုံးတဲ့အတွက် ကလေးတွေသင်ခန်းစာကို ပိုစိတ်ဝင်စားလာမယ်။ သိပ္ပံနဲ့ဆိုင်တဲ့ လက်တွေ့ပဲဖြစ်ဖြစ်၊ ပတ်ဝန်းကျင်ပဲဖြစ်ဖြစ် ဒါကိုတွဲဖက်ပြီးသင်ကြားခြင်းဖြင့် သင်ခန်းစာကို ပိုပြီးစွဲမြဲသွားစေမှာပါ။ ဒါကြောင့် သင်ထောက်ကူပစ္စည်းအသုံးပြုမှုက အရေးပါပါတယ်။ ဒီသင်တန်းက ကျွန်မတို့ကျောင်းတွေအတွက် အသုံးဝင်တဲ့ သင်တန်းပဲဖြစ်ပါတယ်။ ဆရာ ဆရာမတွေအနေနဲ့ သင်တန်းပြီးသွားတဲ့အခါမှာ ဒီပစ္စည်းတွေ ဘယ်လိုသုံးရတယ်၊ သင်ခန်းစာနဲ့ ဘယ်လိုချိတ်ဆက်မှုရှိတယ်ဆိုတာ နေ့စဉ်သင်ကြားတဲ့အခါမှာ ထည့်သွင်းသင်ကြားပေးမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကာလ နှစ်ရက်တာအတွင်း ၂၀ ရာစုပညာရေးနှင့် ကျောင်းသားဗဟိုပြု သင်ကြားရေးအကြောင်းအရာများ၊ ဓာတုဗေဒဆိုင်ရာ၊ ရူပဗေဒဆိုင်ရာ၊ ဇီဝဗေဒဆိုင်ရာ၊ အာကာသ၊ စကြဝဠာနှင့်ဆိုင်သော သင်ခန်းစာများကို သင်ထောက်ကူပစ္စည်းများ ကိုင်တွယ်ပုံတို့ကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက ရှင်းလင်းပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့(အောက်မြန်မာပြည်)အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၄၈ ဦး၊ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများမှ ဆရာ ဆရာမ ၁၇ ဦး စုစုပေါင်း ၆၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# စပယ်ယာခေတ် ကုန်တော့မည့် YBS

**ရန်ကုန် စက်တင်ဘာ ၂**
YBS ယာဉ်လိုင်းများအားလုံး ဇူလိုင် ၂၀ ရက် နောက်ဆုံးထားကာ ယာဉ်စီးခ ထည့်သွင်းသည့် ငွေထည့်ပုံး (Cash Box) များ တပ်ဆင်ဆောင်ရွက်ရမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က စတင်ညွှန်ကြားလိုက်ပြီးနောက် ဇူလိုင် ၂၁ ရက်မှ စတင်ကာ YBS ယာဉ်လိုင်းအများစုတွင် ငွေထည့်ပုံး(Cash Box)များ တပ်ဆင်အသုံးပြုလာကြသည်။ ယာဉ်လိုင်းအချို့အနေဖြင့် ငွေထည့်ပုံး တပ်ဆင်အသုံးပြုလာခြင်းနှင့်အတူ ယာဉ်နောက်လိုက်ခေါ် စပယ်ယာကို လိုက်ပါစေခြင်းမရှိတော့ဘဲ ယာဉ်မောင်းတစ်ဦးတည်းဖြင့်သာ ခရီးသည်ပို့ဆောင်ရေးကို ဝန်ဆောင်မှုပေးစေသည်ကို တွေ့ရသည်။ အချို့ယာဉ်လိုင်းများတွင်မူ ယာဉ်နောက်လိုက်များ ဆက်လက်ထားရှိနေရဆဲပင်ဖြစ်သည်။

လက်ရှိ တိုင်းဒေသကြီးအစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီတို့က တင်သွင်းလာခဲ့သည့် ဘတ်စ်ကားသစ်များအနေဖြင့် ငွေထည့်ပုံးစနစ်ကို ဆောင်ရွက်သည်မှာ အဆင်ပြေမှုရှိသော်လည်း ယခင် ကားဟောင်းများတွင်မူ ယာဉ်မောင်းတစ်ဦးတည်းဖြင့် ဝန်ဆောင်မှုပေးရန် မလွယ်ကူသေးဘဲ ယာဉ်နောက်လိုက် သို့မဟုတ် ယာဉ်အကူတစ်ယောက် ထားရှိမှသာ အဆင်ပြေသည်ဟု သိရသည်။ အဆိုပါ ကားဟောင်းတချို့မှာ တံခါးအဖွင့်အပိတ် အော်တိုစနစ်များ မကောင်းတော့ခြင်း၊ အချို့သော ကားဟောင်းများသည် ဂျပန်ကားဟောင်း ညာမောင်းယာဉ်များဖြစ်သဖြင့် ခရီးသည် အတက်၊အဆင်း တံခါးပေါက်များကို မြန်မာနိုင်ငံ ယာဉ်ကြောစနစ်နှင့် ကိုက်ညီမှုရှိစေရန်အတွက် အသစ်ပြန်ဖောက်ထားရသောကြောင့် လူတစ်ယောက်က အဖွင့်အပိတ် ပြုလုပ်မှသာ အဆင်ပြေနိုင်မည်ဖြစ်သည်။ ယင်းကြောင့် ထိုသို့သော ယာဉ်များတွင် ယာဉ်အကူတစ်ယောက် လိုက်ပါခွင့်ပြုထားသော်လည်း ယာဉ်စီးခကိုမူ ၎င်းအား ကောက်ခံသိမ်းဆည်းခွင့်မပြုပေ။ အဓိကအားဖြင့် ခရီးသည်များကိုယ်တိုင် ယာဉ်စီးခကို အတိအကျဖြင့် စနစ်တကျ ပေးအပ်သော အလေ့အထ ဖြစ်ထွန်းအောင်မြင်စေရန်နှင့် ကတ်စနစ် မစတင်မီတွင် ယာဉ်နောက်လိုက် (သို့မဟုတ်) စပယ်ယာစနစ် ပပျောက်သွားစေရန်ပင် ဖြစ်သည်။

ယင်းသို့ စပယ်ယာစနစ် ပပျောက်သွားစေရန် ဆောင်ရွက်မှုသည် အဆိုပါ လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူတို့အတွက် ရပ်တည်မှု အခက်အခဲရှိသည်ဟုဆိုကာ ပြီးခဲ့သည့် ဇူလိုင် ၂၀ ရက်က YBS ယာဉ်လုပ်သား ၁၅၀ ခန့် ဆန္ဒဖော်ထုတ်ခဲ့ကြသည်များ ရှိခဲ့သည်။ သို့ရာတွင် နေ့စဉ် ဘတ်စ်ကားစီး ခရီးသည်များအနေဖြင့် ယာဉ်လုပ်သားများ၏ အလုပ်အကိုင်အခွင့်အလမ်းကို နားလည်သဘောပေါက်သော်လည်း စပယ်ယာဟူသော ဝန်ဆောင်မှုကို ဘတ်စ်ကားစီးနင်းရာတွင် လက်ခံလိုခြင်း မရှိဟုသာ ခရီးသည်အများစုက ဖြေကြသည်။ အော်ဟစ် ဆူပူ ဆဲဆိုသံများနှင့် ရန်လိုသည့်အပြုအမူများကို လက်ခံလိုခြင်းမရှိတော့ဘဲ နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးစနစ်များကဲ့သို့ပင် ယာဉ်စီးခကို ကိုယ်တိုင်ပေးချေသည့်စနစ်ကို အများစုက လက်ခံကြိုဆိုကြသည်။ ယာဉ်စီးခကို ကိုယ်တိုင်ပုံးထဲထည့်သွင်းသည့်စနစ်သည် ငွေအကြွေအခက်အခဲရှိပြီး ကတ်စနစ်ဖြင့် ယာဉ်စီးခ ပေးချေခြင်းကို အမြန်ဆုံး အကောင်အထည်ဖော်စေလိုကြသည်။ လက်ရှိတွင် ယာဉ်လိုင်းအချို့က ဘတ်စ်ကားမှတ်တိုင်များနှင့် ယာဉ်ပေါ်တွင် ငွေအကြွေ လိုက်လံလဲလှယ်ပေးခြင်းကို ဆောင်ရွက်ပေးနေပြီး ဘတ်စ်ကားစီး ခရီးသည်များ ယာဉ်စီးခငွေ အတိအကျပေးစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။

ထိုသို့ ဘတ်စ်ကားစီးခရီးသည် အများစုက စပယ်ယာစနစ်ကို လက်ခံခြင်း မရှိကြသလို တစ်ဖက်တွင်လည်း မိမိစီးနင်းသည့် ယာဉ်စီးခကို အတိအကျပေးခြင်းဖြင့် YBS စနစ် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်သည်။ ငွေထည့်ပုံးထဲတွင် ငွေစက္ကူအစုတ်များထည့်သွားခြင်း၊ ယာဉ်စီးခကို အပြည့်အဝမပေးခြင်းများ ရှိနေဆဲဖြစ်သည့်အတွက် ယာဉ်လိုင်းများတွင်လည်း ယာဉ်စီးခအပြည့်အဝ မရရှိသည့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်ဟု သိရသည်။ ထိုသို့သော အခက်အခဲများသည် ကတ်စနစ်ဖြင့် ယာဉ်စီးခ ပေးဆောင်သည့်စနစ် အကောင်အထည်ဖော်သည့်အခါ လျော့နည်းပပျောက်သွားနိုင်သော်လည်း လက်ရှိတွင် ကတ်စနစ်ကို စတင်အကောင်အထည်ဖော်ရန်အတွက် တင်ဒါခေါ်ယူနေဆဲ အနေအထားပင် ရှိသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တင်ဒါစတင်ခေါ်ယူမှုကို ဩဂုတ် ၉ ရက်က စတင်လိုက်ပြီး တင်ဒါအဆိုပြုလွှာ(ပထမအဆင့်)ကို ယင်းနေ့တွင် စတင်ရောင်းချခဲ့သည်။ အဆိုပါ အဆိုပြုလွှာ (ပထမအဆင့်)ကို ဩဂုတ် ၂၅ ရက်တွင် စတင်လက်ခံသွားမည်ဖြစ်ပြီး ယင်းကို နောက်ဆုံးလက်ခံမည့်ရက်အဖြစ် စက်တင်ဘာ ၁၆ ရက်ကို သတ်မှတ်ထားကြောင်း သိရသည်။ အဆိုပါ တင်ဒါခေါ်ယူမှုကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)နှင့် Yangon Payment Services(YPS) ၏ ကတ်စနစ်ဖြင့် ငွေပေးချေမှု လုပ်ငန်းဝန်ဆောင်မှုအတွက် ကတ်များကို (၁) ထုတ်လုပ်ဖြန့်ဝေရေးလုပ်ငန်း၊ (၂) ဝယ်ယူရရှိနိုင်ရေးလုပ်ငန်းနှင့် (၃) ငွေပြန်ဖြည့်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် လုပ်ကိုင်လိုသော မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများ(သို့မဟုတ်) မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ တင်ဒါတင်သွင်းနိုင်ကြောင်း သိရသည်။

အဆိုပါ ကတ်စနစ်ဆောင်ရွက်မှုသည် နိုင်ငံတကာတွင် အသုံးပြုနေသကဲ့သို့ ဘတ်စ်ကား၊ ရထား စသည့် ယာဉ်စီးခပေးချေမှုတို့တွင် စံသတ်မှတ်ချက်နှင့်အညီ တစ်ပြေးညီ အသုံးပြုနိုင်သည့်စနစ် ဖြစ်ရန်လိုအပ်ပြီး YBS ယာဉ်လိုင်းအားလုံးတွင် တစ်ပြေးညီ အသုံးပြုနိုင်ရန်နှင့် လုံခြုံရေးစနစ် ကောင်းမွန်ရန် လိုအပ်ကြောင်း မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသူများက အကြံပြုသည်။ လက်ရှိတွင် စပယ်ယာစနစ်မှ ကိုယ်တိုင်ငွေထည့်ပုံးထဲသို့ ငွေထည့်သည့်စနစ်၊ ယင်းမှတစ်ဆင့် ကတ်စနစ်ဖြင့် ယာဉ်စီးခ ပေးချေသည့်စနစ် စသည်ဖြင့် YBS စနစ် အပြောင်းအလဲ၏ တစ်ဆင့်ချင်း ပြောင်းလဲလာမှုတွင် အခက်အခဲများ၊ အဆင်မပြေမှုများစွာ ရှိနေဦးမည်ဖြစ်သော်လည်း စပယ်ယာဟူသော ဝေါဟာရမှာ ပျောက်ကွယ်သွားတော့မည်ဖြစ်ပြီး စပယ်ယာခေတ် ကုန်တော့မည်ဟု ဘတ်စ်ကားစီး ခရီးသည်များက သုံးသပ်ကြသည်။ ထို စပယ်ယာလူတန်းစား အခြေခံ အလုပ်သမားများအနေဖြင့်လည်း ယခင်က နေ့စဉ် အလုပ်ချိန် ၁၅ နာရီ၊ ၁၆ နာရီခန့် ပင်ပန်းကြီးစွာဖြင့် အလုပ်လုပ်ကိုင်နေရမှုထက် ခရီးသည်များကို ဝန်ဆောင်မှုပေးသော ယာဉ်အကူအနေဖြင့် ယာဉ်လိုင်း ကုမ္ပဏီများက ပြန်လည်ခန့်အပ်ပေးခြင်း၊ အချို့သောသူများမှာ ယာဉ်မောင်းနှင်မှု အခြေခံရှိသောကြောင့် ယာဉ်မောင်းသင်တန်းများ တက်စေကာ YBS တွင် လိုအပ်ချက်ရှိနေသည့် ကျွမ်းကျင်ယာဉ်မောင်းများအဖြစ် ပြန်လည်ဝင်ရောက်စေ၍ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုစစ်စစ်ကို လုပ်ကိုင်စေခြင်းဖြင့် ၎င်းတို့အား အလုပ်လက်မဲ့ မဖြစ်ပေါ်စေဘဲ YBS အပြောင်းအလဲတွင်လည်း အကျိုးရှိစေမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများက သုံးသပ်သည်။

ထိုသို့သော အပြောင်းအလဲများဖြင့် YBS စနစ်သစ်တွင် ယာဉ်မောင်းများ၏ ကျွမ်းကျင်လိမ္မာမှု၊ စိတ်ရှည်သည်းခံမှုတို့သည် အဓိကကျသည်သာမက ခရီးသည်တစ်ဦးချင်းစီ၏ ယာဉ်စီးခကို အတိအကျ ပေးဆောင်သည့် အလေ့အကျင့်နှင့် ပူးပေါင်းပါဝင်မှုသည် အဓိကကျမည် ဖြစ်သည်။ ကိုယ်တိုင်ငွေထည့်သည့် စနစ်မှ ကတ်စနစ်ဖြင့် ယာဉ်စီးခပေးဆောင်သည့် စပယ်ယာခေတ်လွန် YBS အပြောင်းအလဲကို ရန်ကုန်မြို့နေ ဘတ်စ်ကားစီး ခရီးသည်များက စောင့်မျှော်လျက်ရှိသည်။

**(ဆုနှင်းလဲ့)**

# ကန်မြဲ-ဇဂျမ်း ကျေးရွာအဝင်ကျောက်ချောလမ်း ပျက်စီးနေမှု ပြုပြင်ပေးစေလို

**တောင်သာ စက်တင်ဘာ ၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကန်မြဲ-ဇဂျမ်းကျေးရွာအဝင်မြေသားလမ်းအရှည် ခုနစ်မိုင်ခန့်မှာ မော်တော်ယာဉ်ကြီးများ မောင်းနှင်အသုံးပြုသည့်အပြင် မိုးရေတိုက်စားမှုကြောင့် ကျောက်သားများပေါ်နေသောကြောင့် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ သွားလာရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ယင်းကျေးရွာရှိ ဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့ ကန်မြဲ-ဇဂျမ်းကျေးရွာအဝင်မြေသားလမ်းကို နိုင်ငံတော်မှ ကျေးလက်နေပြည်သူတွေနဲ့ ခရီးသွားပြည်သူတွေ ရာသီမရွေးသွားလာမှု လွယ်ကူစေဖို့အတွက် ကျောက်ချောလမ်းအဆင့် တိုးမြှင့်ခင်းကျင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါပေမယ့် ဒီလမ်းက အခုတော့ တော်တော်လေးကို သွားလာရဆိုးနေပါပြီ။ ဒီလို လမ်းပျက်စီးမှုတွေဖြစ်လာရတာဟာ ကုန်တင်ယာဉ်ကြီးတွေ သွားလာမှုများတာကြောင့်ရယ်၊ မိုးရေတိုက်စားမှုတွေကြောင့် လမ်းပျက်စီးမှုဖြစ်ပေါ်နေရတာပါ။ ဒါ့အပြင် ဆယ်ဘီးကားကြီးတွေကလည်း မြင်းခြံကနေတစ်ဆင့် ကျွန်တော်တို့ ကန်မြဲ-ဇဂျမ်းကျေးရွာအဝင်ကျောက်ချောလမ်းအတိုင်း မောင်းနှင်သွားလာနေတာတွေလည်း မကြာခဏ မြင်တွေ့နေရပါတယ်။ ဒီလမ်းကို ငါ့သရောက်မြို့က ဗိုလ်ချို-မန်းနဲ့ ငါ့သရောက်-မန်းကားတွေလည်း သွားလာအသုံးပြုနေတာပါ။ ဒါပေမယ့် အဲဒီကားတွေက ကားသေးတွေဆိုတော့ လမ်းပျက်စီးမှုမဖြစ်စေဘူး။ အခုဆိုရင် လမ်းကပျက်စီးနေတော့ မော်တော်ယာဉ်တွေနဲ့ မော်တော်ဆိုင်ကယ်တွေလည်း သွားလာလို့ အဆင်မပြေပါဘူး။ ဒါကြောင့် ကျွန်တော်တို့ကျေးရွာအဝင်ကျောက်ချောလမ်းကို ရာသီမရွေးသွားလာနိုင်အောင် အသစ်ပြန်လည်ပြုပြင်ပေးစေချင်ပါတယ်" ဟု ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

■





# ချင်းတွင်းတံတား(ဟုမ္မလင်း) သံပေါင်များ စတင်တပ်ဆင်

**မုံရွာ စက်တင်ဘာ ၂**
ချင်းတွင်းတံတား(ဟုမ္မလင်း)ကို တံတားအထူးအဖွဲ့(၂) မုံရွာက ၂၀၁၆ ခုနှစ် ဩဂုတ် ၂၁ ရက်မှ စတင်၍ ဟုမ္မလင်းမြို့နယ် တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းပေါ်တွင် တည်ဆောက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်တွင် သံပေါင်များစတင်တပ်ဆင်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း ဟုမ္မလင်းမြို့နှင့် အနောက်ဘက်ကမ်း ကက်သာကျေးရွာတို့ကို ချင်းတွင်းတံတား(ဟုမ္မလင်း)ဖြင့် ချိတ်ဆက်နိုင်ရန် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်ချက်နဲ့ ချင်းတွင်းတံတား(ဟုမ္မလင်း)ကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၁ ရက်ကစပြီး ပန္နက်တင်တွင်းတော်ဝန်းမင်္ဂလာလုပ်ငန်းတွေနဲ့ စတင်ခဲ့တာ ဟုမ္မလင်းဘက်ကမ်းချဉ်းကပ်တံတားတိုင် H1,H2,H4,H5,H6 နဲ့ ပင်မတံတား RP4, RP7ဘိုးပိုင်လုပ်ငန်းတွေကို တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ပြီး အခု စက်တင်ဘာ ၂ ရက်မှာ တံတားသံပေါင်တွေကို စတင်တပ်ဆင်တာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့တာဝန်ရှိသူက ပြောသည်။

သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး သံကူကွန်ကရစ်ကမ်းကပ်ခုံနှင့် ကိုယ်ထည်ဖြစ်ကာ တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး အရှည် ၈၄၂ မီတာ၊ အကျယ် ၁၀ ဒသမ ၂ မီတာရှိကာ သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။

တံတားခန်းဖွင့်အကျယ်သည် မီတာ ၂၀ ရှိ ၁၂ ခန်း၊ မီတာ ၁၂၀ ရှိ လေးခန်းနှင့် မီတာ ၆၀ ရှိ အခန်း နှစ်ခန်း စုစုပေါင်း ၁၈ ခန်း ပါရှိမည်ဖြစ်ကာ တံတား၏ခံနိုင်ဝန်သည် ၇၅ တန်ဖြစ်ပြီး တံတားကင်းလွတ်အမြင့်မှာ ၁၂ မီတာနှင့် တံတားကင်းလွတ်အကျယ်သည် ၁၀၅ မီတာ ရှိမည်ဖြစ်ကြောင်း သိရသည်။

**(သံတိုင်ထွန်း)**

# သတ္တဝါများကို ကြင်နာကြပါ

ခင်မောင်အေး(မန္တလေး)

သက်သတ်လွတ်စားသည့် ညီမတစ်ယောက် အမျိုးထဲမှာရှိနေသည်။ ငယ်စဉ်ကလေးဘဝအချိန်မှစတင်၍ မည်သည့်အသား၊ ငါးမှကျွေးလို့မစား။ (နွားနို့၊ နို့မှုန့်စသည်) အသီးအရွက်ကြော်တို့နှင့် ကျွေးမှစားသည်။ အရွယ်ရောက်လာသည့်အချိန်တွင် အသား၊ငါးကို လုံးဝမတို့မထိတော့။ အသီးအရွက်ကျတော့ ကြိုက်သည်။ သို့စေကာမူ ကျန်းမာရေး အလွန်ကောင်းသည်။ ကျောင်းပညာလည်း တော်သည်။ အတန်းတိုင်း ပ၊ ဒု၊ တ နေရာမှ မဆင်း။ ပညာတတ်ဘွဲ့ရတော့လည်း ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သည်။

ဆရာဝန်မလုပ်ဘဲ ကျောင်းဆရာမဝင်လုပ်သည်။ ဘာသာရေးကိုလည်း လေးစားလိုက်နာသည်။ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သည်။ တချို့က သက်သတ်လွတ်စားတာ အားဘယ်ဖြစ်ပါ့မလဲ ဆိုကြပေမယ့် သူကတော့အားအင်ချည့်နဲ့မသွားချေ။ ဝဝဖြိုးဖြိုး တောင့်တောင့်တင်းတင်းနှင့် အသက်ရှည်ကြပါသည်။ တစ်ကမ္ဘာလုံးတွင် အသားစားနည်းသူ၊ လုံးဝမစားသူများကား သက်တမ်းရှည်ပါသည်။ ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံး လူမျိုးက ဘူဂေးလ်ရီးယားလူမျိုးများ ဖြစ်သည်။ အသားစားသုံးသည့် လူမျိုးတို့က အသက်တိုသည်။ ကမ္ဘာဦးအစ လူသားတို့သည် မူလက အသားစားသတ္တဝါတို့၏ အသွင်သဏ္ဍာန်နှယ် မွေးဖွားလာခြင်း မဟုတ်ချေ။ လူ၏သွားနှင့် အသားစားသတ္တဝါတို့၏ သွားတို့ မတူကြ။ လူ၏အူနှင့် သတ္တဝါတို့၏အူတို့လည်း မတူကြချေ။ လူက သား၊ငါးစားသလို သစ်သီး၊ သစ်ဥ၊ အရွက်အသီး စားကြသည်။ ရရှိသည့် အစာပေါ်မူတည်သည်။ လူ့သမိုင်းကိုပြန်ကြည့်လျှင် လူတို့က သားကောင်များကို သုတ်သင်သတ်ဖြတ်ပြီး အောင်သေအောင်သားအဖြစ် စားသုံးလာကြခြင်းဖြစ်၏။ ယခု သုတေသနပညာရှင်များ၏ သုတေသနစစ်တမ်း ကောက်ယူချက်အရ ကမ္ဘာပေါ်ရှိ လူဦးရေလေးပုံ၊ သုံးပုံခန့် အသားစားသုံးကြခြင်း မရှိပါချေ။

ယင်းကိုထောက်ရှုလျက် လူတို့၏ အသက်ရှင် ရပ်တည်ရေးအတွက် အသား၊ ငါးသည်မရှိမဖြစ်လိုအပ်သော ဒြပ်ပေါင်း ပစ္စည်းတစ်ခုမဟုတ်ပေ။ သက်သေတစ်ခုပြစရာ ရှိနေပါသည်။ အင်္ဂလန်နိုင်ငံတွင် သက်တမ်း (၇၀) အရွယ် ပုဂ္ဂိုလ်တစ်ဦး၏ ခန္ဓာကိုယ်မှ အရိုးအဆစ်များသည် အသက်( ၅၀) မျှသာရှိသေးသည့် ပုဂ္ဂိုလ်၏ အရိုးအဆစ်များထက် ပိုမိုသိပ်သည်း ကျစ်လျစ်ခိုင်မာကြောင်း တွေ့ရှိရသည်။

ကျန်းမာရေးရှုထောင့်မှ ကြည့်ပြန်လျှင်လည်း သက်သတ်လွတ်သမားများသည် အလွန်အမင်းဝဖြိုးနေခြင်းမရှိ၊ ဗိုက်ပူ ဗိုက်ရွဲတွေ ရာခိုင်နှုန်းတော်တော်များများ နည်းပါးလှပါသည်။ ထို့အပြင် အသားစားသုံးသူများထက် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အူမကြီးကင်ဆာ စသည်တို့ဖြစ်ပွားမှုနှုန်းလည်း လျော့နည်းသည်။ ကြောင့်ကြစိတ်များနှင့် သောကထွေထွေကြောင့် ဖြစ်ပေါ်တတ်သည့် ခေါင်းကိုက်၊ ဖျားနာ၊ အစာမကြေခြင်း၊ သည်းခြေကျောက်တည်ရောဂါဝေဒနာများလည်း လျော့ပါးသည်ကို တွေ့ရှိရပါသည်။

မိမိ၏ မိတ်ဆွေတစ်ယောက်အား "ဒီမှာ ကိုထွန်းအေး၊ ခင်ဗျားနေ့တိုင်း အာဆင်းနစ် တစ်ဇွန်းလောက်သောက်ကြည့်ပါလား"လို့များ ကျွန်တော် သွားပြောလိုက်လျှင် မိတ်ဆွေ ကိုထွန်းအေးတစ်ယောက် မည်မျှလောက် ဒေါသတကြီးဖြစ်သွားလိမ့်မည်လဲ မပြောတတ်နိုင်၊ စိတ်ဆိုးမာန်ဆိုးနှင့် ထပင် ထိုးလိုက်မည်ထင်သည်။

"အချင်းချင်းတွေပဲဟာ အရေးမပါတဲ့ မေးခွန်းလာမေးရသလား"ဟု အပြစ်တင်လည်း အသေအချာခံရဦးမည် မလွဲ။ အမှန်စင်စစ် ကိုထွန်းအေးတို့မိသားစုက အိမ်တွင် ထမင်း၊ ဟင်းချက်ပြုတ်မစားကြ။ ဆိုင်မှ ထမင်းချိုင့်လပေးနှင့် မှာစားကြသည်။ ထမင်းချိုင့်တွင် ဝက်သား၊ ကြက်သား၊ ဆိတ်သား၊ သားကြီးငါးကြီး တစ်ခွက်ခွက်တော့ပါလာသည်။ ချဉ်ရေဟင်းကဲ့သို့အရည်သောက်တစ်ခုခု၊ အသီးအရွက်ကြော် တစ်ခုခုတော့ ပါလိမ့်မည်ဖြစ်ပါသည်။ အသားစားသုံးသူအဖို့ နိစ္စဓူဝအာဆင်းနစ်တစ်ဇွန်း စားနေသည်နှင့် မခြားနားချေ။

ဝက်၊ ကြက်၊ အမဲ စသော တိရစ္ဆာန်တို့သည် သားသတ်ရုံနှင့် သားသတ်သမားထံသို့ နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် သွားကြရသည်မဟုတ်ပေ။ ပူပန်သောက ကြောင့်ကြများနှင့် လိုက်ပါသွားကြရသည်။ သားသတ်ရုံနှင့် သားသတ်သမားတို့ထံမှ တစ်ဖန် မြို့တကာ နယ်အနှံ့ အမဲဈေး၊ ကြက်ဈေး၊ ဝက်သားဆိုင်၊ နောက်ဆုံးတွင် အိမ်ရှင်မတို့၏ စားဖိုဆောင်များသို့ အသီးသီးရောက်ရှိသွားကြရသည်။ အိမ်ရှင်မတို့က မိမိတို့၏ စားဖိုဆောင်တွင် ဈေးမှဝယ်ယူလာခဲ့သည့် အသား၊ ငါးတို့ကို သန့်ရှင်းစင်ကြယ်စွာ ဆေးကြောခုတ်ထစ်လျက် ချက်ပြုတ်ပြီးသည့်တိုင်အောင် သတ်ဖြတ်သုတ်သင်ခံခဲ့ရသော တိရစ္ဆာန်တို့၏ တညီးညီးလောင်ကျွမ်း တောက်လောင်နေသည့် သောကပရိဒေဝမှ ဖြစ်ပွားပေါ်ပေါက်လာခဲ့သည့် အဆိပ်သင့် ဟော်မုန်းများက သတ္တဝါတို့၏ အသားများတွင် ကပ်၍ ကျန်ရစ်နေပေလိမ့်ဦးမည်။

ထို့အပြင် ယင်းတိရစ္ဆာန်တို့၏ အသားများတွင် အထွေထွေသော ရောဂါကာကွယ်ရေးအတွက် ထိုးနှံတိုက်ကျွေးထားသော ဓာတုဆေးများလည်း ပါရှိနေသည်။ ထိုသို့ တိရစ္ဆာန်များတွင် တိုက်ကျွေးထိုးနှံထားသည့် ဓာတုဒြပ်ပေါင်းများက တိရစ္ဆာန်တို့၏ အသားတွင် ကြွင်းကျန်နေဆဲပါ။ အသားကို စားလိုက်သူထံ ထိုဒြပ်ပေါင်းများက ရောက်ရှိလာပြန်သည်။ အချိန်ကာလတစ်ခုမျှ ကြာမြင့်လာသည့်အခါတွင်မူ လူတို့၏ ခန္ဓာကိုယ်အတွင်း မူလကပင် ရှိနေခဲ့သော ခုခံအားကောင်းသည့် ဗက်တီးရီးယားပိုးများက တိရစ္ဆာန်များ စားသုံးထိုးနှံထားခဲ့ပြီးဖြစ်သော ပဋိဇီဝဆေးများကိုပါ ခုခံကာကွယ်ရလေတော့သည်။ ဗက်တီးရီးယားများများလာခဲ့လျှင် ၉၆ ပါး ဝေဒနာများ ကပ်ငြိလာပေတော့မည်။

အသားမစား၊ အသီးအရွက်သာ စားသုံးကြသော သက်သတ်လွတ်သမားတို့အတွက်ကား ယင်းကဲ့သို့ ပြဿနာမျိုး ကြုံတွေ့ရလိမ့်မည်မဟုတ်ချေ။ မိမိဘာသာမိမိ အလိုအလျောက် အာယုဒီဃ အသက်ရှည်ဆေးကို မှီဝဲထားသည့်နှယ်ဖြစ်သည်။ မည်သို့ဆိုစေ တိရစ္ဆာန်များ၏ အသားကို စားသုံးခြင်းထက် သစ်သီး၊ သစ်ဥ၊ သစ်ဖု၊ ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းဖြင့် ပိုမိုကျန်းမာ အသက်ရှည်ကာ အကျိုးတရားများသည်ကို ကျွန်တော်တို့ မငြင်းနိုင်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတစ်နံတစ်လျား ဒေသအဝှမ်းတွင် ဟင်းသီး၊ ဟင်းရွက်ပေါင်း စုံလင်စွာရှိနေသည်။ ဘူး၊ ဖရုံ၊ သခွား၊ ပဲအမျိုးမျိုး၊ ကန်စွန်း၊ ချဉ်ပေါင်စသည်တို့အပြင် မြင်းခွာရွက်၊ ဟင်းနုနယ်ရွက်၊ ဆလတ်၊ ဂေါ်ဖီ စသည်ဖြင့် များပြားလှသည်။ နှစ်ရှည်သစ်ပင်ကြီးများမှလည်း သရက်၊ မန်ကျည်း၊ တမာ၊ ဒန့်သလွန်တို့လည်း ရှိသည်။ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ရုံးပတီ၊ ကညွတ်၊ မုန်လာဥနီ၊ မုန်လာဥတို့ကလည်း အာဟာရပေါကြွယ်ပါသည်။ လိုအပ်သမျှ ဗီတာမင်ကို ဖော်ပြပါ အသီးအရွက်တို့မှ ပြည့်ဝစုံလင်စွာရရှိနိုင်လေသည်။

အရည်ရွှမ်းသော အသီးများကား ဖော်ပြမကုန်နိုင်လောက်အောင် ပေါကြွယ်ဝပါသည်။ ကွဲကော၊ လိမ္မော်၊ ရှောက်ချို၊ ငှက်ပျော၊ သဘော်သီး၊ ပန်းသီး၊ သစ်တော်တို့တွင်လည်း ကစီဓာတ်အပြည့်အဝနှင့် ဖိုက်ဘာဓာတ်များပင် ပါဝင်နေပေသေးသည်။ ထို့ကြောင့် ခြေလေးချောင်းသား၊ သားကြီး၊ ငါးကြီးများ စားသုံးရန် မလိုအပ်သလောက်ပင်။

Vegetatrian (သက်လွတ်သက်ပယ်) ဟင်းသီးဟင်းရွက်များချည်းသာ စားသုံးကြခြင်းဖြင့် "သက်ရှည်ကျန်းမာ သက္ကရာဇ် ၂၀၀၀မှာ" ဟု ဆိုခဲ့သည့်အတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသားများအားလုံး အသက်ရှည် အနာကင်းကြပါစေကြောင်း ဆန္ဒမွန်ပြုလျက် ရေးသားလိုက်ရပါသည်။ ။

ကျန်းမာရေးရှုထောင့်မှ ကြည့်ပြန်လျှင်လည်း သက်သတ်လွတ်သမားများသည် အလွန်အမင်းဝဖြိုးနေခြင်းမရှိ၊ ဗိုက်ပူ ဗိုက်ရွဲတွေ ရာခိုင်နှုန်းတော်တော်များများ နည်းပါးလှပါသည်။ ထို့အပြင် အသားစားသုံးသူများထက် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အူမကြီးကင်ဆာ စသည်တို့ ဖြစ်ပွားခြင်းနှုန်းလည်း လျော့နည်းသည်။ ကြောင့်ကြစိတ်များနှင့် သောကထွေထွေကြောင့် ဖြစ်ပေါ်တတ်သည့် ခေါင်းကိုက်၊ ဖျားနာ၊ အစာမကြေခြင်း၊ သည်းခြေကျောက်တည်ရောဂါဝေဒနာများလည်း လျော့ပါးသည်ကို တွေ့ရှိရပါသည်။

## ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော် ဦးဆောင်သည့်အဖွဲ့ မောင်တောဒေသရှိ ယာယီတိမ်းရှောင်နေသူများအား အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့



**မောင်တော စက်တင်ဘာ ၂**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ခေတ္တထွက်ပြေးတိမ်းရှောင်ခိုလှုံနေကြသည့် ဒေသခံပြည်သူများအတွက် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဝေဠုကျော်နှင့် စာရေးဆရာ ဝေဟင်အောင် (စစ်တွေ) တို့ဦးဆောင်သည့် ဝေဠုကျော်ဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၃၀၀ ကျော်တန်ဖိုးရှိ အရေးပေါ်စားနပ်ရိက္ခာများကို ထောက်ပံ့ပေးခဲ့သည်။

ထောက်ပံ့ပေးမှုနှင့်ပတ်သက်ပြီး ကိုဝေဠုကျော်က "ဒီမှာ ထွေထွေထူးထူး ဖြစ်စဉ်တွေတော့မရှိပါဘူး။ ကျွန်တော့်ရဲ့အမြင်ကတော့ ဒေသခံပြည်သူတွေမှာ ထိတ်လန့်စိုးရိမ်မှုတွေ ရှိနေတာကို မြင်တွေ့ရပါတယ်။ လောလောဆယ် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ယာယီရှောင်တိမ်းနေရတဲ့ ဒေသခံပြည်သူတွေအတွက် လိုအပ်တဲ့ စားနပ်ရိက္ခာတွေ ထောက်ပံ့ပေးနေတာပါ"ဟု ပြောသည်။

ဝေဠုကျော်ဖောင်ဒေးရှင်းအဖွဲ့သည် ဩဂုတ် ၃၁ ရက်က မောင်တောမြို့နယ် သုံးမိုင်၊ လေးမိုင်ကျေးရွာတို့တွင် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများ၊ မောင်တောမြို့ မြို့မရပ်ကွက် မူလတန်းကျောင်းတွင် ခိုလှုံနေကြသည့် ဟိန္ဒူမိသားစုဝင်များအတွက် ဆန်နှင့် အခြားစားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ထို့အပြင် မောင်တောရှိ အလိုတော်ပြည့်ပရဟိတကျောင်းနှင့် ဘင်္ဂလားဒေ့ရှ် ဘုန်းတော်ကြီးကျောင်းများအတွက်လည်း စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဒေသလုံခြုံရေးအခြေအနေအရ သွားလာရန်ခက်ခဲသည့်နေရာများအတွက် ကျီးကန်းပြင်စခန်းသို့ လစာလာထုတ်သည့် မော်တော်ယာဉ်ဖြင့် ထောက်ပံ့ပစ္စည်းများ တင်ပို့ပေးခဲ့ကြောင်း၊ သွားလာ၍ရသည့် နေရာများသို့ သွားရောက်ထောက်ပံ့ပေးမှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဩဂုတ် ၂၅ ရက်က ရခိုင်ပြည်နယ်(မြောက်ပိုင်း) မောင်တောဒေသတွင် ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေအိမ်များမှ ခေတ္တထွက်ပြေးတိမ်းရှောင်၍ ယာယီစခန်းအသီးသီးတွင် ဝင်ရောက်ခိုလှုံနေထိုင်လျက်ရှိသော ဒေသခံပြည်သူများအတွက် ဝေဠုကျော်ဖောင်ဒေးရှင်းမှ ဩဂုတ် ၃၀ ရက်မှစတင်ပြီး လိုအပ်လျက်ရှိသည့် စားနပ်ရိက္ခာများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၃၁ ရက်အထိ ဆန်အိတ် ၁၃၀၀၊ အာလူး အိတ် ၅၀၊ ဆီပိဿာ ၁၀၀၊ ကြက်သွန်အိတ် ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ကျော်တန်ဖိုးခန့် ထောက်ပံ့လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်၊ မင်းထက်အောင်**


**ဓာတ်ပုံ - မောင်မွေး**

# မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအား သွားရောက်သတင်းရယူခဲ့သည့် ပြည်တွင်း၊ ပြည်ပ မီဒီယာတချို့၏ စကားသံများ

*ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ သတင်းများရယူရန် လာရောက်သည့် ပြည်တွင်း၊ ပြည်ပ မီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ရခိုင်ပြည်နယ်အတွင်း သတင်းရယူခဲ့ပြီး စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။*

*အဆိုပါ ပြည်တွင်း၊ ပြည်ပ မီဒီယာအဖွဲ့သည် ခရီးစဉ်အတွင်း ၎င်းတို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့ကြသည်။*


ဒေါ်အိအိတင်(ဖူဂျီတီဗွီ )


ကိုမိုးမြင့် (ဧရာဝတီသတင်းဌာန)


ဒေါ်ဆင့်ဆင့်အောင်(နီပွန်တီဗွီ)


ကိုနေထက်ဇော်ဝင်း(အဆာဟိရှင်ဘွန်း)


ကိုဇေယျာမော် (မဇ္ဈိမသတင်းဌာန)

**ဒေါ်အိအိတင်(ဖူဂျီတီဗွီ )**

အရင်တစ်ခေါက်သွားခဲ့တဲ့ ပြီးခဲ့တဲ့နှစ် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တုန်းက အကြမ်းဖက်သမားတွေရဲ့ လက်ထဲမှာ လက်နက်ဆိုလို့ တုတ်၊ ဓား လောက်ပဲပါတယ်။ အခုဖြစ်စဉ်က လက်လုပ်မိုင်းတွေ၊ ကားမိုင်းတွေ၊ တခြားလက်နက်တွေပါ ပါလာတဲ့အတွက်ကြောင့် ကျွန်မတို့ စိုးရိမ်ခဲ့တယ်။ အဲဒါကြောင့် ကျွန်မတို့အဖွဲ့ သွားချင်တဲ့နေရာတွေကို တာဝန်ရှိသူတွေက လုံခြုံရေးစီစဉ်ပေးတယ်။ ကျွန်မတို့သတင်းအဖွဲ့ လာမယ်ဆိုတာကို အကုန်လုံးကလည်း အံ့အားသင့်ကြတယ်။ ဒီလိုဖြစ်စဉ်တွေ ဖြစ်နေတဲ့အချိန်မှာ ဒီလိုသွားနိုင်တယ်ဆိုတာဟာ နယ်မြေလုံခြုံရေးကို ထိန်းချုပ်နိုင်တာကို ပြတာပဲဆိုပြီး ကျွန်မတို့လည်း သတ္တိရှိရှိနဲ့အားတင်းပြီး သွားရောက်သတင်းယူခဲ့တယ်။ မောင်တောဒေသ ဖြစ်စဉ်ဖြစ်ပွားတဲ့ နေရာတော်တော်များများကို သွားရောက်သတင်းယူနိုင်ခဲ့ပါတယ်။

ကျွန်မတို့ မောင်တောမြို့နယ် သုံးမိုင်၊ လေးမိုင်ကျေးရွာတွေအနားမှာရှိတဲ့ တိုင်းရင်းသားတွေ စုနေတဲ့ စခန်းတွေကို သွားရောက်သတင်းယူတဲ့အခါ အဲဒီမှာ မြိုတိုင်းရင်းသားတွေ၊ ရခိုင်တိုင်းရင်းသားတွေကို တွေ့လိုက်ရတော့ ကျွန်မတော်တော်စိတ်မကောင်းဖြစ်မိတယ်။ အဲဒီမှာ ကလေးတွေအနေဆင်းရဲ၊ အစားဆင်းရဲနဲ့ ကျောင်းလည်းမတက်ရ ဖြစ်နေတာတွေလည်း တွေ့ရတဲ့အတွက် စိတ်မကောင်းပါဘူး။ မောင်တောမြို့ပေါ်မှာဆိုရင် မြို့မဈေးကြီးက ပိတ်ထားတာတွေ့ရတယ်။ ရောင်းတဲ့သူတွေ မရှိကြတော့ ဈေးကြီးကလည်း ခြောက်ကပ်၊ မြို့ကြီးကလည်း ခြောက်ကပ်နေတော့ မြို့အင်္ဂါရပ်နဲ့မညီတဲ့အခါမျိုး မြင်တွေ့ရတဲ့အတွက် စိတ်မကောင်းပါဘူး။ အပြင်ဈေးတန်းမှာ တိုင်းရင်းသားဆိုင်ဆိုလို့ နည်းနည်းလေးပဲတွေ့ရတယ်။ ဒါပေမယ့်လည်း မြို့ရဲ့နေရာတိုင်းမှာတော့ လုံခြုံရေးအပြည့်ချထားတာ တွေ့ရတော့လည်း အားပြန်တက်မိတယ်။

ကျွန်မတို့ မောင်တောကအပြန် ဘူးသီးတောင်ဆေးရုံကို ဝင်တဲ့အခါမှာ အကြမ်းဖက်သမားတွေ လက်ထဲက သေနတ်ဒဏ်ရာနဲ့ အသက်ဘေးလွတ်လာတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ဆုံမေးမြန်းခဲ့တယ်။ သူပြောတဲ့စကားက ဟိန္ဒူဘာသာစကားဆိုတော့ ဆေးရုံက သူနာပြုဆရာမတစ်ယောက်က ဘာသာပြန်ပေးတယ်။ သူက ဖြစ်စဉ်ဖြစ်တုန်းက သူတို့ ဟိန္ဒူမိသားစုတွေနဲ့ ဆံပင်သွားညှပ်ပြီး အပြန်မှာ အကြမ်းဖက်မှုဖြစ်တယ်ဆိုတော့ ဆောက်လက်စ ခရိုင်တရားရုံး အဆောက်အအုံကြီးပေါ် ပြေးတက်သွားတယ်။ အဲဒီမှာအကြမ်းဖက်သမားတွေရောက်လာပြီး သူတို့ကိုဓားနဲ့ ခုတ်ပြီးသတ်တာလို့ဆိုတယ်။ အဲဒီအမျိုးသမီးကတော့ ရင်အုံကို သေနတ်မှန်ပြီး သွေးတွေနဲ့ လဲသွားခဲ့တယ်။ သူနဲ့ပါလာတဲ့ ကလေးတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်က စည်ပိုင်းကြီးထဲ ဝင်ပုန်းနေလို့ လွတ်လာကြတယ်လို့ သိရတယ်။

ဒီခရီးစဉ်ကို အခုလိုစီစဉ်ပေးတဲ့အတွက် ကျွန်မတို့အနေနဲ့လည်း တာဝန်ရှိသူတွေကို အများကြီး ကျေးဇူးတင်ပါတယ်။ ဒီဒေသမှာ ရိုက်ကူးထားတဲ့ ဖြစ်စဉ်အမှန်တွေကို ကျွန်မတို့ဌာနေကို ပြန်ရောက်ရင် ကမ္ဘာကသိအောင် ထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်။

**ကိုမိုးမြင့် (ဧရာဝတီသတင်းဌာန)**

အခုဖြစ်ပွားတဲ့ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဖြစ်စဉ် အခုလို ပူပူနွေးနွေး အချိန်မှာ ပြည်တွင်းပြည်ပ မီဒီယာတွေကို အစိုးရအနေနဲ့ သတင်းရယူနိုင်အောင် စီစဉ်ပေးတာ တော်တော်ကောင်းပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက လုံခြုံရေးပိုင်းဆိုင်ရာ အကန့်အသတ်ကြောင့်လားတော့ မသိဘူး။ သတင်းသွားယူရတဲ့အချိန်က နည်းတော့နည်းတယ်။ အချိန်မလောက်ဘူးဖြစ်နေတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ သူတို့ရဲ့အသံဖိုင်တွေရော၊ ဗီဒီယိုဖိုင်တွေရော ယူနေရတော့ အချိန်ယူရတယ်။ ပြီးတော့ တစ်ယောက်တည်းကိုပဲ ဝိုင်းမေးကြရတာထက် ကျန်တဲ့သူတွေကိုလည်း မေးဖို့လိုတယ်။ အထူးသဖြင့် ဟိန္ဒူဘာသာဝင်တွေရှိတဲ့ စခန်းတွေကို သွားတဲ့အခါမျိုးမှာ ဘာသာစကား အခက်အခဲရှိတယ်။ ဘာသာပြန်ပြီးယူရတော့ ပုံမှန်ငါးမိနစ်ဆို ကျွန်တော်တို့အချိန် ၁၀ မိနစ်လောက်ကြာတာမျိုးတွေလည်း ရှိတတ်ပါတယ်။

ဒါကြောင့် အစိုးရတာဝန်ရှိသူတွေဘက်က အခုလို အစီအစဉ်မျိုးဆိုရင် အချိန်ကို နည်းနည်းလောက် ပိုပေးသင့်တယ်လို့ မြင်တယ်။ ဒီလိုမျိုးစီစဉ်ရင် နည်းနည်းလိုအပ်ချက်တစ်ခုရှိတာက တကယ်ဖြစ်ပြီး ဆေးရုံတက်ရတဲ့သူတွေ၊ အကြမ်းဖက်မှုတွေကို ကြုံတွေ့ခံစားခဲ့ရတဲ့သူတွေ ဒီလူတွေရဲ့ ပြောကြားချက်ကို ကျွန်တော်တို့ တကယ် ထဲထဲဝင်ဝင် သိဖို့လိုတယ်။ ဥပမာ ဟိုတစ်နေ့က ဟိန္ဒူခြောက်ယောက် အသတ်ခံရတဲ့ ဖြစ်စဉ်လိုမျိုးမှာဆိုရင် အမျိုးသမီးတစ်ဦး မသေဘဲ ဆေးရုံတက်ပြီး ဆေးကုသနေတယ်လို့ သိရတယ်။ အဲဒါကြောင့် အဲဒီအမျိုးသမီး ဆေးကုသနေတဲ့ ဘူးသီးတောင်ဆေးရုံကို ဝင်ပေးဖို့ပြောခဲ့တယ်။ ခရီးစဉ်အစီအစဉ်ထဲမှာ မပါပေမယ့်လည်း တာဝန်ရှိသူတွေအနေနဲ့ အစီအစဉ်ကို ထပ်တိုးပြီး အားလုံးသွားရောက်သတင်းယူခွင့်ရတာမျိုးလည်း ရှိပါတယ်။

အကြမ်းဖက်သမားတွေက သတ်ပစ်လို့ သေပြီလို့ထင်ခဲ့ပြီး ထားခဲ့တဲ့ အမျိုးသမီးတစ်ဦး အသက်ရှင်ကျန်ရစ်ခဲ့တယ်။ အဲဒီအမျိုးသမီးပြောပြခဲ့တဲ့ တကယ့်ခံစားခဲ့ရတဲ့ ဖြစ်စဉ်တွေကို ကြားရတာကလည်း တော်တော်စိတ်ဝင်စားဖို့ကောင်းပါတယ်။ တကယ်ဖြစ်တဲ့နေရာတွေကို လိုက်ပြတာ အရေးကြီးသလို တကယ်တွေ့ကြုံခံစားခဲ့ရတဲ့သူတွေဆီက အသံတွေကလည်း အရေးကြီးပါတယ်။ ကျွန်တော် အားမရတာ တစ်ချက်က ဘူးသီးတောင်လို နေရာမျိုးမှာ သတင်းသမားတွေကို နေခွင့်ပေးသင့်တယ်လို့ မြင်တယ်။ ကျန်တာတွေကတော့ လိုက်ပို့ပေးတာတွေရော၊ ခရီးစဉ်စီစဉ်ပေးတာတွေရော အားလုံး အဆင်ပြေပါတယ်။

**ဒေါ်ဆင့်ဆင့်အောင်(နီပွန်တီဗွီ)**

မောင်တောကို အခုလိုလာပြီး သတင်းယူရတာ အဆင်ပြေပါတယ်။ စစ်တွေပြန်ရောက်တော့ ကိုယ့်အိမ်ကို ပြန်ရောက်လာသလို ဖြစ်သွားတယ်။ ဩဂုတ် ၃၁ ရက်က မောင်တောခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးကို ရောက်တဲ့နေ့မှာပဲ အဲဒီရုံးအနီးအနားမှာ မီးလာရှို့လို့ မီးတွေလောင်နေတာ တွေ့ရတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ရှင်းလင်းခဲ့ရတယ်။ ကျွန်မတို့ သွားကြည့်တဲ့အခါမှာ အိမ်တွေမှာ လူတွေမရှိကြဘူး။ သို့သော်လည်း မီးလင်းနေတာမျိုးတွေ၊ အသုံးအဆောင်အိတ်ကလေးတွေ တွေ့ရတော့ ဝင်လိုက်ထွက်လိုက်ပုံစံမျိုးတော့ ရှိတယ်လို့ ယူဆရတယ်။ သေနတ်ပစ်သံတွေလည်း ကြားရတယ်။ အဲဒီအချိန်တုန်းက စိုးရိမ်စိတ်တော့ရှိတာပေါ့။

ကျွန်မတို့ မောင်တောလာဖို့အတွက် ဘူးသီးတောင် ရောက်နေချိန်မှာ သုံးမိုင်ရွာမှာ တိုင်းရင်းသားငါးဦး အသတ်ခံရတယ်ဆိုတဲ့သတင်း ကြားရတော့ ကျွန်မတို့လည်း တော်တော်ကို စိတ်မကောင်းဖြစ်မိတယ်။ ရဲတပ်ဖွဲ့နဲ့တွေ့တော့ အတည်ပြုချက်ရလိုက်တယ်။ နောက်ပြီး ဟိန္ဒူဘာသာဝင်တွေ အသတ်ခံရတဲ့ ဆောက်လုပ်ဆဲ အဆောက်အအုံ နေရာကိုလည်း တွေ့ခဲ့ရတယ်။ နောက်ပြီး ရခိုင်တိုင်းရင်းသား စခန်းတွေကိုလည်း ရောက်ခဲ့တယ်။ ဟိန္ဒူဘာသာဝင်တွေနေတဲ့နေရာလည်း ရောက်ခဲ့တယ်။ ရခိုင်တိုင်းရင်းသားတွေက ဘာပြောလဲဆိုတော့ တပ်မတော်ကို အားကိုးပါတယ်။ အကြမ်းဖက်သမားတွေမရှိမှကို ဖြစ်မယ်လို့ပြောကြတယ်။

နောက်တစ်ခုက ရခိုင်တိုင်းရင်းသားတွေက သူတို့ရဲ့ကျန်းမာရေး အခြေအနေနဲ့ ပတ်သက်ပြီးတော့ ပြောတယ်။ ကျန်းမာရေးအခြေအနေကိုလည်း ပိုပြီးတော့ ကောင်းကောင်းမွန်မွန် ဖြစ်စေချင်တဲ့အကြောင်း ပြောတယ်။ ဟိန္ဒူဘာသာဝင်တွေရဲ့ စခန်းမှာလည်း သူတို့က ကျန်းမာရေးနဲ့ပတ်သက်ပြီး လိုအပ်တာတွေပြောတယ်။ ကျန်းမာရေးအတွက် ဆေးဝါးကလည်း နည်းတဲ့အကြောင်း၊ မီးမရှိတဲ့အကြောင်းတွေ ပြောတယ်။

ထပ်ပြီးတော့ မြိုတိုင်းရင်းသားတွေဆီကို သွားတော့လည်း သူတို့မှာ အစောင့်အရှောက်မရှိဘူး။ လူအင်အားကလည်း နည်းတဲ့အတွက် ကိစ္စရှိလာပြီဆိုရင် သူတို့တစ်တွေက ပြေးနေရတယ်လို့ ပြောတယ်။ အဲဒါကြောင့် သူတို့စခန်းတွေမှာ လုံခြုံရေးအခြေအနေအရ ကြာကြာမနေချင်ကြဘူး၊ ပြောင်းချင်ကြတယ်။ ပြောင်းတဲ့အခါမှာလည်း ရခိုင်တိုင်းရင်းသားတွေနဲ့ နီးစပ်တဲ့နေရာမှာ နေချင်တယ် ပြောတယ်။ သူတို့တွေက သူတို့ရဲ့ တောင်ယာအလုပ်တွေ လုပ်ဖို့အတွက် တစ်ယောက်ကို လယ်သုံးဧကနှုန်းနဲ့ လိုချင်ကြတယ်လို့ ပြောတယ်။

**ကိုနေထက်ဇော်ဝင်း(အဆာဟိရှင်ဘွန်း)**

ကျွန်တော်တို့ ဘူးသီးတောင်ကနေ မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို ရောက်ရောက်ချင်းပဲ အဲဒီအနောက်ဘက်မှာ မီးလာရှို့တာ တွေ့ရတယ်။ မီးလောင်ချိန်ကတော့ ၁၅ မိနစ်လောက်ပဲကြာမယ်ထင်တယ်။ အဲဒီနေရာကို ကျွန်တော်တို့ သတင်းမီဒီယာအဖွဲ့တွေ သွားရောက်ဓာတ်ပုံရိုက်ခွင့်ရပါတယ်။ လုံခြုံရေးလည်း အပြည့်ပေးထားတယ်။ ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ နေရာတွေကိုလည်း သွားခွင့်ရပါတယ်။ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက လူငါးဦးကို အစွန်းရောက်အကြမ်းဖက်သမားတွေ သတ်သွားတယ်ဆိုတဲ့ ဖြစ်စဉ်ဖြစ်ထားတယ်။ အဲဒီနေရာကိုလည်း ကျွန်တော်တို့ သွားခွင့်ရပြီး ဒေသခံရွာသားတွေနဲ့လည်း မေးမြန်းခွင့်တွေ ရပါတယ်။

လုံခြုံရေးလည်း ကောင်းကောင်းပေးထားပါတယ်။ မီးရှို့မှုဖြစ်စဉ်တွေကြောင့် ထွက်ပြေးတိမ်းရှောင်လာကြတဲ့ ရခိုင်တိုင်းရင်းသားတွေကို ယာယီနေထိုင်ဖို့ပေးထားတဲ့ စခန်းတွေကိုလည်း သွားရောက်မေးမြန်းခွင့်၊ ဓာတ်ပုံရိုက်ခွင့်တွေလည်း ရပါတယ်။ နောက်ပြီး ဟိန္ဒူဘာသာဝင်တွေ နေထိုင်တဲ့ ယာယီစခန်းတွေနဲ့ မြိုတိုင်းရင်းသားတွေ နေထိုင်တဲ့နေရာတွေကိုလည်းသွားခွင့်ရပါတယ်။ သူတို့အားလုံးကိုကြည့်ရတာ ကြောက်ရွံ့ထိတ်လန့်နေကြတယ်။ ဖြစ်နိုင်ရင် လုံခြုံရေးကို ပိုပြီးချထားပေးစေချင်တယ်။ သူတို့အိမ်တွေကို ပြန်ပြီးနေချင်ပေမယ့် မနေရဲဘူးဖြစ်နေကြတယ်။ လက်ရှိ စားဝတ်နေရေးကလည်း ယာယီစခန်းတွေမှာ သိပ်အဆင်မပြေကြသေးဘူးလို့ ကြားပါတယ်။

**ကိုဇေယျာမော် (မဇ္ဈိမသတင်းဌာန)**

မောင်တောမြို့ပေါ်မှာပဲ ကျွန်တော်တို့ သတင်းယူခွင့်ရပါတယ်။ ပတ်ဝန်းကျင်အခြေအနေမှာ လုံခြုံရေးအရ စိတ်မချရတဲ့အတွက် အပြည့်အဝ သတင်းယူခွင့်တော့ မရခဲ့ဘူး။ တချို့နေရာတွေမှာ လုံခြုံရေးအခြေအနေက မကောင်းသေးတော့ ကျွန်တော်တို့ ကိုယ်တိုင်လည်း မသွားရဲသလို သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း မသွားခိုင်းပါဘူး။ နောက်တစ်ခုက ဒေသခံတွေထဲက ပထမဆုံး ရခိုင်တိုင်းရင်းသားတွေ ခေတ္တနေထိုင်ကြတဲ့ ယာယီစခန်းကို တွေ့ခဲ့ရတယ်။ အဲဒီနေရာမှာ လူပေါင်း ၆၀၀ ကျော်လောက်ရှိမယ်။ အားလုံးက စိုးရိမ်ထိတ်လန့်နေကြပါတယ်။

နှစ်ဖက်အသိုင်းအဝိုင်းမှာလည်း တစ်ဖက်နဲ့တစ်ဖက် မယုံကြည်မှုတွေဖြစ်တော့ သူတို့လည်း မနေချင်ကြဘူး။ မြို့ပေါ်ကို ပြောင်းပေးစေချင်ကြတယ်။ နောက်ထပ် ဟိန္ဒူဘာသာဝင်တွေရှိတဲ့နေရာကို သွားတော့လည်း စိုးရိမ်ထိတ်လန့်နေကြတာပါပဲ။ နောက်ပြီး စစ်တွေမြို့ သက္ကေပြင်ကျေးရွာ ဘင်္ဂါလီဒုက္ခသည်စခန်းကို သွားရောက်သတင်းယူခဲ့တယ်။ အဲဒီမှာ နေထိုင်တဲ့သူတွေကို မေးကြည့်တဲ့အခါ ဒီလို အကြမ်းဖက်မှုဖြစ်စဉ်တွေကို သူတို့ မလိုလားဘူးလို့ပြောတယ်။ မောင်တောမှာဖြစ်သလို စစ်တွေမှာလည်းဖြစ်လာမှာကို သူတို့အနေနဲ့ စိုးရိမ်နေကြတယ်။ သူတို့လည်း အေးအေးချမ်းချမ်းပဲ နေချင်ကြတယ်လို့ ပြောကြတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဖြစ်စဉ်စတင်ဖြစ်ပွားချိန်မှာပဲ သတင်းသွားရောက်ယူချင်ပေမယ့် လုံခြုံရေးအရ သွားလို့မရခဲ့ဘူး။ ဖြစ်စဉ်ဖြစ်ပြီး သုံးရက်အကြာမှာ အစိုးရတာဝန်ရှိသူတွေအနေနဲ့ သတင်းယူလို့ရအောင် စီစဉ်ပေးခဲ့ပါတယ်။ သတင်းယူရတာ အပြည့်အဝကျေနပ်မှုမရှိဘူးဆိုပေမယ့် ကိုယ်တိုင်မြင်တွေ့မေးမြန်းခဲ့ရသလောက်ကို သတင်းပြန်လည်တင်ဆက်နိုင်ခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ ကျေနပ်ပါတယ်။

အဆိုပါ ပြည်တွင်း၊ ပြည်ပမီဒီယာအဖွဲ့သည် ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ပထမအကြိမ်၊ ၂၀၁၇ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ဒုတိယအကြိမ်၊ ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ တတိယအကြိမ် သွားရောက်ခဲ့ကြပြီး ယခုအဖွဲ့သည် စတုတ္ထမြောက် သွားရောက်သတင်းရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တွေ့ဆုံမေးမြန်း-တင်မောင်လွင်၊ မင်းထက်အောင်
ဓာတ်ပုံ-မောင်မွေး

# ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီးကျော်ဆွေ ဘူးသီးတောင်နှင့် မောင်တောမြို့များရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အကြမ်းဖက်မှုကြောင့် ဒေတ္တတိမ်းရှောင်လာသူ တိုင်းရင်းသားများအားတွေ့ဆုံပြီး ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂**
ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ခေတ္တရဲချုပ်၊ နယ်ခြားစောင့်ရဲကွပ်ကဲရေးမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျီးကန်းပြင်ဌာနချုပ်မှ ဘူးသီးတောင်မြို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲသို့ရောက်ရှိပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ ထောက်ပံ့ငွေပေးအပ်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူးရုံးခန်း၌ ကျဆုံးတပ်ဖွဲ့ဝင်၏ ဇနီးနှင့် ဒဏ်ရာရတပ်ဖွဲ့ဝင်တို့အား အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဘူးသီးတောင်အကျဉ်းထောင်၌ လုံခြုံရေးဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များမှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဘူးသီးတောင်ဆေးရုံတွင် ဆေးရုံ တက်ရောက်ကုသနေသော သံဃာတော်များ၊ တပ်ဖွဲ့ဝင်များအား လည်းကောင်း၊ အလယ်သံကျော်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လည်းကောင်း၊ မောင်တောအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မောင်တောခရိုင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက် ဝန်ထမ်းများအား လည်းကောင်း တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် မောင်တောမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ပတ်ဝန်းကျင်ကျေးရွာများမှ တိမ်းရှောင်လာသူ တိုင်းရင်းသားများအား လည်းကောင်း၊ မောင်တောမြို့ မြို့မမြောက်ရပ်ကွက် အမှတ်(၃) အခြေခံမူလတန်းလွန်ကျောင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ရောက်ရှိလာသည့် ဟိန္ဒူလူမျိုးများနှင့် ဩဂုတ် ၂၆ ရက်က အစွန်းရောက်အကြမ်းဖက်သမားများ၏ သတ်ဖြတ်ခြင်းခံခဲ့ရသော ဟိန္ဒူလူမျိုးများ၏ မိသားစုဝင်များအား လည်းကောင်း၊ မောင်တောမြို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ မိသားစုဝင်များအား လည်းကောင်း ရင်းနှီးစွာတွေ့ဆုံအားပေးစကား



ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းနှင့် မောင်တောမြို့တွင် ရောက်ရှိနေသော ဝေဠုကျော် ဖောင်ဒေးရှင်းသို့လည်း အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာသူများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ စားနပ်ရိက္ခာများထောက်ပံ့

**စစ်တွေ စက်တင်ဘာ ၂**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ခထီးလှကျေးရွာ အလကကျောင်း၊ မောင်တောမြို့နယ် ရန်အောင်မြင်ကျေးရွာနှင့် မင်းကြီးကျေးရွာတို့၌ ခေတ္တခိုလှုံလျက်ရှိသော ဒေသခံ တိုင်းရင်းသားပြည်သူများအား ဆန်၊ ဆီ၊ ဆေးဝါးနှင့် စားသောက်ကုန်များ သွားရောက်ကူညီထောက်ပံ့ပေးခဲ့သည်။



ခရီးစဉ်အတွင်း ပြည်နယ်ဝန်ကြီးချုပ်သည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် လတ်တလောတွင် စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကအစ ပူပင်ကြောင့်ကြမှုမဖြစ်ကြစေလိုကြောင်း၊ အထူးသဖြင့် လုံခြုံရေးပိုင်းဆိုင်ရာအတွက် နေရာအနှံ့အပြားတွင် လုံခြုံရေးအင်အားများကို တိုးချဲ့ထားပြီးဖြစ်ကြောင်း မှာကြားခဲ့သည်။

စုရပ်များရှိ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း ဝန်ကြီးချုပ်နှင့် တွေ့ဆုံရာတွင် မိမိတို့အနေဖြင့် အထူးစိတ်ပူပင်မှုများ ဖြစ်နေရကြောင်း၊ သို့သော်လည်း စည်းစည်းလုံးလုံးဖြင့် ကြံ့ကြံ့ခံနေထိုင်လျက်ရှိပါကြောင်း၊ စားသောက်မှုရှားပါးနေသောအချိန်တွင် ဆန်၊ ဆီ၊ စားသောက်ကုန်များနှင့် ဆေးဝါးများကို ယခုလိုကူညီထောက်ပံ့ပေးသောကြောင့် ဝန်ကြီးချုပ်နှင့်အဖွဲ့အား အထူးကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မောင်တောဒေသတွင်း၌ စေတနာဖြင့် လာရောက်ကူညီသော ပြင်ပဆရာဝန်အဖွဲ့အား အားပေးစကားပြောကြားပြီး ဘူးသီးတောင်၊ မောင်တောဒေသတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နေရပ်အသီးသီးသို့ပြန်လိုသည့် ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများအား ဘူးသီးတောင်မြို့နှင့် စစ်တွေမြို့များသို့ ရဟတ်ယာဉ်ဖြင့် ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁ ရက် ညနေပိုင်းက မကျည်းမြိုင်ရပ်ကွက်ရှိ အလိုတော်ပြည့်ကျောင်းတိုက်သို့ သွားရောက်ပြီး အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအရိယဝံသအား ဖူးမြော်ကာ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် မြို့နယ်များတွင် လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ စားနပ်ရိက္ခာများထောက်ပံ့ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စများအား ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် အလိုတော်ပြည့်ဆရာတော်က အကြမ်းဖက်မှုဖြစ်ပွားရာ မောင်တောဒေသအတွင်းရှိ ဒေသခံတိုင်းရင်းသား သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အမျိုးသမီးများအား လုံခြုံစိတ်ချရသည့်နေရာတွင် ပြောင်းရွှေ့ထားရှိရန် မိန့်ကြားရာ ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြလျှောက်ထားပြီး အဆိုပါကျောင်းဝင်းအတွင်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် စိုးရိမ်ကြောက်ရွံ့ပြီး နေရပ်စွန့်ခွာထွက်ပြေးလာသည့် ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ညပိုင်းတွင် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုဏ္ဏားကျွန်းမြို့သို့ သွားရောက်ပြီး လောကမာရဇိန်ဘုရားကြီး သိမ်တော်၌ ပညာပါရမီစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသာဘိဝံသနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ပြီး အဆိုပါသိမ်တော်သို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာပြည်သူများအား တွေ့ဆုံအားပေးကာ လတ်တလောစားသောက်မှု အဆင်ပြေစေရေးအတွက် ငွေကျပ် ငါးသိန်း ထောက်ပံ့လှူဒါန်းခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်တော်မြို့နယ် ဒုက္ကန်ချောင်းကျေးရွာ ဒုက္ကန်ချောင်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာ ပြည်သူများ လတ်တလော စားသောက်မှု အဆင်ပြေစေရေးအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းပြီး ကျောက်တော်မြို့ မြို့နယ်သာသနာ့ဗိမာန်တော်ကြီးတွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာပြည်သူများအားလည်း အလှူငွေကျပ် ငါးသိန်း လှူဒါန်းကာ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလည်း စစ်တွေ၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့တို့တွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာပြည်သူများအား တစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ရေသန့်ဘူးများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**☆ ကောလာဟလမှ**
တိုးမြှင့်ချထား၍ လည်းကောင်း အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

တစ်ချိန်တည်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ပိတ်မိနေသော ရွာသူရွာသားများအား ရွှေ့ပြောင်းကယ်ထုတ်ခြင်း၊ ဒေသခံများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးများဆောင်ရွက်ခြင်း၊ စားနပ်ရိက္ခာများဖြန့်ဝေခြင်း၊ အကြမ်းဖက်ရန်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများအားရှာဖွေ၍ ဘေးကင်းလုံခြုံရာနေရာများသို့ ပို့ဆောင်ပေးခြင်း၊ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ကူညီခြင်း စသည်တို့ကို တပ်မတော်နှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မောင်တောဒေသအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို တုံ့ပြန်နှိမ်နင်းရေး၊ ပြည်သူများဘေးကင်းလုံခြုံရေး၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အထူးဦးစားပေး၍ ဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့အရေးကြီးသော အချိန်အခါတွင် မဟုတ်မမှန်လုပ်ကြံသတင်းများ၊ ကောလာဟလများ ဖြန့်ချိခြင်းကြောင့် ဦးစားပေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည့် အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် ပြည်သူများအတွက် အခက်အခဲများ ဖြစ်ပေါ်စေနိုင်ကြောင်း။

စက်တင်ဘာ ၁ ရက် နံနက် ၁၁ နာရီခန့်က ကျောက်တော်မြို့နယ် ပြည်တော်သာရပ်ကွက်အနီး ပိုက်သည်ရပ်ကွက် သင်္ချိုင်းဟောင်းရှိ ဇရပ်ဟောင်း ဖျက်ဆီးခံနေရကြောင်း ကောလာဟလများ ထုတ်လွှင့်ပြီး ဆူပူမှုဖြစ်စေလိုသူ အချို့မှ သွေးထိုးလှုံ့ဆော်လျက်ရှိသဖြင့် တာဝန်ရှိသူများက ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

အလားတူ စက်တင်ဘာ ၁ ရက် ညပိုင်းတွင်လည်း ကျောက်ဖြူမြို့နယ် စေတီတောင်ရပ်ကွက်တွင် ရုံးခန်းဖွင့်လှစ်ထားသော လူငယ်အားမာန်အဖွဲ့ (Youth Strength Association - YSA) ရုံးအား ကျောက်ဖြူခရိုင် လူငယ်အဖွဲ့မှအင်အားအချို့ လာရောက်စုရုံး ဝိုင်းဝန်းမှုဖြစ်ပေါ်ခဲ့သော်လည်း တာဝန်ရှိသူများက အချိန်မီသွားရောက်တားဆီးနိုင်ခဲ့သဖြင့် ပြဿနာတစ်စုံတစ်ရာ မရှိဘဲ ည ၉ နာရီကျော်တွင် အေးချမ်းစွာ လူစုကွဲသွားခဲ့ကြောင်း။

သို့ဖြစ်ပါ၍ မလိုလားအပ်သော ပဋိပက္ခများ ဖြစ်ပွားလာခြင်းမရှိစေရန်အတွက် ကောလာဟလထုတ်လွှင့်ခြင်းနှင့် လုပ်ကြံသတင်းမှားများ ဖြန့်ချိခြင်းများ မပြုလုပ်ကြပါရန်နှင့် မောင်တောဒေသအတွင်း အကြမ်းဖက်အန္တရာယ်မှ တုံ့ပြန်ချေမှုန်းနိုင်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလျက် သတင်းထုတ်ပြန်အပ်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

## ရာသီတုပ်ကွေးရောဂါ(H1N1) ကာကွယ်ရေး အသိပညာပေး

**ကျောက်မြောင်း စက်တင်ဘာ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့ လောကမာရဇိန်ဘုရားပွဲတော်ရက်အတွင်းပွဲတော်သို့လာရောက်ရောင်းချသော ဈေးသူဈေးသားများ၊ ဘုရားဖူးပြည်သူများကို နှာခေါင်းစည်းများဝေငှခြင်း၊ အစားအသောက်ရောင်းချသည့် ဈေးသည်များအား လက်အိတ်များအသုံးပြုရောင်းချခြင်းနှင့် ပတ်သက်၍ ပညာပေးခြင်း၊ လက်ဆေးကန်များထားရှိအသုံးပြုစေရေး၊ ရာသီတုပ်ကွေးရောဂါ (H1N1) ကာကွယ်ရေးတို့အတွက် နေ့စဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသန့်က ပြောသည်။ အမှတ်(၃) ရပ်ကွက်ရှိ ကျင်းပလျက်ရှိသော လောကမာရဇိန်ဘုရားပွဲတော်ကို တော်သလင်းလဆန်း ၁၁ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကျင်းပလျက်ရှိသည်။ **(ခင်ဦးစိုးဝေ)**

# ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများအား တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၂**
ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများဖြစ်သည့် ထောက်ပံ့ပစ္စည်းများအား စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများတွင် ဆိုလာမီးအိမ် ၉၂ ခု၊ စားသုံးဆီ ၄၈၂ ဘူး၊ တီရှပ်အင်္ကျီ ၁၈၃၇ ထည်၊ ကော်ဖီမစ် ၂၇ ဖာ၊ ကွေကာ တစ်ဖာ၊ ဆပ်ပြာခရင်မ် ၁၉ ဖာ၊ ဆပ်ပြာ ၁၄၄ ခဲ၊ ငါးသေတ္တာ ၁၉ ဖာ၊ အမယ်စုံ အထုပ် ၄၀၊ အမျိုးသမီးနှင့် ကလေးများအတွက် အသုံးအဆောင်ပစ္စည်း ခုနစ်မျိုး၊ ငါးခြောက်ကြော် ၁၄ ဖာ၊ ခေါက်ဆွဲ ၁၀ ဖာနှင့် ခေါက်ဆွဲခြောက် ဖာ ၃၀၀ တို့ကို ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်သယ်ယူပို့ဆောင်ရေး Y-8 လေယာဉ်ဖြင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ စစ်တွေလေဆိပ်သို့ ပို့ဆောင်ပေးရာ ညနေပိုင်းတွင် ရောက်ရှိခဲ့သည်။

ထို့အတူ နေရပ်စွန့်ခွာရွှေ့ပြောင်းရောက်ရှိနေသည့် တိုင်းရင်းသားပြည်သူများလက်ဝယ်သို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးနှင့် အဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက နေရာအသီးသီး၌ လိုက်လံထောက်ပံ့ပေးအပ်လျက်ရှိရာ ဘူးသီးတောင်မြို့နယ် ကြိမ်ချောင်းကျေးရွာအုပ်စုရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၉၂ ဦး၊ ခမောင်းဆိပ်ကျေးရွာနှင့် လေမျိုးကေသီကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၉၇ ဦး၊ ဆင်ဖြူတောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၈၇ ဦးနှင့် အဆိုပါကျေးရွာသို့ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ပိရွက်ကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူ ၁၀၉ ဦး၊ စိတ္တရကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူ ၆၅ ဦး၊ ငါးရန့်ချောင်းကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူ ၇၁ ဦးနှင့် တောင်ဘဇာရှိ နယ်မြေခံတပ်ရင်း၌ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူ ၅၉၀ တို့ကို ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# မောင်နီကျေးရွာရှိ အစ္စလာမ်ဘာသာဝင်များသည် အကြမ်းဖက်မှုကို လိုလားခြင်းမရှိ အကြမ်းဖက်သမားများ၏ အန္တရာယ်ကိုကာကွယ်ရန် ကျေးရွာအတွင်းအဖွဲ့အစည်းများဖွဲ့၍ စောင့်ကြည့်ဆောင်ရွက်

**မောင်တော စက်တင်ဘာ ၂**
မောင်တောမြို့ ကညင်တန်းမြို့မအုပ်စုရှိ အစ္စလာမ်ဘာသာဝင် မိသားစု ၇၀၀၀ ခန့် နေထိုင်လျက်ရှိသည့် မောင်နီကျေးရွာတွင် ဩဂုတ် ၂၉ ရက် နံနက် ၁ နာရီခန့်က ကျေးရွာအတွင်း စိတ်ကြွဆေးပြားများသုံးစွဲ၍ အကြမ်းဖက်မှုများ ပြုလုပ်ရန် ဓားများကိုင်၍ ဝင်ရောက်လာသည့် လူငယ်နှစ်ဦးကို ကျေးရွာသားများက ဝိုင်းဝန်းဖမ်းဆီးကာ သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။

မောင်နီကျေးရွာရှိ အစ္စလာမ်ဘာသာဝင်များသည် အကြမ်းဖက်မှုကိုလိုလားခြင်းမရှိဘဲ အေးချမ်းစွာနေထိုင်လိုကြပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အန္တရာယ်ကိုကာကွယ်ရန်အတွက် ကျေးရွာအတွင်းအဖွဲ့အစည်းများဖွဲ့၍ နေ့ညမပြတ်စောင့်ကြည့်ဆောင်ရွက်လျက်ရှိရာ ၎င်းရွာသို့ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ပြည်တွင်း ပြည်ပသတင်းမီဒီယာအဖွဲ့များ သွားရောက်၍ ကျေးရွာမှတာဝန်ရှိသူတစ်ဦးနှင့် မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

**ဦးအဒူရော်မံ**
**(ကညင်တန်းမြို့မအုပ်စု မောင်တောမြို့)**

**မေး။ မောင်တောမြို့ပေါ်မှာ အစ္စလာမ်ဘာသာဝင်တွေအနေနဲ့ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် လက်ရှိ ဘယ်လိုနေထိုင်နေရတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ဒီရွာမှာ ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင်တွေပဲ နေကြပါတယ်။ ကျွန်တော်တို့ရွာက မောင်တောမြို့နဲ့ မိုင်ဝက်လောက်ပဲဝေးပါတယ်။ အကြမ်းဖက်မှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရွာက ဘာမှမဖြစ်ပါဘူး။ ကျွန်တော်တို့က အကြမ်းဖက်မှုကိုလည်း မလိုလားပါဘူး။ အကြမ်းဖက်သမားတွေကို ဖမ်းပေးဖို့ ကျွန်တော်တို့ရွာမှာ အဖွဲ့တွေ ဖွဲ့ထားပါတယ်။ နေ့ည ဆောင်ရွက်နေပါတယ်။



ပြည်တွင်း ပြည်ပမီဒီယာများနှင့် ဦးအဒူရော်မံ တွေ့ဆုံစဉ်။

**မေး။ လက်ရှိ ရွာရဲ့အခြေအနေကို ပြောပြပေးပါ။**

ဖြေ။ ရွာရဲ့အနေအထားက အေးအေးဆေးဆေးရှိပါတယ်။ ဒါပေမယ့် ဈေးတွေဘာတွေ မသွားတာ တစ်ခုတော့ရှိပါတယ်။ မြို့ပေါ်ကိုမသွားပေမယ့် ကျွန်တော်တို့ရွာထဲမှာတော့ ဈေးဆိုင်တွေ ဖွင့်ထားပါတယ်။ ကျွန်တော်တို့ရွာမှာက အကြမ်းဖက်မှုကို အားလုံးက မလိုလားပါဘူး။ ရွာသားတွေအားလုံးက အကြမ်းဖက်မှုကို မလိုလားပါဘူးလို့ ကျွန်တော့်ကို လာပြောတဲ့အတွက် အဲဒီအကြောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးကတစ်ဆင့် ဆင့်ကဲဆင့်ကဲတင်ပြထားပါတယ်။ ရွာမှာ လူဦးရေ ၇၀၀၀ နီးပါးရှိပါတယ်။ အိမ်ထောင်စုက ၇၀၀ ကျော် ရှိပါတယ်။ အားလုံးအကြမ်းဖက်မှုကိုမလိုလားတာပါ။

**မေး။ ရွာမှာရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေနဲ့ ပတ်သက်ပြီး လုံခြုံရေးအခြေအနေကို သိချင်ပါတယ်။**

ဖြေ။ တပ်ရော၊ ရဲရော၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ရော အားလုံးက လုံခြုံရေးအတွက် တာဝန်ယူ အကူအညီပေးနေပါတယ်။ ရွာက ပုံမှန်အတိုင်းရှိနေပါတယ်။ လူတွေအားလုံးရှိပါတယ်။ ကျွန်တော်တို့ရွာက ရပ်မိရပ်ဖနဲ့ ပူးပေါင်းပြီး အကြမ်းဖက်နှစ်ယောက်ကို ကျွန်တော်တို့ ဖမ်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ရွာမှာ ဓားတွေနဲ့ လွန်ခဲ့တဲ့ သုံးရက်လောက်က သောင်းကျန်းနေလို့ပါ။ ဒေသခံတွေက ကျွန်တော်တို့ကို ခြိမ်းခြောက်တာ၊ ရန်ပြုတာလုံးဝ မရှိပါဘူး။ ကျွန်တော်တို့ အန္တရာယ်မရှိပါဘူး။

**မေး။ မတူညီတဲ့သူတွေ အတူတကွ နေထိုင်နိုင်ဖို့အတွက် ဘယ်လိုမျိုး ပြင်ဆင်ထားပါသလဲ။**

ဖြေ။ ကျွန်တော်တို့က ရခိုင်တိုင်းရင်းသားတွေနဲ့လည်း ညီအစ်ကိုလို၊ မိသားစုလို နေထိုင်ကြပါတယ်။ အခုလည်း ကျွန်တော်တို့ကို ဖုန်းတွေဘာတွေ ဆက်ပါတယ်။

ယနေ့ကျရောက်သည့် အစ္စလာမ်ဘာသာဝင်များ၏ အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့တွင် မောင်နီရွာရှိ အလယ်ဗလီနှင့် ကာဆိမ်းဗလီတို့တွင် ဗလီတက်ဝတ်ပြုဆုတောင်းခြင်းနှင့် တရားဟောပြောခြင်းတို့ကို လွတ်လပ်အေးချမ်းစွာ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းအဖွဲ့**



# အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့တွင် မောင်တောမြို့ပေါ်ရှိ ဗလီ ၁၆ ခု၌ အစ္စလာမ်ဘာသာဝင်များ ဗလီတက် ဝတ်ပြုခြင်းနှင့် တရားဟောပြောခြင်းများ ပုံမှန်ဆောင်ရွက်လျက်ရှိ

**မောင်တော စက်တင်ဘာ ၂**
ယနေ့သည် အစ္စလာမ်ဘာသာဝင်များ၏ အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့ (ဒေသအခေါ် ဘက္ကရီအီးဒ်နေ့)ဖြစ်ရာ ယနေ့နံနက်ပိုင်းက မောင်တောမြို့ပေါ်ရှိ ဗလီ ၁၆ ခု၌ အစ္စလာမ်ဘာသာဝင်များ ဗလီတက်ဝတ်ပြုခြင်းနှင့် တရားဟောခြင်းများ ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဝတ်ပြုခြင်းနှင့် တရားဟောခြင်း ဆောင်ရွက်လျက်ရှိသည့် ဗလီများမှာ မြို့မကညင်တန်းရပ်ကွက်ရှိ သချိုင်းဗလီ၊ ဟိုင်းဂျိုက်ဗလီ၊ စုပေါင်းဗလီ၊ အနောက်ရွာဗလီ၊ မောင်နီရွာရှိ သချိုင်းဗလီ၊ အလယ်ဗလီ၊ ကာဆိမ်းဗလီ၊ မြို့မအနောက်ရပ်ကွက်ရှိ အောက်ရွာဗလီ၊ ဖေဇီဗလီ၊ ရွာသစ်ကေရပ်ကွက်ရှိ အလယ်ပိုင်းဗလီ၊ မြောက်ဗလီ၊ အရှေ့ဗလီ၊ မြို့မတောင်ရပ်ကွက်ရှိ မြို့မ ငါးခူရကျောက်ဗလီ၊ ဗိုလ်မှူးရွာဗလီ၊ မြို့မငါးခူရ သချိုင်းဗလီနှင့် အာလီရွာဗလီတို့ဖြစ်ပြီး အစ္စလာမ်ဘာသာဝင်များသည် နံနက် ၈ နာရီမှ ၈ နာရီ ၁၅ မိနစ်အထိ လွတ်လပ်စွာ ဗလီတက်ဝတ်ပြုခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဥတုရာသီ တောကိုမှီ၏**

# မောင်တောမြို့၌ အေးချမ်းစွာနေထိုင်လိုကြသည့် အစ္စလာမ်ဘာသာဝင်များအား လုံခြုံရေးနှင့် ထောက်ပံ့ကူညီရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ လူမဆန်စွာ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကြောင့် နယ်မြေတည်ငြိမ် အေးချမ်းရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စိုးရိမ်ကြောင့်ကြမှုကင်းဝေးစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးဆောင်ရွက်လျက်ရှိရာ အေးချမ်းစွာနေထိုင်လိုကြသည့် အစ္စလာမ်ဘာသာဝင်များကလည်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကို လုံးဝလက်မခံနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ညနေပိုင်းတွင် သတင်းထုတ်ပြန်သည်။



လုံခြုံရေး တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ပန်းတောပြင်အနောက်ကျေးရွာသို့ ရောက်ရှိခဲ့ပြီး ၎င်းကျေးရွာရှိ အစ္စလာမ်ဘာသာဝင် ရွာသူ ရွာသားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆေးမှုများကို ကြည်ဖြူစွာလက်ခံသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဘာသာရေး ခေါင်းဆောင်များနှင့် ရွာသူ ရွာသားများအား တွေ့ဆုံမေးမြန်းခဲ့ကြောင်း။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အေးချမ်းစွာ နေထိုင်လိုကြသည့် ပန်းတောပြင် အနောက်ကျေးရွာမှ အစ္စလာမ်ဘာသာဝင် ရွာသူ ရွာသားများအတွက် စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ARSA အစွန်းရောက်အကြမ်းဖက်သမားများကို ရှာဖွေဖော်ထုတ်နေခြင်းသာဖြစ်ပြီး အကြမ်းဖက်မှုကို လက်မခံဘဲ အေးချမ်းစွာနေထိုင်လိုကြသည့် အစ္စလာမ်ဘာသာဝင်များ ဘေးကင်းရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် တာဝန်ရှိသူများကလည်း ကျေးရွာများတွင် အေးချမ်းစွာနေထိုင်လိုသူများ စိုးရိမ်ကြောင့်ကြမှုများမရှိစေရန်အတွက် "RSA အစွန်းရောက်အကြမ်းဖက်သမားများကို ထောက်ခံခြင်း၊ ပူးပေါင်းပါဝင်ခြင်းမပြုဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန်အရ ရောက်ရှိလာလျှင် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ခြင်း၊ ရန်ပြုခြင်းများ မပြုကြရန်" အသံချဲ့စက်များဖြင့် သတိပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# သင်တန်းဖွင့်ပွဲနှင့် ရန်ပုံငွေပေးအပ်ပွဲ ပြုလုပ်

**ညောင်လေးပင် စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညောင်လေးပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုလုပ်သော ၂၀၁၇-၂၀၁၈ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ စီမံခန့်ခွဲခြင်း၊ ငွေစာရင်းထိန်းသိမ်းရေးဆွဲခြင်းသင်တန်းဖွင့်ပွဲနှင့် ရန်ပုံငွေပေးအပ်ပွဲကို ဩဂုတ် ၃၀ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကကအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ မြစိမ်းရောင်စီမံကိန်းရည်ရွယ်ချက်များနှင့် မြစိမ်းရောင်စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဝင်ကျေးရွာများအား တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှင့် ကျေးရွာ ငါးရွာအတွက် ငွေကျပ်သိန်း ၁၅၀၀ အား တာဝန်ရှိသူများက ကျေးရွာမြစိမ်းရောင်ကော်မတီဥက္ကဋ္ဌများထံ ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသော မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ သင်တန်းသားများကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်နှင့် ဝန်ထမ်းများက ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းထိန်းသိမ်းခြင်းဆိုင်ရာများကို စာတွေ့လက်တွေ့သင်ကြားပို့ချကြသည်။

သင်တန်းဖွင့်ပွဲနှင့် ရန်ပုံငွေပေးအပ်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**နေလင်း(ညောင်လေးပင်)**

# မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မအူပင် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ နဝမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မအူပင်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းက ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းကျင်းပရခြင်းနှင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ အကောင်အထည်ဖော်ပြီးစီးမှုများကို ရှင်းလင်းပြောကြားကာ အဖွဲ့ဝင်များက တစ်ဦးချင်းဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်၍ မအူပင်မြို့ပေါ်ရှိ အထက(၁)၊ (၂)၊ (၃) ကျောင်းမုန့်ဈေးတန်းများကို ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးပြီး အန္တရာယ်ရှိ၍ စားသုံးရန်မသင့်သည့် အစားအသောက်များအား နဝမအကြိမ် ခရိုင်စားသုံးသူရေးရာ အငြင်းပွားမှုအဖွဲ့မှ ဆုံးဖြတ်ချက်ချမှတ်ပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်သင်တန်းဆင်း

**နတ်တလင်း စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်သင်တန်း အမှတ်စဉ်(၁/၁၇)ဆင်းပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲတွင် ထူးချွန်သူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ခဲ့ကာ သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၇၁)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၂၃ ရက်မှ ၃၀ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဘဝဆိုတာ | မောင်နိုင်လင်း (ကောလင်း) | ၁၅၀၀ | ယဉ်မျိုး |
| ၂ | မသေခင်မှာ သိဖို့ရာ | အရှင်ကောဝိဒ | ၁၃၀၀ | မျိုးဆက်သစ် |
| ၃ | ခေတ်ပြိုင်သမိုင်းဒဿနနှင့် အယူအဆများ | မင်းခက်ရဲ | ၃၀၀၀ | MKS Publishing |
| ၄ | စာပေရုပ်ပုံလွှာ | လင်းယုန်မောင်မောင် | ၃၇၀၀ | စိတ်ကူးချိုချို |
| ၅ | ထူးဆန်းသော မီးခြစ်နှင့် အခြားပုံပြင်များ | ဒေါ်စောရင် | ၁၅၀၀ | the key |
| ၆ | လူရည်ချွန်လူရည်မွန် ၁၀၀ (Letter and essays) | ဆရာမမြတ်နိုးအောင် | ၃၀၀၀ | |
| ၇ | တရားခွင်လက်စွဲတရားမ(၃) | ခနှဖြူဦးသန်းဆွေ | ၂၅၀၀ | အားမာန်သစ် |
| ၈ | ဇင်+ချစ် နောက်ဆုံး(၂) | ရဲဘော်ဘခက် | ၃၀၀၀ | အားမာန်သစ် |
| ၉ | (၁၃) ကြိမ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်း | - | ၅၀၀၀ | ရေစီးသန် |
| ၁၀ | ငယ်အိပ်မက်နှင့် ဝတ္ထုတိုစုစည်းမှု | ကောင်းကင်မေ | ၂၅၀၀ | ကောင်းစုသာ |
| ၁၁ | ခေတ်ဆန်းချိန်နဲ့ လူငယ်ကဏ္ဍ | Dr.ခင်မောင်ညို | ၂၀၀၀ | ဂလိုဘယ်အလင်း |
| ၁၂ | ဖွင့်ကြည့်လိုက်ပါ အတွဲ (၂) | Monica Lahtaw | ၂၀၀၀ | မျိုးဆက်သစ် |
| ၁၃ | အိပ်မက်ကုန်သည် | မောင်မိုးသူ | ၂၅၀၀ | နန်းဒေဝီ |
| ၁၄ | ဘူတာဈေးကလေးနှင့် အခြားဝတ္ထုတိုများ | နေမျိုး | ၁၅၀၀ | the key |
| ၁၅ | ပညာရေးမှာ အမိန့်ပေးဝါဒလွှမ်းမိုးရင် | ရဲသျှမ်း | ၂၀၀၀ | စာပေခရီးသွား |
| ၁၆ | လူနှင့်မော်တော်ကားအန္တရာယ်ကင်းရှင်းရေး | နေစိုးလှိုင် | ၂၅၀၀ | ဓူဝံ |
| ၁၇ | နေပြည်တော်ပျဉ်းမနားသမိုင်း | ကျော်ငြိမ်း | ၁၅၀၀ | နေရီရီ |
| ၁၈ | ဒေါက်တာချစ်ငယ် အောင်မြင်နေသည် | Dr.ချစ်ငယ် | ၂၅၀၀ | - |
| ၁၉ | လူမျိုးဘာသာအခြေပြု သွေးထိုးလှုံ့ဆော်မှုနှင့် နိုင်ငံရေးဆောင်းပါးများ | မောင်သိန်းလွင် | ၂၅၀၀ | ရွှေဟသ်ာ |
| ၂၀ | သမုဒယနွယ် | မိုးသက်အောင် | ၃၀၀၀ | ကောင်းစုသာ |
| ၂၁ | ကြယ်တို့သည်ပင် ကြွေတတ်သည် | အညို | ၂၅၀၀ | ကောင်းစုသာ |
| ၂၂ | သူတို့ကျွန်ုပ်တို့အကြောင်း | သဒ္ဒါ | ၄၅၀၀ | စာပေခရီးသွား |
| ၂၃ | ဒေါ်စောခင်ရဲ့မြေနှင့် အခြားစာစုများ | နေမျိုး | ၁၅၀၀ | ကျော်မွေး |
| ၂၄ | ငါတို့ခေတ်ကို သက်သေတည်၍ | မာန်(တောင်လုံးပြန်) | ၄၅၀၀ | ၇၇၇၇ |
| ၂၅ | ဆရာယုဒသန် | ဦးဖိုးလှ | ၃၀၀၀ | the key |
| ၂၆ | လှိုင်လင်နှင့် အခြားတစ်ဖက်မှာ | မိုးဖြူ | ၁၅၀၀ | ကျော်မွေး |
| ၂၇ | ဗမာနိုင်ငံရေး ကသောင်းကနင်းများ | ဦးဟန်ထွန်း | ၂၀၀၀ | ငါတို့စာပေ |
| ၂၈ | အမှတ်တရ ဂန္ထဝင်စာစုများ | စိန်သွေး | ၂၀၀၀ | ဒေါင်း |
| ၂၉ | နိုင်ငံတကာရသစာတမ်းငယ်များ-ဒု | မြသန်းတင့် | ၄၀၀၀ | နှစ်ကာလ |
| ၃၀ | မဟူရာ | တင်မောင်မြင့် | ၂၀၀၀ | စာနဒီ |
| ၃၁ | တစ်ခါတုန်းက နှင်းဝတ်မှုန်မိုး | နောင်ကျော် | ၁၀၀၀ | စာနဒီ |
| ၃၂ | မန္တလေးကြေးမုံပုံရိပ်များ | ဆူးငှက် | ၃၀၀၀ | ဓူဝံ |
| ၃၃ | ဘရာဇီးလ်ကဗျာဆရာကားလို့စ် ဒရူးမွန်ဒ် အန်ဒရာဒီး၏ လက်ရွေးစင်ကဗျာများ | မောင်ဒေး | ၂၀၀၀ | နှစ်ကာလ |
| ၃၄ | Breaking News Poetry | ကလောင်စုံ | ၂၀၀၀ | Pica media |
| ၃၅ | ဗိုလ်ချုပ်အောင်ဆန်း၏ ညာလက်ရုံး ဗိုလ်မှူးကြီးဗထူး | မောင်လေးတင့် | ၂၅၀၀ | ပါရမီ |
| ၃၆ | ဝတ္ထုတို ၁၀၀ | ရဲသျှမ်း | ၇၀၀၀ | ငါတို့စာပေ |
| ၃၇ | ငါတို့အားလုံးရဲ့အမေ | တာယာပွကြီး | ၂၅၀၀ | ငါတို့စာပေ |
| ၃၈ | လွယ်ကူလေ့လာရန် CSM | စောကယ်ရီဝင်း | ၄၅၀၀ | ၇၇၇၇ |
| ၃၉ | လူငယ်နှင့် ဓမ္မတန်ဖိုး(၂) | ကလောင်စုံ | ၃၀၀၀ | လောကသရဖူ |
| ၄၀ | DNA 17+ | ကလောင်စုံ | ၂၀၀၀ | နှင်းဆီဖြူ |

(ဆက်လက်ဖော်ပြပါမည်)

# အမြန်လမ်းတွင် ကျွန်းသစ်တင်လာသော CRV ယာဉ်တိမ်းမှောက်ရာ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ



**ပဲခူး စက်တင်ဘာ ၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် တရားမဝင်ကျွန်းသစ်တင်ဆောင်လာသောယာဉ် တိမ်းမှောက်ရာမှ တစ်ဦး သေဆုံးကာ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က ပဲခူးမြို့နယ် ဘောနတ်ကြီး အမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်၌ နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း တင်ကြီး(ခ)တင်နိုင်ဦး(၃၉)နှစ်ပဲခူးမြို့နယ် ဇီးတောကျေးရွာနေသူ မောင်းနှင်လာသော မော်တော်ယာဉ်မှာ မိုင်တိုင်အမှတ် (၃၇/၇ နှင့် ၃၈)မိုင် အနီးသို့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ပြီးနောက် တစ်ဖက်ယာဉ်ကြောပေါ်သို့ ရောက်ရှိကာ အတည့်အနေအထားအတိုင်း ပြန်ကျသွားခဲ့သည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်း သတင်းအရ သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက် စစ်ဆေးခဲ့ရာ ယာဉ်ပေါ်ပါရှိသူ ယာဉ်မောင်းပါ အမျိုးသားနှစ်ဦး အနက် ယာဉ်မောင်းဖြစ်သူ ကိုတင်ကြီးမှာ အခင်းဖြစ်နေရာတွင်သေဆုံးသွားခဲ့ပြီး အတူလိုက်ပါသူ မောင်အောင်ကိုနိုင်(၂၂)နှစ်မှာ ထိခိုက်ဒဏ်ရာများဖြင့် သတိမရဘဲ ပဲခူးဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

တိမ်းမှောက်ခဲ့သော CRV ယာဉ်အတွင်းမှ တရားမဝင်ကျွန်းသစ်ခွဲသား ဆိုဒ်စုံ ၃၅ ချောင်း(အလေးချိန် သုည ဒသမ ၅၆၉၆ တန်)အား သိမ်းဆည်းရမိခဲ့ပြီး အဆိုပါကျွန်းသစ်ခွဲသားများအား ပဲခူးမြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံ ထားရှိကြောင်း၊ သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူတို့အား အမြန်လမ်းတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ပဲခူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ဘောနတ်ကြီးအမြန်လမ်းမကြီး ရဲမှတ်တမ်းများအရ သိရသည်။

"ကျွန်တော်တို့က ယာဉ်မှောက်လို့ သစ်တွေတွေ့တယ်ဆိုလို့သွားစစ်ဆေးတာပါ။ ဆေးရုံတက်နေတဲ့လူနာကလည်း မေးမရသေးတော့ ဘယ်က တင်လာတဲ့သစ်ဆိုတာ မသိရသေးဘူး။ သစ်တောဥပဒေနဲ့ တရားစွဲသွားမှာပါ"ဟု ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုဖြေကြားခဲ့သည်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနှင့် ကားလမ်းဟောင်းတို့တွင် တရားမဝင်သစ်တင်ယာဉ်များ နေ့/ညဖြတ်သန်းလျက်ရှိပြီး တောင်ငူ၊ အုတ်တွင်း၊ ဖြူး၊ ကျောက်တံခါး၊ ရွှေကျင်၊ ဒိုက်ဦးမြို့နယ်များ အတွင်းမှ ညစဉ် သစ်ကားများ ထွက်ရှိနေပြီး ပုံစံအမျိုးမျိုးဖြင့် သစ်များအား တင်ဆောင်နေကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ပိုင်း)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၀၆ စီး၊ သွင်းကုန် ၃၈၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀၊ သွင်းကုန် ၁၅၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉ ဒသမ ၃၀၁ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၈၁ သန်းခန့်)စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂ ဒသမ ၀၈၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၃၁ ရက်တွင် မူဆယ်သို့သွားရောက်မည့် ယာဉ်များအား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများပြုလုပ်စဉ် မိုင်တိုင်အမှတ်(၁၉၃)နှင့်(၁၉၆/၆) အနီး၌ Super Custom ယာဉ်တစ်စီးနှင့် Howo A7 (၂၂)ဘီးယာဉ်တစ်စီးတို့အား မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေသစ် ၁၅၁ တုံး(၇ ဒသမ ၇၈၇၂ တန်)၊ ပိတောက်သစ်လုံး ၁၃လုံး(၁ ဒသမ ၅၁၆ တန်)၊ ပိတောက်တိုင် ၁၈ လုံး (၁ ဒသမ ၃၃၄ တန်) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀ ဒသမ ၄၁၁ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရောဝတီဘဏ်(မိတ္ထီလာဘဏ်ခွဲ)တွင် ငွေစုသူ သုံးဦး၏ ငွေကျပ်သိန်း ၃၀၀ ကျော်အား အလွဲသုံးစားလုပ်သည့် ဘဏ်ဝန်ထမ်းအမျိုးသားတစ်ဦးအား အမှုဖွင့်အရေးယူ

**မိတ္ထီလာ စက်တင်ဘာ ၂**

ရောဝတီဘဏ်(မိတ္ထီလာဘဏ်ခွဲ )တွင် ဘဏ်ငွေစုသူ သုံးဦး၏ ငွေကျပ်သိန်း ၃၀၀ ကျော်အား ပိုင်ရှင်မသိဘဲ ထုတ်ယူအလွဲသုံးစားလုပ်ထားသည့် ဘဏ်ဝန်ထမ်းအမျိုးသားတစ်ဦးအား ဩဂုတ် ၃၁ ရက်တွင် မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရောဝတီဘဏ်(မိတ္ထီလာဘဏ်ခွဲ) အကြီးတန်းဘဏ်လက်ထောက်(ကတ်ဌာန)တာဝန်ပေးအပ်ခံရသည့် ကျော်စိုးဝင်းသည် ဩဂုတ် ၁၀ ရက်မှ ဩဂုတ် ၃၀ ရက်အတွင်း ဘဏ်သို့ ငွေအပ်နှံထားသူ ဒေါ်ခင်တိုးတိုး၏ ဘဏ်စုငွေများအနက်မှ သိန်း ၁၀၀၊ ဦးစောလှမင်း၏ ဘဏ်စုငွေများအနက်မှ သိန်း ၁၀၀၊ ဦးမောင်ကျော်၏ ဘဏ်စုငွေများ အနက်မှ ငွေကျပ် ၁၆၉၃၃၈၀၀ တို့အား ဘဏ်စာရင်းပိုင်ဆိုင်သူတို့မသိဘဲ အကြိမ် ၁၀၀ ကျော်ခန့် ATM စက်များအတွင်းမှ ထုတ်ယူထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့ကြောင့် ရောဝတီဘဏ်(မိတ္ထီလာဘဏ်ခွဲ)သို့ အပ်နှံထားသော ငွေကျပ်စုစုပေါင်း ၃၆၉၃၃၈၀၀ အား အလွဲသုံးစားလုပ်ကာ ကိုယ်ကျိုးသုံးစွဲခဲ့သူ ကျော်စိုးဝင်း(၂၅)နှစ် ပေါက်ချောင်းရပ်ကွက်နေထိုင်သူအား အရေးယူပေးရန် အထွေထွေမန်နေဂျာ ဒေါ်ယဉ်ယဉ်အေးက အမှုဖွင့်တိုင်ကြားသဖြင့် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အတွက် မီးပုံးပျံပြုလုပ်စဉ် မီးလောင်မှုဖြစ်ပွား

**တောင်ကြီး စက်တင်ဘာ ၂**

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် တောင်ကြီးမီးအမည်ဖြင့် မီးပုံးပျံပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဆောင်ရွက်နေစဉ် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခန့်က အိမ်အမှတ်(၁၂၈) နှင်းဆီလမ်း ကန်အောက်ရပ်ကွက်နေ အိမ်ပိုင်ရှင် ဦးထွန်းလှအိမ်၌ ပေါ့ဆမီးကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

တောင်ကြီးမီးအမည်ဖြင့် မီးပုံးပျံဆောင်ရွက်နေသည့် ကိုသားကြီး(ခေါ်) မောင်မောင်သန့်သည် မီးပုံးပျံဆောင်ရွက်ရာတွင် အသုံးပြုသည့် ယမ်းမီးခွေအား ကတ်ကြေးဖြင့်ညှပ်ရာမှ မွန်းလွဲ ၁ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ၁ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# မှုခင်းအသိပညာတိုးပွားရေး မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် လှည့်လည်ဟောပြော



**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားချက်အရ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသည် မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် အသိပညာပေး လှည့်လည်ဟောပြောပြသလျက်ရှိရာ စက်တင်ဘာ ၂ ရက်က ရှမ်းပြည်နယ် လားရှိုးမြို့ မယ်ဟန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၁၉၃ ဦးတို့အား မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးခြင်းလုပ်ငန်းများကို လှည့်လည်ပညာပေးဟောပြောပြသခဲ့ပြီး တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# မူးယစ်ဆေးဝါးဖြင့် သတိပေးခံရပြီးသူ လူငယ်တစ်ဦးထံမှ မူးယစ်ဆေးဝါးများ ရှာဖွေတွေ့ရှိ

**မိုးညှင်း စက်တင်ဘာ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာတွင် ငွေကျပ် ၁၁၄ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို မူးယစ်ဆေးဝါးသယ်ဆောင်သူ လူငယ်တစ်ဦးထံမှ ရှာဖွေတွေ့ရှိခဲ့ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

မော်ဟန်ရဲကင်းစခန်းမှ ရဲအုပ်စိုးဝင်း၊ ဒုရဲအုပ်ဆန်းအောင်ထူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ မော်ဟန်-နမ့်ချီသွားကားလမ်းပေါ်၌ စောင့်ဆိုင်းနေစဉ် စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက နမ့်ချီမှ မော်ဟန်ကျေးရွာသို့ လမ်းလျှောက်လာသူ လူငယ်တစ်ဦးကို မသင်္ကာ၍ စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသည့် ပန်းရောင်ဆေးပြား အထုပ် ၁၉ ထုပ်ကို ဇင်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

"အခုဖမ်းမိတဲ့သူကို ကျွန်တော်တို့ ရပ်/ကျေးတွေနဲ့ တာဝန်ရှိသူတွေက ၂၀၁၆ မှာ သတိပေးမှုတစ်ကြိမ်လုပ်ခဲ့ပြီးပါပြီ။ အဲဒီတုန်းကတော့ စားသုံးတဲ့ အနေအထားပါ။ ခုလိုအများကြီးမိတာမဟုတ်ပါဘူး"ဟု မော်ဟန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက ပြောသည်။

မော်ဟန်ကျေးရွာ ဘူတာစုရပ်ကွက်နေ စိုးဝင်း(၂၄)နှစ်၏ ဘေးလွယ်အိတ်အတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါသည့် အထုပ် ၁၉ ထုပ်(ဆေးပြား ၃၈၀၀)အား ရှာဖွေတွေ့ရှိခဲ့ပြီး ကာလတန်ဖိုး ငွေကျပ် ၁၁၄ သိန်းခန့်ရှိကြောင်း သိရသည်။

**(မင်းမင်းဦး)**



# တန်ဖိုးဆိုသည်မှာ . . .

ဇင်လင်းထွန်း(မနဖြူ)

ဩဂုတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး (Myanmar Letwhay Association-MLA) က စီစဉ်သည့် မြန်မာ့ရိုးရာလက်ဝှေ့အကြောင်း သိကောင်းစရာဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့နံနက်ပိုင်းက ထိုကျောင်းရှေ့တွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ကျောင်းသား ကျောင်းသူလေးများကို မူးယစ်ဆေးအန္တရာယ်၊ ယာဉ်အန္တရာယ်၊ မှုခင်းအန္တရာယ် ပညာပေးအစီအစဉ်များ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ပြခန်းယာဉ်ကြီးပေါ်သို့ ကျောင်းသား ကျောင်းသူလေးများကို အသုတ်လိုက်ဖိတ်ခေါ်၍ နံရံကပ်ဓာတ်ပုံနှင့် စာစောင်များကို ဖတ်ရှုကြည့်ရှုလေ့လာကြစေပြီး ပြည်သူ့ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခြင်း၊ မေးခွန်းများကို ဖြေကြားခြင်းများ ပြုလုပ်သည်။ အထူးသဖြင့် ထိုအစီအစဉ်တွင် မူးယစ်ဆေးအန္တရာယ် ပညာပေးမှုသည် ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ အနာဂတ်အတွက်သာမက တိုင်းပြည်၏အနာဂတ်အတွက်ပါ အရေးပါသောဆောင်ရွက်မှုဟု ဆိုနိုင်ပါသည်။ မူးယစ်ဆေး၏သားကောင်ဖြစ်သွားသူတစ်ယောက်ကို မူးယစ်နွံတွင်းမှ ပြန်လည်ဆယ်ယူထူထောင်ပေးခြင်းထက် မူးယစ်ဆေး၏ အန္တရာယ်ကို ကြိုတင်သိရှိကာ မထိတွေ့စေရန်၊ ထိတွေ့သုံးစွဲလိုခြင်းမရှိစေရန် ဆောင်ရွက်ခြင်းသည် လွန်စွာကောင်းမွန်ထိရောက်သောလုပ်ငန်းစဉ် ဖြစ်ပါသည်။

"ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ထိရောက်၏" ဆိုသောစကားကဲ့သို့ပင် ယနေ့ လူငယ် နောင်ဝယ် လူကြီးဖြစ်လာမည့်ကာလကို တွက်ဆ၍ မူးယစ်ဆေးအန္တရာယ် ကင်းပကာ အနာဂတ်မိသားစုဘဝ သာယာလှပရေး၊ ထိုမှသည် နိုင်ငံတော်အတွက် တန်ဖိုးရှိသောလူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်စေရေး ဆောင်ရွက်ခြင်းသည် မူးယစ်ဆေးနှိမ်နင်းရသည့် လုပ်ငန်းထက် ပို၍ ထိရောက်သည်ဟုလည်း ဆိုနိုင်ပါသည်။ ထိုသို့ တွေးမြင်မိလျှင် ထိုနေ့က အထက(၁) မင်္ဂလာတောင်ညွန့်တွင် မတူသောအဖွဲ့အစည်းနှစ်ရပ်က ကွဲပြားသောလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြသည်ဟု ဆိုရမည်ဖြစ်သော်လည်း သဘောအားဖြင့် မခြားနားဟု ဆိုရမည်ထင်သည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရဲတပ်ဖွဲ့သည် အနာဂတ်အမျိုးသားရေးလုပ်ငန်းစဉ်ကို ကြိုတင်ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး(MLA) သည်လည်း မြန်မာတို့၏ အမျိုးသားရေးလက္ခဏာတစ်ရပ်ဖြစ်သော မြန်မာ့ရိုးရာလက်ဝှေ့၏အနာဂတ်အတွက် ကျောင်းသား ကျောင်းသူ လူငယ်များကို လက်ဆင့်ကမ်းအသိပညာပေးဝေသည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းဖြစ်သောကြောင့်ပင်။ ယနေ့အချိန်အထိ ကျောင်းသား ကျောင်းသူ အရွယ် လူငယ်များမဆိုထားနှင့် လူကြီးပိုင်းအတော်များများပင်လျှင် မြန်မာ့ရိုးရာလက်ဝှေ့ဆိုသည်မှာ ပွဲစီစဉ်သူတို့၏ စီးပွားရေးလုပ်ငန်းတစ်ရပ် (အသေးစားစီးပွားရေးလုပ်ငန်း)ဟု ရှုမြင်သုံးသပ်မှုရှိနေကြပြီး ရိုးရာလက်ဝှေ့သမားများကိုလည်း ပညာမဲ့သော လူကြမ်းတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်ဟု ရှုမြင်ကြသည်။ တိုက်ကြက်သေ၍ ဝင်စားသည်ဟုပင် ဆိုချင်သူများလည်း ကြုံခဲ့ရဖူးသည်။

ထိုအခါ မြန်မာ့ရိုးရာလက်ဝှေ့သည် မြန်မာ့မြေပေါ်တွင် နှစ်ပေါင်းထောင်ချီ တည်ရှိလာခဲ့ပြီး ဘိုးဘေးစဉ်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့သော ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဟူသည့် တန်ဖိုးထားမှုများ မရှိနိုင်သကဲ့သို့ မြန်မာတို့၏ အမျိုးသားရေးလက္ခဏာတစ်ရပ်ဖြစ်ကြောင်းလည်း ကောင်းစွာသဘောမပေါက်နိုင်တော့ပေ။ မြန်မာ့ရိုးရာလက်ဝှေ့သည် စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်နေခြင်းကြောင့်ပင် ယနေ့အထိ ရပ်တည်ရှင်သန်နေသေးသည်ဟု ဆိုရမည်ဖြစ်သော်လည်း အမျိုးသားအကျိုးစီးပွားအဖြစ် ခရီးသွားလုပ်ငန်းနှင့်ချိတ်ဆက်ကာ မီးခိုးမထွက်သည့်စက်ရုံပမာ ပြည်ပဝင်ငွေ ရှာဖွေပေးနိုင်ကြောင်း သဘောပေါက်သူက ရှားလှသည်။ အချို့ပွဲစီစဉ်သူများက မြန်မာ့ရိုးရာလက်ဝှေ့ဖြင့် စီးပွားရှာရန် ရည်သန်သော်လည်း ရိုးရာလက်ဝှေ့၏ ထူးခြားသောကိုယ်ပိုင်ဟန်များ၊ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးရှိနေမှု အမျိုးသားရေးလက္ခဏာအသွင်ဆောင်နေမှုများကို ဂရုမပြုမိဘဲ အခြားသော မာရှယ်အတ်ပြိုင်ပွဲများ၏ နောက်မြီးဆွဲအဖြစ်သို့ တွန်းပို့သကဲ့သို့ ဖြစ်သည်။ မိမိတို့ ရိုးရာလက်ဝှေ့ထက် သမိုင်းကြောင်းအရ နှစ်ပေါင်း ၈၀၀ မျှ နောက်ကျခဲ့သော ဒေသတွင်း နိုင်ငံတစ်ခုက သူတို့၏ လက်ဝှေ့ကို အမျိုးသားရေးလက္ခဏာတစ်ရပ်အဖြစ် တန်ဖိုးမြှင့်နိုင်သကဲ့သို့ သူတို့၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ကမ္ဘာ့မာရှယ်အတ်ပရိသတ်များ၏ တန်ဖိုးထားမှုကို ရယူနိုင်ခဲ့သည်။

ထို့ပြင် ခရီးသွားလုပ်ငန်းနှင့်ချိတ်ဆက်ကာ မီးခိုးမထွက်သောစက်ရုံအဖြစ် ပြည်ပဝင်ငွေရှာဖွေကြရာတွင် ပွဲကြည့်ပရိသတ်များထံမှရရှိသော ဝင်ငွေသာမက သူတို့၏ ရိုးရာလက်ဝှေ့ကို လာရောက်သင်ကြား တပည့်ခံသူများထံမှ ဆရာကြေးရရှိသော ဝင်ငွေများလည်း ပါဝင်သည်။ ဂေဟစနစ်အားဖြင့် ထိုဧည့်သည်များ၊ ပညာသင်များအတွက် စား၊ နေ၊ သွား ဝန်ဆောင်မှုလုပ်ငန်းများလည်း ပိုမိုကောင်းမွန်ဖွံ့ဖြိုးလာသည်။

အချို့က ထိုအချက်ကို နှစ်သက်ပြီး ထိုလက်ဝှေ့ကို မြန်မာနိုင်ငံအတွင်း တင်သွင်းသော် ကောင်းလေစွဟု ယူဆကြိုးပမ်းလာခြင်းမျိုးပင်ရှိနေသည်။ ထိုသို့ အမေကျော် ဒွေးတော်လွမ်းခြင်းမျိုးမှာ ကြာပင်အောက်တွင်နေပါလျက် ကြာဝတ်ဆံနှင့် ဝတ်ရည်၏တန်ဖိုးကိုမသိသော ဖားကဲ့သို့ပင် ဆိုရမည်ထင်သည်။ ရုရှားကဲ့သို့ ကမ္ဘာပတ်ကာ ကိုယ်ခံပညာရပ်များကို မွှေနှောက်လေ့လာနိုင်စွမ်းရှိသော နိုင်ငံကြီးက မြန်မာ့သိုင်းပညာရပ်များကို တခုတ်တရသင်ယူကာ မော်စကိုမြို့တွင် မြန်မာ့သိုင်းစင်တာဟု ဖွင့်လှစ်ထားပြီး မြန်မာ့ရိုးရာလက်ဝှေ့ကိုလည်း လာရောက်လေ့လာသင်ယူ၍ Burmese Boxing ဟူသော အမည်ဖြင့် ဥရောပအဆင့်ပြိုင်ပွဲများပင် ကျင်းပနေသည်။

ကိုယ်ခံပညာထွန်းကားမှုအရတွင် ကမ္ဘာကျော်သော ဂျပန်နိုင်ငံကလည်း မြန်မာ့ရိုးရာလက်ဝှေ့၏ အမျိုးသားရေးလက္ခဏာအသွင်ဆောင်မှု၊ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးရှိမှုတို့ကို အသိအမှတ်ပြုကာ ရာနှုန်းပြည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ (ခေါင်းတိုက်သတ်ကွက်၊ ဗလာလက်သီး အနားတောင်းစနစ်၊ အဖြေမပေါ် သရေပေးစနစ်အပါအဝင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမှုပုံစံအပြည့်)ကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည်မှာ လေးကြိမ်တိုင်ခဲ့ပြီ ဖြစ်သည်။ (လာမည့် စက်တင်ဘာ ၂၆ ရက်တွင် ပဉ္စမအကြိမ် ကျင်းပဦးမည်) ထိုသို့ ရုရှားနှင့် ဂျပန်တို့က မြန်မာ့ရိုးရာလက်ဝှေ့ ကြာဝတ်ရည်များကို ပျားပိတုန်းတို့အလား လာရောက်စားသုံးကြချိန်တွင် ပြည်တွင်းမှပွဲစီစဉ်သူအချို့က အခြားမာရှယ်အတ်ပြိုင်ပွဲများကို ပြည်တွင်းသို့ တင်သွင်းရန် ကြိုးပမ်းအားထုတ်ခြင်း၊ မြန်မာ့ရိုးရာလက်ဝှေ့၏ထူးခြားသော ကိုယ်ပိုင်ဟန်များကို ဖျောက်ဖျက်၍ သူတစ်ပါး၏ နောက်မြီးဆွဲပုံစံ သွတ်သွင်းခြင်းမျိုး ပြုလုပ်ခြင်းမှာ ရိုးရာလက်ဝှေ့၏ အမျိုးသားရေးလက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးရှိမှုကို သတိမပြုမိသေးသောကြောင့်ဟု ဆိုရမည်ထင်သည်။ တန်ဖိုးဆိုသည်မှာ နားလည်မှု၊ တတ်သိမှုနှင့် အချိုးကျသည်ဟုဆိုရပေမည်။ ပတ္တမြား၏တန်ဖိုးကို မသိသူက ကျောက်စုန်းဟု ထင်မှတ်တတ်ကြောင်း ရှေးလူကြီးများ ဆိုစကားရှိခဲ့သည်။ ပျူခေတ်ကျောက်စာချပ်၏ ရှေးဟောင်းအမွေအနှစ်တန်ဖိုးကို မသိသောသူက အဝတ်လျှော်ကျောက်ပြားအဖြစ် အသုံးပြုသည်။ အနုသုခုမလက်ရာတန်ဖိုးကို မသိသဖြင့် ရှေးဟောင်းဘုရားတံကဲများကို ဈေးပေါပေါဖြင့် ရောင်းစားသူတို့လည်းရှိသည်။ ထိုဖြစ်စဉ်များကဲ့သို့ပင် မြန်မာ့ရိုးရာလက်ဝှေ့၏ အမျိုးသားရေးလက္ခဏာအသွင်ဆောင်မှု၊ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးရှိမှုတို့ကို လူငယ်များ မသိရှိကြပါလျှင် ထိန်းသိမ်းစောင့်ရှောက်သင့်သည်ဟူသော ခံယူချက်တို့လည်း ရှိတော့မည်မဟုတ်ဘဲ မကြာခင် အမျိုးသားရေးလက္ခဏာတစ်ရပ် ပျောက်ကွယ်ကာ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်သည် တန်ဖိုးမဲ့သွားတော့မည်။





ထိုအရေးကို တွေးဆမိသော မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး(MLA) က အမျိုးသားရေးစိတ်ဓာတ်အစ စာသင်ကျောင်းကဟူသောခံယူချက်ဖြင့် ပညာရေးဝန်ကြီးဌာနနှင့်ချိတ်ဆက်ကာ အခြေခံပညာအထက်တန်းကျောင်းများတွင် မြန်မာ့ရိုးရာလက်ဝှေ့အကြောင်း သိကောင်းစရာဟောပြောပွဲနှင့် သရုပ်ပြပွဲများကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း MLA ဥက္ကဋ္ဌ ဦးဝါဆိုဝင်းမြင့်က ပြောကြားသည်။

ဩဂုတ် ၃၁ ရက်က အထက(၁) မင်္ဂလာတောင်ညွန့် ခန်းမ၌ကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့အကြောင်းသိကောင်းစရာ ဟောပြောပွဲနှင့် သရုပ်ပြပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဦး၊ MLA နာယက ဦးခင်မောင်စိုးတို့က အဖွင့်အမှာစကားပြောကြားကြပြီး ဂျပန်နိုင်ငံတွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲများ သွားရောက်စီစဉ်ပေးသူ မြန်မာမီဒီယာဂရု(ပ်) မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏ(ခ) စာရေးဆရာမာဂျေက ရိုးရာလက်ဝှေ့၏ အမျိုးသားရေးလက္ခဏာအသွင်ဆောင်မှု၊ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးကြီးမားမှု၊ ထူးခြားသောကိုယ်ပိုင်ဟန်များဖြင့် ထည်ဝါစွာရပ်တည်နိုင်မှုနှင့် လူငယ်တို့၏ အောင်မြင်ရေးလမ်းကြောင်းတစ်ခုဖြစ်ကြောင်း အချက်အလက် အကိုးအကားများဖြင့် ဟောပြောသည်။

ထို့နောက် နဂါးမာန် ရိုးရာလက်ဝှေ့ကလပ်မှ ဆရာ ကဘော်မြေကျော်စိုးနှင့် ၆၀ ကီလိုတန်း ထပ်ဆင့်ကမ္ဘာ့ရွှေခါးပတ်ချန်ပီယံ ထွန်းလွင်မိုးအပါအဝင် လက်ဝှေ့ကစားသမားများ၊ ထွန်းသွင် ရိုးရာလက်ဝှေ့ကလပ်မှ ဆရာ ရဲသွေးနှင့် အမျိုးသမီး ရိုးရာလက်ဝှေ့မယ် ဘယ်ရောနီကာနှင့် နော်ဥမ္မာစိုးတို့က ရိုးရာလက်ဝှေ့ရေး၊ လေ့ကျင့်ရေး၊ ယှဉ်ပြိုင်ရေးများကို သရုပ်ပြကြသည်။ အဋ္ဌမတန်းနှင့် နဝမတန်း ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်ထဲမှ ကျောင်းသားငါးဦး၊ ကျောင်းသူ ငါးဦးတို့ကို ဖိတ်ခေါ်ကာ ရိုးရာလက်ဝှေ့ရေး ပြသစေခြင်း၊ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကောက်နုတ်ချက်များကို ပရိုဂျက်တာဖြင့် ပြသခြင်းများလည်းပါဝင်ရာ ကျောင်းသား ကျောင်းသူလေးများ စိတ်ဝင်စားကြသည်နှင့်အမျှ မြန်မာ့ရိုးရာလက်ဝှေ့ကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြရမည် ဟူသော ခံယူချက်တို့လည်း ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်မိပါတော့သည်။ ။

# သီပေါမြို့နယ် တွန်ကာကျေးရွာမှ ဖျားနာကလေးငယ်ရှစ်ဦး မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူ

**သီပေါ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တွန်ကာကျေးရွာနေ အသက်(၁၀)လမှ (၁၁)နှစ်အရွယ်အတွင်းရှိ ကလေးငယ်ရှစ်ဦး ဖျားနာနေသည့်အတွက် ဩဂုတ် ၃၁ ရက် ညနေပိုင်းနှင့် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ဘော်ကြိုပရဟိတ လူမှုကူညီရေးအသင်းယာဉ်ဖြင့် သီပေါမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါ ဖျားနာကလေးရှစ်ဦးကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဦးလှထွန်းနှင့်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက စစ်ဆေးစမ်းသပ်ပြီး လိုအပ်သည့်ဆေးဝါးကုသမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့သည်။

"ဆေးရုံကိုရောက်လာတဲ့ ကလေးရှစ်ဦးစလုံး ကျန်းမာရေးစစ်ဆေးတဲ့အခါမှာ ရိုးရိုးရာသီတုပ်ကွေးသာ ဖြစ်ပါတယ်။ ဒါပေမယ့် ပိုမိုစိတ်ချရအောင် စစ်ဆေးစမ်းသပ်ချက်နမူနာတွေကိုလည်း သက်ဆိုင်ရာထံ ပေးပို့ထားပါတယ်။ ကလေးတွေကိုလည်း သီးခြားအဆောင်တစ်ခုမှာထားရှိပြီး စောင့်ကြည့်ကုသပေးတယ်။ ခုတော်တော်လေးသက်သာနေပါပြီ။ စိုးရိမ်စရာမရှိတော့ပါဘူး"ဟု မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှထွန်းက ပြောကြားခဲ့သည်။

တွန်ကာကျေးရွာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက သွားရောက်ပြီး ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးစစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရေး အသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(သီပေါကိုလတ်)**





## ပျက်ကျ Y-8 လေယာဉ် အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ပျက်ကျ Y–8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိစေရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ် မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေနှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေမှုများမှ လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖျာပုံမြို့၌ အချက်ပြမီးပွိုင့်အနီးနှင့် ဗိုလ်ချုပ်လမ်းအတွင်းရပ်နားထားသည့် ကုန်တင်ယာဉ်ကြီးများကို ရှင်းလင်းပေးရန် ပြည်သူများလိုလား

**ဖျာပုံ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ (၂)လမ်းနှင့် ဗိုလ်ချုပ်လမ်းတို့ဆုံရာနေရာတွင် အချက်ပြမီးပွိုင့်များတပ်ဆင်ထားပြီး ယာဉ်မရပ်ရနေရာများ သတ်မှတ်ပေးထားသည်။ သို့သော် မီးပွိုင့်ဧရိယာအတွင်း ကိုယ်ပိုင်ကားများ၊ ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ ရပ်နားထားသဖြင့် နေ့စဉ် ပြည်သူများ ဈေးရောင်းဈေးဝယ်ချိန်နှင့် ကျောင်းသား ကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင်ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေ၍ ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ကြုံတွေ့နေရသည်မှာ အမှန်ပင်ဖြစ်သည်။

ထို့အပြင် အချက်ပြမီးပွိုင့်လမ်းဆုံနေရာဖြစ်သည့် ဗိုလ်ချုပ်လမ်းနှင့် (၅) လမ်းကြားတွင် ကုန်တင်ယာဉ်ကြီးများ နေ့နေ့ညညရပ်နား၍ ကုန်တင်၊ကုန်ချ ပြုလုပ်နေသည်မှာလည်း အချိန်ကာလ အတန်ကြာနေပြီဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိဌာနဆိုင်ရာများက ရှင်းလင်းဖယ်ရှားပေးရန် မြို့နေပြည်သူများက လိုလားတောင့်တနေကြောင်း သိရသည်။

ဖျာပုံမြို့တွင်းလမ်းများတွင် ယာဉ်မရပ်ရနေရာများနှင့် (၂)တန်အထက် ကုန်တင်ယာဉ်များ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဝင်ရောက်ခြင်းမပြုရန် သတ်မှတ်ပေးထားသည်။ သို့သော်စည်းကမ်းလိုက်နာမှုမရှိသော ကုန်တင်ယာဉ်အသီးသီးနှင့် သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီများ ရပ်နားခြင်း၊ ကုန်တင်၊ကုန်ချ ပြုလုပ်ခြင်းများကြောင့် လမ်းပျက်စီးမှု၊ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေခြင်းကို သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများပူးပေါင်း၍ ရှင်းလင်းဖယ်ရှားပေးမှသာ ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**








**ဖခင်အမည်မှန်**

ကမာရွတ်မြို့နယ်၊ အထက(၂) ကမာရွတ်၊ နဝမတန်း(B)မှ မောင်ချမ်းမင်းပိုင်နှင့် အမက(၁၀)ကမာရွတ်၊ တတိယတန်းမှ မောင်ရဲမင်းပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးရဲတင့်[၁၂/ကမရ(နိုင်)၀၇၁၃၈၁] ဖြစ်ပါကြောင်း။

**ဦးရဲတင့်**

**မိဘအမည်မှန်**

သာကေတမြို့နယ်၊ အမက(၆)မှ မောင်မင်းထက်နိုင်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအာမရသွန်[၁၂/သကတ(နိုင်)၁၃၃၈၅၂] ဖြစ်ပါကြောင်း။

**ဦးအာမရသွန်**

**ဖခင်အမည်မှန်**

ကျောက်ပန်းတောင်းမြို့၊ တက်သစ်စ ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းမှ မခိုင်ဝေ၏ ဖခင်အမည်မှန်မှာ ဦးပို [၉/ညဥန(နိုင်)၀၆၀၄၅၅] ဖြစ်ပါကြောင်း။

**ဦးပို**

**ဖခင်အမည်မှန်**

ကျောက်ပန်းတောင်းမြို့၊ တက်သစ်စ ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းမှ မဆောင်းနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဟန် [၉/ညဥန(နိုင်)၀၆၁၃၄၁] ဖြစ်ပါကြောင်း။

**ဦးမောင်ဟန်**

## အခြေခံမြေတိုင်းတာခြင်း သင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာ ဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သော စနစ်တကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့ (အောက်မြန်မာပြည်) သန်လျင်၏ အခြေခံမြေတိုင်းတာခြင်း သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက သန်လျင်မြို့ရှိ အမှတ်(၁၈) စက်မှုလယ်ယာ ထွန်စက်စခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးသောင်းထိုက်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများထံပေးအပ်ကာ ဦးစီးအရာရှိ ဦးထွန်းထွန်းဦးက သင်တန်းနည်းပြများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသား ၄၄ ဦးတက်ရောက်ခဲ့ပြီး သင်တန်းအား နှစ်ပတ်ကြာဖွင့်လှစ်ခဲ့သည်။

**သန်းဝင်း(သန်လျင်)**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပ/၃၇၊ မြေကွက်အမှတ်-၁၀၁၊ အကျယ်အဝန်း(၄၀×၆၀)ပေရှိ ပါမစ်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ထွန်းအောင် [၈/မဘန(နိုင်)၀၅၈၈၆၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြတ်ထွန်း (B.Sc,R.L)** (စဉ်-၃၆၉၀) **ဒေါ်သဲစုထွေး (LL.B,D.B.L,D.M.L,D.I.L)** (စဉ်-၁၂၁၇၃)

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၃၀၇၁၁၂၁၊ ၀၉-၇၃၁၄၄၀၅၅**

**အမြန်ပြန်လာပါ**

ကျွန်ုပ်၏ဇနီး မညိုမိမိသိန်း[၁၂/မရက(နိုင်)၁၁၃၅၃၅]သည် နေအိမ်မှဆင်းသွားပါသဖြင့် အမြန်ဆုံးပြန်လာပါရန် လက်ခံထားရှိသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဦးနိုင်ညီညီ**

**[၅/ရဘန(နိုင်)၁၂၇၈၅၄]**

**ဖုန်း-၀၉-၉၅၆၀၅၁၇၆၃**

**✻ ယူ ၁၈ မှ**

အံ့မော်ဦး၊ လွင်မိုးအောင်၊ မင်းထူးအိမ်လင်း၊ မြတ်ကောင်းခန့်၊ သက်ပိုင်ထူး၊ ဝေလင်းအောင်၊ ရှေ့တန်းတွင် ဟိန်းထက်အောင်၊ ထက်ဖြိုးဝေ၊ ပြည့်စုံနိုင်၊ ဝေယံဦး၊ ဝင်းနိုင်ထွန်း၊ ဇော်မင်းထွဋ်တို့ ပါဝင်ကြသည်။

ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တီမော၊ လာအို၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် အိမ်ရှင်မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းအသင်းတို့ ပါဝင်လျက်ရှိသည်။ အုပ်စုပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲ(သို့မဟုတ်)သုံးပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ပုံမှန်ကျင်းပမည်ဖြစ်ကာ အုပ်စု(က)တွင် ခြောက်သင်းပါဝင်နေသောကြောင့် တစ်နေ့လျှင် သုံးပွဲကစားရမည်ဖြစ်ရာ ညနေ ၃ နာရီတွင် ကစားမည့်တစ်ပွဲကို အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ညနေ ၃ နာရီနှင့် ညနေ ၆ နာရီတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲအားလုံးကို ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၅ ရက်တွင် အင်ဒိုနီးရှား၊ စက်တင်ဘာ ၉ ရက်တွင် ဘရူနိုင်း၊ စက်တင်ဘာ ၁၁ ရက်တွင် ဖိလစ်ပိုင်၊ စက်တင်ဘာ ၁၃ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမဆုံးပွဲနှင့် နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်နေသည်။

မြန်မာ ယူ-၁၈ အသင်းကို ပြင်သစ်လူမျိုး ဘန်လာဘီကကိုင်တွယ်လျက်ရှိပြီး အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်ထားသည်။ မြန်မာ ယူ-၁၈ အသင်းသည် ရွေးချယ်ထားသည့် ပဏာမလက်ရွေးစင်ကစားသမားများ အတွေ့အကြုံရစေရန် ဖီးနစ်အသင်းအမည်ဖြင့် ပထမတန်းပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဩဂုတ်လဆန်းပိုင်းမှစ၍ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ဩဂုတ် ၁၁၊ ၁၃ ရက်တွင် အင်တာမီလန် ယူ-၁၈ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ ပထမပွဲတွင် လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယပွဲတွင် နှစ်ဂိုးစီ သရေကျခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ထိုင်းနှင့် ခြေစမ်းပွဲမတိုင်မီ ရှမ်းယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ထိုင်း ယူ-၁၈ အသင်းနှင့် ခြေစမ်းပွဲကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

## ဖယ်ခုံမြို့ အ-ထ-က ၃ ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ဖယ်ခုံ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၁၁ နာရီခွဲက ဖယ်ခုံမြို့အခြေခံပညာအထက်တန်းကျောင်း ငွေရတုခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ရာ ဖယ်ခုံမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၆၀၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ(၁)မှ ကျောင်းသူ ကျောင်းသား ၁၂၃ ဦးနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(၂)မှ ကျောင်းသားကျောင်းသူ ၁၄၅ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၇၂၈ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာ ဆရာမကြီးများထံသို့ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ထို့နောက် ဆက်လက်၍ ဖယ်ခုံမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းလွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးစိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူး ဦးခွန်းအောင်မြင့်နှင့် ရုံးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဦးခဲမိုင်၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

## ခြံစည်းရိုးကာခြင်းနှင့် ကျေးရွာခန်းမ ဆောက်လုပ်မှု ပြီးစီး

**ချောင်းဦး စက်တင်ဘာ ၂**

ကိုရီးယား-မြန်မာ ဆယ်မာအူးလ်စီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာတွင် ရွာလယ်လမ်းမကြီးတစ်လျှောက်အား သံဆန်ခါများဖြင့် ခြံစည်းရိုးကာခြင်း၊ ကျေးလက်ခန်းမ ဆောက်လုပ်ခြင်းတို့ကို ဩဂုတ်နောက်ဆုံးပတ်က ဆောင်ရွက်ခဲ့သည်။

ရွှေဒါးကျကျေးရွာ၏ ရွာလယ်လမ်းမတစ်လျှောက် သံဆန်ခါခြံစည်းရိုးအရှည်တစ်ဖက်လျှင် ပေ ၂၅၀၀ ဖြင့် စုစုပေါင်းပေ ၅၀၀၀၊ ကျေးရွာခန်းမအကျယ်အဝန်းမှာ အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၃ ပေ RC တစ်ထပ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

**ပြန်ဆက်**

## အတွေ့အကြုံရှင်းလင်းပွဲနှင့် ဥပဒေအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး စာတမ်းဖတ်ပွဲကျင်းပ



**မကွေး စက်တင်ဘာ ၂**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံရှင်းလင်းပွဲနှင့် ဥပဒေအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး စာတမ်းဖတ်ပွဲအား မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးဆန်းလင်းက တက်ရောက်လာသည့် ခရိုင်ငါးခု နှင့် ၂၅ မြို့နယ်တို့မှ ဥပဒေအရာရှိများအား အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်သီသီမာက လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများနှင့် ဥပဒေအရာရှိများအတွက် ကျင့်ဝတ်နှင့်စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းခြင်း၊ ခရိုင်ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

အတွေ့အကြုံရှင်းလင်းပွဲနှင့် စာတမ်းဖတ်ပွဲအား ဩဂုတ် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မကွေးခရိုင်ဥပဒေအရာရှိ ဒေါ်ဆွေဆွေဦးက အိမ်မြေကျူးကျော်မှုနှင့် စပ်လျဉ်း၍ သိကောင်းစရာများစာတမ်း၊ မင်းဘူးခရိုင်ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မြင့်က ပြင်ဆင်၊ အယူခံအကြောင်း သိကောင်းစရာများ၊ သရက်ခရိုင်ဥပဒေအရာရှိ ဦးကြည်ခင်က သက်ငယ်မုဒိမ်းမှုနှင့်စပ်လျဉ်း၍ သိကောင်းစရာများစာတမ်း၊ ပခုက္ကူခရိုင်ဥပဒေအရာရှိ ဦးသိန်းငွေက သစ်တောဥပဒေအရအရေးယူမှုတွင် သစ်မှအပ အခြားသောပစ္စည်းများအား သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာများစာတမ်း၊ ဂန့်ဂေါခရိုင်ဥပဒေအရာရှိ ဦးအေးဝင်းက အာမခံကိစ္စနှင့် ရဲစခန်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းကိစ္စအကြောင်း သိကောင်းစရာများစာတမ်းတို့အား ဖတ်ကြားဆွေးနွေးခြင်းများ၊ စာတမ်းအပေါ် ဥပဒေအရာရှိများက မေးမြန်းဆွေးနွေးခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖေယျာတု(မကွေး)**

## ဗန်းမော်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုအသိပညာပေးဟောပြော

**ဗန်းမော် စက်တင်ဘာ ၂**

ကချင်ပြည်နယ် ဗန်းမော်မြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(၁)နှင့် အခြေခံပညာရေးတို့ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ဗန်းမော်မြို့ မံခွန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူးဦးဇော်လွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဗန်းမော်မြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ဒုတိယရဲမှူးကျော်မိုးနိုင်က လူမှောင်ခို၊ လူကုန်ကူးခြင်းအဓိပ္ပာယ်၊ လူမှောင်ခို၊ လူကုန်ကူးမှုကျူးလွန်သူများမှာ ဒေသတွင်းနေပြည်သူများ၏ အားနာတတ်မှု၊ ရိုးသားမှု၊ မသိနားမလည်မှု၊ ငွေကြေးရလိုမှုနှင့် အလုပ်အကိုင်ရှားပါးမှုအစရှိသည်တို့အပေါ် အခြေခံကာ ဖျားယောင်းသွေးဆောင်တတ်ကြပြီး တစ်ဖက်နိုင်ငံတွင် အခိုင်းအစေအဖြစ် ရောင်းချခြင်း၊ သဘောမတူသူနှင့်ပေးစားကာ လက်ထပ်ထိမ်းမြားပေးခြင်းတို့ လုပ်ဆောင်၍ ပြစ်မှုကျူးလွန်ကြကြောင်း၊ လူမှောင်ခို၊ လူကုန်ကူးမှုဖြစ်စဉ်များတွင် အမျိုးသမီးများသာဖြစ်ပွားခံရသည်မဟုတ်ဘဲ အမျိုးသားများလည်း ကျူးလွန်ခံရတတ်ကြောင်းနှင့် ပြစ်မှုကျူးလွန်ခြင်း မခံရစေရေး သိထားသင့်သည်များအား ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များက လူမှောင်ခို၊ လူကုန်ကူးမှုမဖြစ်ပွားစေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၂၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**



## ကမ္ဘာ့ဘဏ်မှ လူထုဗဟိုပြု စီမံကိန်းကျေးရွာများသို့ ကွင်းဆင်းလေ့လာ

**မောက်မယ် စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းဇော်ထွန်း၊ ကမ္ဘာ့ဘဏ်မှ Mr. Oliver Russel ဦးဆောင်သောအဖွဲ့နှင့် လင်းခေးခရိုင်ဦးစီးမှူး ဦးမျိုးဇော်၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် အင်ဂျင်နီယာများ လိုက်ပါပြီး ကျေးလက်နေပြည်သူများထံသို့ လူထုဗဟိုပြု စီမံကိန်းကျေးရွာများသို့ ကွင်းဆင်းလေ့လာရေးကို စက်တင်ဘာ ၁ ရက်က လင်းခေးခရိုင် မောက်မယ်မြို့နယ် ပန်းတန်ကျေးရွာအုပ်စု လွိုင်ဆမ်ဆစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ဟိုလွိုင်ကျေးရွာအုပ်စု ခုံမွန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာနေ ဒေသခံတိုင်းရင်းသား လုပ်သားပြည်သူတို့နှင့် သွားရောက်တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

ကျေးရွာနေ ဒေသခံတိုင်းရင်းသားလုပ်သားပြည်သူများနှင့်တွေ့ဆုံပွဲတွင် ဦးစီးအရာရှိ ဦးဝင်းဇော်ထွန်းနှင့် ကမ္ဘာ့ဘဏ်မှ Mr. Oliver Russel တို့က အမှာစကားပြောကြားပြီး လင်းခေးခရိုင်ဦးစီးမှူး ဦးမျိုးဇော်က ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက် အကောင်အထည်ဖော်ရေးအတွက်လိုအပ်သည့် ငွေကြေးအထောက်အပံ့များ၊ စီမံကိန်းလုပ်ငန်းရွေးချယ်ရာတွင် ကျေးလက်နေ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန်စသည့် လူထုဗဟိုပြု စီမံကိန်းများအကြောင်းနှင့် ပတ်သက်ပြီး အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ လူထုဗဟိုပြု စီမံကိန်းများ ပြီးစီးသွားပါက နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာနေ တိုင်းရင်းသားလုပ်သားပြည်သူများ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့ကြပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယငါးနှစ် စီမံကိန်း၏ လုပ်ငန်းစီမံချက်များ ရှင်းလင်း

**တောင်ကြီး စက်တင်ဘာ ၂**

၂၀၁၇ - ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယငါးနှစ် စီမံကိန်း၏ လုပ်ငန်းစီမံချက်များ ရှင်းလင်းပွဲကို စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ၁၉၉၇ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ပြီး တိုက်ဖျက်ရေးလုပ်ငန်းများကို ငါးနှစ်စီမံကိန်းများ ရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ငါးနှစ်စီမံကိန်း ၂၀၁၇- ၂၀၂၁ ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေနှင့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများမှာ တွေ့ကြုံရသည့် အခက်အခဲများကို ဝိုင်းဝန်းပူးပေါင်းဖြေရှင်းနိုင်ရန် အတွက် ယခုအစည်းအဝေးပြုလုပ်ရခြင်းဖြစ်ပါကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။



ဆက်လက်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်ထူးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရဲမှူးလှဦးက ငါးနှစ်စီမံကိန်းလုပ်ငန်းစီမံချက်များအား ရှင်းလင်းကာ တက်ရောက်လာကြသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များက အကြံပြုဆွေးနွေး၍ ရှမ်းပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**













# အမုန်း သင်ပုန်းချေ၊ အပြုံး ဆင်ဦးလေ

udlifo

ဒေါ့ခလမ်ကုန်းမြင့်ဒေသ၌ နှစ်ဖက်တပ်ဖွဲ့များ ဖြန့်ကြက်ခဲ့ကြပြီးလျှင် နှစ်လခွဲကြာမျှ စစ်ရေးအရ တင်းမာမှုရှိခဲ့ကြသော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ခေါင်းဆောင်များသည် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျင့်ပြည်နယ် ရှားမင်မြို့၌ စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည့် BRICS ထိပ်သီးဆွေးနွေးပွဲတွင် တွေ့ဆုံရန်ရှိသည် ဆိုသော သတင်းမှာ ယခုရက်သတ္တပတ်၏ ထိပ်တန်းသတင်းတစ်ပုဒ်အဖြစ် ကျွန်ုပ် သတိမူမိလေသည်။

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတည်းဟူသော ကမ္ဘာတစ်လွှားမှ နိုင်ငံကြီး ငါးနိုင်ငံတို့မှ ရွှေထီးဆောင်းမင်းများ၏ ထိပ်သီးဆွေးနွေးပွဲကို တရုတ်နိုင်ငံက ၂၀၁၁ ခုနှစ် ထိပ်သီးညီလာခံအပြီး ဒုတိယအကြိမ်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

နဝမအကြိမ် BRICS ထိပ်သီးညီလာခံသို့ အီဂျစ်၊ ကင်ညာ၊ တာဂျီကစ္စတန်၊ မက္ကဆီကိုနှင့် ထိုင်းနိုင်ငံတို့မှ ခေါင်းဆောင်များအား အထူးဧည့်သည်တော်များအဖြစ် တက်ရောက်ကြရန် တရုတ်နိုင်ငံက ဖိတ်ခေါ်ထားသည်ဟုလည်း သိမှတ်ရသည်။

ထိုင်ဝမ် ရေလက်ကြားနံဘေးရှိ ဖူကျင့်ပြည်နယ် ရှားမင်မြို့၌ သုံးရက်တိုင်တိုင် ကျင်းပမည့် BRICS ထိပ်သီးညီလာခံ၏ ထူးခြားလက္ခဏာတစ်ရပ်မှာကား ကမ္ဘာ့ရေးရာများ၌ အနောက်အုပ်စု နိုင်ငံများ၏ လွှမ်းမိုးမှုကို ချေဖျက်လိုခြင်းဖြစ်၏။

## မဟာအခွင့်အရေး

ဇွန်လတွင် နယ်စပ်ဒေသ တင်းမာမှု စတင်ခဲ့ပြီးချိန်နောက်ပိုင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာ မိုဒီတို့ တွေ့ဆုံဆွေးနွေးရန် အခြေအနေပေးသည့် မဟာအခွင့်အရေးတစ်ရပ်ကို ယခုနှစ် ညီလာခံ၏ ထူးခြားဖြစ်စဉ် တစ်ခုအဖြစ် ရှုမြင်ကြလေသည်။

အာရှဒေသရှိ အင်အားကြီး နှစ်နိုင်ငံတို့ဖြစ်ကြသော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှာ သမိုင်းအစဉ်အလာအရ ပြိုင်ဘက်နိုင်ငံများဖြစ်ကြသကဲ့သို့ ဘရာဇီး၊ ရုရှားနှင့် တောင်အာဖရိကနိုင်ငံများနည်းတူ ထွန်းသစ်စ စီးပွားရေးတည်မြဲရာ နိုင်ငံကြီးများလည်းဖြစ်ကြသည်။

စီးပွားရေး ဖွံ့ဖြိုးမှုမှသည် လူမှုရေး ဖွံ့ဖြိုးမှုအထိ ဖွံ့ဖြိုးမှုပေါင်းစုံ ဖြစ်ပေါ်ရေးကို ဦးတည်သော ငါးပွင့်ဆိုင် ဖိုရမ်ဆွေးနွေးပွဲကြီးသည် ကမ္ဘာလွှမ်းခြုံ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးရန်ဟူသော ကြီးမြတ်လှသည့် ရည်မှန်းချက်ရှိနေသည့်တိုင်အောင် ကမ္ဘာတစ်လွှားသြဇာ ချဲ့ထွင်နိုင်ရေးအတွက် ယှဉ်ပြိုင်မှု ကြီးကြီးမားမား ရှိနေကြသော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ကြမည်ကို ကမ္ဘာ့နိုင်ငံများက မျက်လုံးဒေါက်ထောက် လေ့လာစောင့်ကြည့်နေကြလေပြီ။

ဒေသတွင်း ယှဉ်ပြိုင်မှုအဖြစ် အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နှင့် အိန္ဒိယတို့၏ ယှဉ်ပြိုင်မှုကို တွေ့မြင်နိုင်သည်။

အိန္ဒိယသမုဒ္ဒရာ အနောက်ပိုင်း၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့သည်ဟု တရုတ်နိုင်ငံက ဩဂုတ် ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းမှာ ထိပ်သီးညီလာခံ အကြိုကာလ ထူးခြားဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး ဒေသဆိုင်ရာ မဟာဗျူဟာအရွေ့အဖြစ် တရုတ်နှင့် ပါကစ္စတန်၊ သီရိလင်္ကာနှင့် အခြားသော ပင်လယ်ကမ်းရိုးတန်းတည်ရှိရာ နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိလေသည်။

## ရပ်ဝန်းတစ်ခု လမ်းတစ်လမ်း

တရုတ်နိုင်ငံ၏ ရည်မှန်းချက်ကြီးမားလှသော အစီအစဉ်ဖြစ်သည့် "ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း" အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး အစီအစဉ်နောက်ကွယ်မှ မဟာဗျူဟာရည်မှန်းချက်များနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံမှာ စိုးရိမ်ပူပန်မှုများ ရှိနေကြောင်း နိုင်ငံရေးလေ့လာသူများက ဆိုကြသည်။ OBOR (One Belt, One Road) ဟု သိရှိကြသော ယင်းအစီအစဉ်တွင် အဓိကကျသော အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်လှုပ်ရှားသည့် နိုင်ငံမှာ ပါကစ္စတန်နိုင်ငံဖြစ်ပြီး တောင်အာရှဒေသရှိ ယင်းနိုင်ငံသည် အိန္ဒိယ၏ အဓိကယှဉ်ပြိုင်ဘက်ဖြစ်ကာ တရုတ်နိုင်ငံအတွက် အရင်းနှီးဆုံး မဟာမိတ်လည်း ဖြစ်လေသည်။

အိန္ဒိယအတွက် ရတက်မအေးစရာ နောက်ထပ်အခြင်းအရာတစ်ခုမှာ လွန်ခဲ့သည့်နှစ်က နှစ်နိုင်ငံ ကုန်သွယ်မှုပြုလုပ်ရာတွင် တရုတ်ဘက်မှ ဒေါ်လာ ဘီလီယံ ၄၀ ခန့်အထိ စံချိန်တင်ရလောက်အောင် ကုန်သွယ်ရေး ပိုငွေပြခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံ ယှဉ်ပြိုင်မှု ကြီးထွားခဲ့ပုံသာဓကများကို ပြန်လည်ထုဆွလေ့လာကြည့်လျှင် အောက်ပါအချက်များက ပြက်ပြက်ထင်ထင်ရှိလှသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင်အဖြစ် ရပ်တည်နိုင်ရေး အိန္ဒိယ၏ ကြိုးပမ်းချက်များကို တရုတ်နိုင်ငံက ကဖျက်ယဖျက်လုပ်ခဲ့သည်ဟု ဆိုသည်။ နျူကလိယ ထောက်ပံ့ရေးအုပ်စုတွင် ပါဝင်ခွင့်ရရှိရေးအတွက်လည်းကောင်း၊ ပါကစ္စတန် စစ်သွေးကြွခေါင်းဆောင် မာဆွတ်အဇားကို ကုလသမဂ္ဂက အကြမ်းဖက်သမားအဖြစ် ကင်ပွန်းတပ်နိုင်ရန် လုပ်ဆောင်ခဲ့ရာတွင်လည်းကောင်း ပွဲပျက်ခဲ့ရသည်မှာ တရုတ်၏ ပယောဂမကင်းဟုဆိုသည်။

တရုတ်က ယင်း၏ ပိုင်နက်နယ်မြေအဖြစ် ကြေညာထားသော နယ်မြေဒေသတစ်ခုသို့ ယခုနှစ်အစောပိုင်းက ပြည်ပြေးတစ်ဦးဖြစ်သူ တိဘက်ဗုဒ္ဓဘာသာရေးခေါင်းဆောင် ဒလိုင်းလာမာသွားရောက်ရန် ခွင့်ပြုပေးခဲ့ခြင်းအတွက် တရုတ်အစိုးရက ဘဝင်မကျ ဖြစ်ခဲ့ရသေးသည်။

အိန္ဒိယနှင့် ဂျပန်အပါအဝင် အမေရိကန်၏ မဟာမိတ်များနှင့် အိမ်နီးချင်းနိုင်ငံများက တရုတ်နိုင်ငံကို ဝန်းပတ်ကာ ဖိအားပေးနိုင်အောင် လုပ်ဆောင်နေသည်ဟု တရုတ်နိုင်ငံက ရှုမြင်ချိန်တွင် ဝန်ကြီးချုပ်မိုဒီက ရုရှားနှင့် ဂျပန်တို့နှင့်အတူ တရုတ်နှင့် အမေရိကန်အကြား ဆက်ဆံရေး အင်အားချိန်ခွင်လျှာ ထိန်းညှိနိုင်ရန် ကြိုးပမ်းခဲ့သည်ဟုလည်း နိုင်ငံရေးသုခမိန်တို့က သုံးသပ်ကြလေသည်။

## ဆွေးနွေးနိုင်မည့် ပလက်ဖောင်း

မည်သို့ပင်ဆိုစေကာမူ BRICS ညီလာခံကို ပုံမှန်ကျင်းပနိုင်ခြင်းဖြင့် စီးပွားရေးနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ ကဲ့သို့သော တစ်ကမ္ဘာလုံးက အလေးထားကြရသည့် ပြဿနာကြီးများနှင့် ပတ်သက်၍ အိန္ဒိယနှင့် တရုတ်နိုင်ငံအကြား အပြုသဘောဆောင်သည့် တွေ့ထိဆက်ဆံမှုများ ပြုလုပ်နိုင်ကြမည်မှာကား သေချာလှသည်။

အခါအားလျော်စွာ ဖြစ်ပေါ်တတ်သည့် တင်းမာမှုများရှိခဲ့စေကာမူ ကမ္ဘာပေါ်၌ လူဦးရေ အများဆုံးနိုင်ငံကြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးနိုင်မည့် ပလက်ဖောင်းဟူ၍ များများစားစား မရှိချိန်တွင် BRICS ကဲ့သို့သော ဖိုရမ်ဆွေးနွေးပွဲကြီးရှိနေခြင်းမှာ ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုမည်မှာ ထင်ရှားလှ၏။

ကမ္ဘာ့အင်အားကြီး နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးကို ဦးတည်သည့် BRICS အုပ်စု၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ တရုတ်အစိုးရအဖွဲ့က ရှုမြင်ပုံမှာ အပြုသဘောဆောင်လှသည်။

အာရှတိုက်ရှိ နိုင်ငံကြီးနှစ်နိုင်ငံဖြစ်ကြသော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကြီးမားသော အလားအလာကောင်း ရှိနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဩဂုတ် ၃၀ ရက်တွင် ပြောကြားခဲ့သည်။

BRICS အုပ်စု ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ လာရောက်ရန် ရှိနေစဉ်ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တိုးတက်ကောင်းမွန်လာစေရေးအတွက် ရှုမျှော်ကာ ဝန်ကြီး ဝမ်ယီက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား ပိုင်နက်နယ်မြေ အငြင်းပွားမှုရှိနေသော နယ်စပ်ဒေသ၌ နှစ်ဖက်တပ်ဖွဲ့များ နှစ်လခွဲကြာမျှ စစ်ရေးအရ တင်းမာနေခဲ့မှုကို ဖြေလျှော့နိုင်ရေးအတွက် နှစ်ဖက်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရန် ဩဂုတ်လ နောက်ဆုံးရက်သတ္တပတ်တွင် တရုတ်နှင့် အိန္ဒိယတို့ သဘောတူညီခဲ့ကြသည်။

BRICS အုပ်စု၏ ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်တွင် စတင်ဖွင့်လှစ်ရန် ရှိနေချိန်တွင် စစ်ရေးအရ ထိပ်တိုက်တွေ့မှု အဆုံးသတ်ရေးအတွက် သဘောတူညီချက်တစ်ရပ်ကို နှစ်နိုင်ငံ ရရှိခဲ့ကြခြင်းဖြစ်သည်။

မိမိတို့ အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံအကြား အခါအားလျော်စွာ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လေ့ရှိတတ်ကြောင်း၊ အရေးကြီးလှသည်မှာ နိုင်ငံအချင်းချင်း အပြန်အလှန် လေးစားသော စိတ်ဓာတ်နှင့်အတူ မိမိတို့ ခေါင်းဆောင်များ၏ စိတ်တူကိုယ်တူဖြစ်မှုဖြင့် ဖြစ်ပေါ်လာသမျှပြဿနာရပ်များအားလုံးကို သင့်လျော်သည့်နေရာ၊ သင့်လျော်သည့် ကိုင်တွယ်ဆောင်ရွက်ပုံတို့အရ ဖြေရှင်းကြရန်ဖြစ်ကြောင်း ဝန်ကြီး ဝမ်ယီက ထိပ်သီးဆွေးနွေးပွဲ အကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

## အမုန်းသင်ပုန်းချေ

ဇွန်လ ၁၆ ရက်မှ ဩဂုတ်လ ၂၈ ရက်အထိ စစ်ရေးတင်းမာမှု ရှိခဲ့ကြသော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် နယ်စပ်ဒေသ၌ ဖြန့်ကြက်ထားသော ယင်းတို့၏ တပ်ဖွဲ့များ ထိပ်တိုက်ရင်ဆိုင်နေမှု အဆုံးသတ်ရန် ဩဂုတ် ၂၈ ရက်တွင် သဘောတူညီခဲ့ကြရာ BRICS ထိပ်သီးညီလာခံအတွက် နိုင်ငံရေးရာသီဥတု သာသာယာယာရှိမှုဘက်သို့ တိမ်းညွတ်လေပြီဟု ဆိုနိုင်ပေလိမ့်မည်။

ဒေသဆိုင်ရာ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် တရုတ်တပ်မတော်သားများက နယ်စပ်လမ်းဖောက်မှုကို ဘူတန်နိုင်ငံ၏မဟာမိတ် အိန္ဒိယက ကန့်ကွက်ရာမှ နှစ်နိုင်ငံအကြား စစ်ရေးတင်းမာခဲ့ရခြင်းဖြစ်သော်လည်း ပဋိပက္ခကို စတင်စေသည့် ဖြစ်စဉ်မှာ အိန္ဒိယကို ရည်ရွယ်သည်မဟုတ်ဟု တရုတ်နိုင်ငံက ပြောကြားခဲ့သည်။

တောင်အာရှဒေသ တစ်ခုလုံးကို မဟာဗျူဟာအရ မိမိတို့သာ လွှမ်းမိုးသင့်သည်ဟု အိန္ဒိယဘက်က ဆိုခဲ့ပြီး ဒေါ့ခလမ်ကုန်းမြင့်ဒေသ နယ်စပ်ပဋိပက္ခကို ဒေသဆိုင်ရာ လုံခြုံရေး ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ခဲ့သည်။

တရုတ်နိုင်ငံကမူ နယ်စပ်ဒေသ၌ လမ်းပန်းဆက်သွယ်ရေးကွန်ရက် တိုးတက်ကောင်းမွန်စေခြင်းဖြင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေလိမ့်မည်ဟု ဆိုသည်။ ဖွံ့ဖြိုးရေးကို မြှင့်တင်ခြင်းဖြင့် လုံခြုံရေးအခြေအနေ ပိုမိုကောင်းမွန်လာနိုင်သည်ဟု တရုတ်နိုင်ငံက ယူဆသည်။

အိန္ဒိယနှင့် တရုတ်တို့အကြား ယခုတစ်ကြိမ်တွင်သာမက ယခင်ကလည်း အခါအားလျော်စွာ တင်းမာမှုများ ရှိခဲ့ဖူးလေသည်။ အာရှတိုက်ရှိ အင်အားကြီး နှစ်နိုင်ငံအကြား မည်သို့ပင် စစ်ရေးအရ ထိပ်တိုက်တွေ့မှု ရှိခဲ့လင့်ကစား အိမ်နီးချင်းကောင်းဆက်ဆံရေး သဘောတရားအရ ဖြစ်ပေါ်လာသမျှ တင်းမာမှုကို ပြန်လည်ဖြေလျှော့ကာ အနာဂတ်ကမ္ဘာအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု တွေးတောမိရင်း "အမုန်း သင်ပုန်းချေ အပြုံး ဆင်ဦးလေ" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။

*Ref:*
*China, India rivalary looms over BRICS summit (AP)*



ဓာတ်ပုံ- You Tube


ဓာတ်ပုံ- india-aware.com

## ဟာရီကိန်းမုန်တိုင်းဒဏ်ခံခဲ့ရသူတွေကို ကိုယ်တိုင်ကိုယ်ကျသွားရောက်ထောက်ပံ့ခဲ့တဲ့ ရီတာအော်ရာ

ဗြိတိန်ရဲ့ နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ရီတာအော်ရာဟာ အမေရိကန်ပြည်ထောင်စုကို လတ်တလောဝင်ရောက်တိုက်ခတ်ခဲ့တဲ့ ဟာရီကိန်းမုန်တိုင်းဟာဗေးကြောင့် ဒုက္ခခံစားနေရတဲ့သူတွေကို ထောက်ပံ့ပေးဖို့အတွက် မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ ဒေသတစ်ခုဖြစ်တဲ့ ဟူစတန်မြို့မှာရှိတဲ့ အလှူခံဌာနတစ်ခုကို ကိုယ်တိုင်ကိုယ်ကျသွားရောက်ခဲ့တာတွေ့ရကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"I Won't Let You Down" တေးသီချင်းရဲ့ တေးသံရှင်ဖြစ်တဲ့ ရီတာအော်ရာဟာ ပြီးခဲ့တဲ့ ဩဂုတ် ၃၀ ရက်မှာတော့ အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်အတွင်းမှာရှိတဲ့ ဟူစတန်မြို့ကို သွားရောက်ခဲ့ပြီး မုန်တိုင်းဒဏ်ခံခဲ့ရတဲ့သူတွေအတွက် ထောက်ပံ့ရေးပစ္စည်းတွေပါရှိတဲ့ သေတ္တာတွေနဲ့အတူ အလှူခံဌာနတစ်ခုမှာ သူ့ကိုတွေ့ခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။ ရီတာအော်ရာဟာ မုန်တိုင်းသတင်းကို ကြားခဲ့ရပြီးနောက်မှာတော့ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ မုန်တိုင်းဒဏ်ခံခဲ့ရတဲ့သူတွေအတွက် ကူညီပေးချင်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ အဲဒီနောက်သူက မုန်တိုင်းဒဏ်ကို ဆိုးရွားစွာခံခဲ့ရတဲ့ တက္ကဆက်ပြည်နယ်တောင်ပိုင်းက ဟူစတန်မြို့ကို ကိုယ်တိုင်ကိုယ်ကျသွားရောက်မှာဖြစ်ကြောင်းနဲ့ အဆိုပါမြို့မှာရှိတဲ့ အလှူခံဌာနတစ်ခုကိုလည်း သိလိုကြောင်း လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ် ၃၀ ရက်မှာတော့ ရီတာအော်ရာကို အလှူခံဌာနမှာ ထောက်ပံ့ရေးပစ္စည်းတွေနဲ့အတူ တွေ့ခဲ့ရတာဖြစ်ပါတယ်။

ရီတာအော်ရာရဲ့အပြုအမူနဲ့ပတ်သက်ပြီး သူ့ရဲ့ပရိသတ်တွေက ချီးကျူးကြောင်းနဲ့ အားပေးထောက်ခံကြောင်း လူမှုကွန်ရက်မီဒီယာတွေမှာဖော်ပြခဲ့ကြပြီး ဒီလိုလှပတဲ့နှလုံးသားကို ထိန်းသိမ်းထားစေလိုကြောင်း ပရိသတ်တစ်ဦးက ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အခြားသောဟောလိဝုဒ်နာမည်ကျော် ကြယ်ပွင့်များစွာကလည်း မုန်တိုင်းသင့်သူတွေကို အလှူငွေတွေကူညီထောက်ပံ့ခဲ့ကြပြီး မင်းသားလီယိုနာဒို ဒီကာပရီယိုဖောင်ဒေးရှင်းနဲ့ မင်းသမီးဆန်ဒရာဘူးလော့ဒ်တို့ကတော့ အလှူငွေ အမေရိကန်ဒေါ်လာ တစ်သန်းစီ လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။




## မြန်မာနိုင်ငံအတွက် ခံစားချက်တွေကို ရေးဖွဲ့သီဆိုခဲ့တဲ့ အမေရိကန်နိုင်ငံသား အဆိုတော် ဦးဂျွန်ကြီး

မြန်မာနိုင်ငံ၏ သဘာဝအလှအပများ၊ နိုင်ငံ့ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိများနှင့် သူ မြန်မာနိုင်ငံမှာ လာရောက်နေထိုင်စဉ် တွေ့ကြုံခဲ့ရသည့်အတွေ့အကြုံများကို အမေရိကန်နိုင်ငံသား အဆိုတော် ဦးဂျွန်ကြီးက သူ၏ တစ်ကိုယ်တော် တေးအယ်လ်ဘမ်ထဲမှာ ရေးသားသီဆိုထားကြောင်း သိရသည်။

"ဒီသီချင်းတွေဟာ ပြီးခဲ့တဲ့ ၁၅ နှစ်အတွင်းက ကျွန်တော် မြန်မာပြည်မှာ နေထိုင်ခဲ့တဲ့ ကာလအတွင်းက တွေ့ကြုံခံစားဖြစ်ပေါ်ခဲ့တဲ့ သီချင်းတွေဖြစ်ပါတယ်။ သီချင်းအသီးသီးဟာ ဘယ်နေရာ ဘယ်အချိန်မှာဖြစ်ပေါ်လာတာကို ကျွန်တော်ပြောပြနိုင်ပါတယ်။ အနုပညာသမားစစ်စစ်ဆိုတာ ငွေလည်းမမှု၊ ကျော်ကြားမှုလည်း မမှုပါဘူး။ သူတို့ရဲ့ ခံစားမှုအတွေ့အကြုံတွေကို မျှဝေလို ခံစားလိုခြင်းသာဖြစ်ပါတယ်။ သီချင်းခွေ "၈" မှာ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ခံစားချက်တွေကို ကိုယ်တိုင်ရေးသော စကားသံစဉ်တွေနဲ့ တင်ဆက်ထားပါတယ်။ ဒီသီချင်းတွေရဲ့ပိုင်ရှင်ဟာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ရင်ကို ထိခိုက်လှုပ်ရှားစေခဲ့တဲ့ မြန်မာပြည် မြန်မာနိုင်ငံသားတွေနဲ့လည်း သက်ဆိုင်ပါတယ်"လို့ ဦးဂျွန်ကြီးက ပြောပြခဲ့သည်။ သူသည် ပေးမယ်ယူမလား အမည်ရှိ တေးအယ်လ်ဘမ်ကို ၂၀၀၉ ခုနှစ်က ထုတ်ဝေခဲ့ပြီး ယခု "၈" အမည်ရှိ တေးအယ်လ်ဘမ်သည် သူ၏ ဒုတိယမြောက်တေးအယ်လ်ဘမ်လည်း ဖြစ်သည်။

**(မေနှင်းဆီ)**



## ဆရီနာဝီလျံ သမီးလေးမွေးဖွား

ကမ္ဘာကျော်တင်းနစ်ချန်ပီယံ ဆရီနာဝီလျံဟာ သူ့ရဲ့ပထမဆုံးသောရင်သွေးလေးကို ပြီးခဲ့တဲ့ စက်တင်ဘာ ၁ ရက်မှာ အောင်မြင်စွာမွေးဖွားနိုင်ခဲ့ပြီဖြစ်ကာ သမီးလေးဖြစ်တယ်လို့ ဟောလိဝုဒ်မီဒီယာတွေရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒါ့ကြောင့် ကမ္ဘာ့အဆင့်တစ် တင်းနစ်မယ်တစ်ဦးဖြစ်တဲ့ ဆရီနာဝီလျံဟာ လတ်တလောမှာတော့ မိခင်တစ်ဦးဘဝကို ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ လတ်တလောမှာ အသက်(၃၅)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆရီနာဝီလျံနဲ့ သူနဲ့ စေ့စပ်ထားသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ (၃၄)နှစ်အရွယ် အဲလစ်ဇ်အိုဟီးနီးရန်းတို့ဟာ သူတို့နှစ်ဦးရဲ့ ရင်သွေးလေးကို ပြီးခဲ့တဲ့ စက်တင်ဘာ ၁ ရက်မှာ ရရှိခဲ့တာဖြစ်ပြီး မွေးဖွားချိန်မှာတော့ ၆ ပေါင် ၁၃ အောင်စရှိတာဖြစ်တယ်လို့လည်း သိရပါတယ်။

ရင်သွေးလေးကို လွယ်ထားချိန်မှာ ဆရီနာဝီလျံက သူ့အနေနဲ့ ကလေးတစ်ဦးကို မွေးဖွားရတာ လွယ်ကူတဲ့ကိစ္စတစ်ခုမဟုတ်ကြောင်း သိနားလည်ထားပေမယ့် ရင်သွေးလေးမွေးဖွားလာမယ့်အချိန်ကို မစောင့်ဆိုင်းနိုင်လောက်အောင်တွေ့ချင်နေပြီဖြစ်ကြောင်း အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ သူ့ရဲ့ဆန္ဒတွေ ပြည့်ဝလာခဲ့ပြီလို့ဆိုရမှာပဲ ဖြစ်ပါတယ်။

ဆရီနာရဲ့ ရင်သွေးလေးဖွားမြင်ပြီးနောက် စက်တင်ဘာ ၁ ရက်မှာပဲ နာမည်ကျော် ဂီတကြယ်ပွင့်တစ်ဦးဖြစ်တဲ့ တေးသံရှင် ဘီယွန်းစေးက သမီးလေးမွေးဖွားခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆရီနာဝီလျံရဲ့ လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ အဲဒီနောက် အခြားသောကြယ်ပွင့်တွေနဲ့ ဆရီနာရဲ့ ပရိသတ်တွေကလည်း ဝမ်းမြောက်ကြောင်းစာသားတွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြလာတာတွေ့ရပါတယ်။

အေးပြည့် စုစည်းသည်

## လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဂွမ်နစတစ်ဖန်နီနဲ့ ဘလိတ်ခ်ရှယ်လ်တန်

နာမည်ကျော်ဂီတကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဂွမ်နစတစ်ဖန်နီနဲ့ ဘလိတ်ခ်ရှယ်လ်တန်တို့နှစ်ဦးဟာ လူသိရှင်ကြားတွဲခဲ့ကြတဲ့သူတွေဖြစ်ပြီး ချစ်သူသက်တမ်းတစ်လျှောက်မှာလည်း ဆက်ဆံရေးအဆင်ပြေနေတာကိုသာ ကြားနေခဲ့ရပေမယ့် လတ်တလောမှာတော့ သူတို့နှစ်ဦးလမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကောလာဟလတွေပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒီလိုလမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေဟာ ဂွမ်နစတစ်ဖန်နီအနေနဲ့ ကျန်းမာရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့အချိန်မှာ စတင်ပေါ်ထွက်ခဲ့တာဖြစ်တယ်လို့လည်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာတော့ ဂွမ်နစတစ်ဖန်နီဟာ ကျန်းမာရေးပြဿနာတွေနဲ့ ရင်ဆိုင်နေရပြီး ဆံပင်အလွန်ကျွတ်တဲ့ ဝေဒနာကိုလည်း ခံစားနေရတာဖြစ်ပါတယ်။ ဒီလိုဖြစ်ရတဲ့အကြောင်းအရင်းကတော့ ဘလိတ်ခ်ရှယ်လ်တန်နဲ့ လမ်းခွဲလိုက်ပြီးနောက်ပိုင်း တစ်ကိုယ်တည်းဖြစ်နေတဲ့အချိန်တွေမှာ အထီးကျန်မှုနဲ့ ဖိအားတွေကြောင့်ဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ကြတဲ့ ဂွမ်နစတစ်ဖန်နီနဲ့ ဘလိတ်ခ်ရှယ်လ်တန်တို့ဟာ ဒီလိုအပြီးသတ်လမ်းခွဲမှုတွေနဲ့မကြုံရခင်မှာ အကြိမ်များစွာ သဘောထားမတိုက်ဆိုင်မှုတွေဖြစ်ခဲ့ကြပြီး လမ်းခွဲလုနီးပါးအခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရကာ နောက်ဆုံးမှာတော့ ဒီလိုတစ်လမ်းစီရွေ့ဆက်ခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂွမ်နစတစ်ဖန်နီနဲ့ ရင်းနှီးသူတစ်ဦးရဲ့ ပြောကြားချက်အရ မကြာမီမှာ သူတို့နှစ်ဦးပြန်လည်လက်တွဲနိုင်ကြောင်းလည်း သိရပါတယ်။ ဂွမ်နဟာ လက်ရှိအချိန်မှာ ဘလိတ်ခ်ရှယ်လ်တန်အပေါ် သံယောဇဉ်ရှိနေသေးတာဖြစ်ပြီး သူ့ကိုကောင်းမွန်အောင်ပြုပြင်သွားဖို့အတွက်လည်း ဆန္ဒတွေရှိနေတာဖြစ်တယ်လို့လည်း သိရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ဂွမ်နစတစ်ဖန်နီဟာ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း သတင်းတွေထွက်ခဲ့ပေမယ့် လတ်တလောအချိန်အထိတော့ တရားဝင်တုံ့ပြန်တာမျိုးမရှိသေးတာလည်းတွေ့ရပါတယ်။ ဒါ့ကြောင့် နာမည်ကျော်ဂီတကြယ်ပွင့်နှစ်ဦးရဲ့ ရှေ့ဆက်မယ့်အချစ်ခရီး ရှိလာနိုင်ဦးမလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာပဲ ဖြစ်ပါတယ်။

# မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲ မွန်ပြည်နယ်၌ ကျင်းပ



**မော်လမြိုင် စက်တင်ဘာ ၂**
ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများအကြား သတင်းမီဒီယာကျင့်ဝတ်ကို အခြေခံပြီး အပြန်အလှန်လေးစားမှုရှိသော ဆက်ဆံမှုတည်ဆောက်နိုင်ရေး၊ သတင်းအချက်အလက်ရယူခွင့်နှင့် ပတ်သက်၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်များဖြင့် မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲကို ရည်ရွယ်ချက်နှစ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပထမအချက်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အဖွဲ့အစည်းများနှင့် သတင်းမီဒီယာအကြား သတင်းမီဒီယာကျင့်ဝတ်ကို အခြေခံပြီး အပြန်အလှန် လေးစားမှုရှိသော ဆက်ဆံမှုတည်ဆောက်နိုင်ရေးနှင့် ဒုတိယအချက်မှာ သတင်းအချက်အလက် ရယူခွင့်နှင့်ပတ်သက်၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရေး စသည့် ရည်ရွယ်ချက်များနှင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယနေ့မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးလျက်ရှိရာ မဏ္ဍိုင်သုံးရပ်မှ ပုဂ္ဂိုလ်များအနေဖြင့် မိမိတို့သည် ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် ပုဂ္ဂိုလ်များ၊ ကိုယ်စားပြုထားသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် ပြည်သူကို မိမိတို့၏ တာဝန်ယူဆောင်ရွက်ချက်များကို အစီရင်ခံရန်လိုအပ်ကြောင်း၊ မေးမြန်းမှုများကိုလည်း ဖြေကြားရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကြားခံပစ္စည်းဖြစ်သည့် မီဒီယာများသည် ပြည်သူနှင့်ပေါင်းကူးပေးမည့် တံတားများအဖြစ် နားလည်လက်ခံပြီး ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ကျင့်သုံးဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် စိတ်ကောင်းစေတနာကောင်းထားပြီး မဏ္ဍိုင်လေးရပ်ကို အတူတကွ ပူးပေါင်းဆောင်ရွက်ညှိနှိုင်းပြီး မွန်ပြည်နယ် စည်ပင်သာယာဝပြောအောင်၊ လုံခြုံအေးချမ်းအောင် ဆောင်ရွက်ကြရေးနှင့် တရားဥပဒေစိုးမိုးမှုရှိအောင် ပြည်တွင်းအေးချမ်းမှုရရှိအောင် မဏ္ဍိုင်လေးရပ်က အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အပြန်အလှန် ထိန်းကျောင်းရမည်ဆိုသည့် မူဝါဒနှင့်သွားနေကြောင်း၊ မီဒီယာအနေဖြင့် တရားရုံးများ၏ သဘောသဘာဝကို သိစေချင်ပါကြောင်း၊ တရားရုံးသတင်းမီဒီယာလက်စွဲကို သိရှိအောင် လေ့လာထားကြရန်လိုပါကြောင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဥပဒေချုပ် ဒေါ်အေးအေးမို့က မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်မဆို ဥပဒေနှင့်ကျင့်ဝတ်များကိုသိရှိပြီး လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ယခုမဏ္ဍိုင်ကြီးသုံးရပ်နှင့် သတင်းမီဒီယာမဏ္ဍိုင်တို့သည်လည်း ပြဋ္ဌာန်းထားသော ဥပဒေ၊ လိုက်နာရမည့်ကျင့်ဝတ်များကို သိရှိပြီး ဆောင်ရွက်မှသာလျှင် တစ်ဖက်နှင့်တစ်ဖက် နားလည်မှုနှင့် ယုံကြည်မှုများ ပိုမိုရရှိစေပြီး ရည်ရွယ်ချက်များကို ပေါက်မြောက် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာမျိုးသန့်တင်က အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင် မဏ္ဍိုင်သုံးရပ်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတွေအတွက် အကျိုးရှိမည့် ကိစ္စအဝဝကို ဆောင်ရွက်လျက်ရှိရာတွင် သတင်းမီဒီယာမဏ္ဍိုင်မှ အထောက်အကူပြုပြီး ပူးတွဲလက်တွဲ ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ မီဒီယာသမားများအနေဖြင့် စတုတ္ထမဏ္ဍိုင်ဖြစ်အောင် သတင်းမီဒီယာဥပဒေကို ပြဋ္ဌာန်းပြီး ယင်းဥပဒေကျင့်ဝတ်များကို လိုက်နာစောင့်ထိန်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် သတင်းမီဒီယာကောင်စီသည် ဥပဒေအရ ပထမဆုံးဖွဲ့စည်းဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ မိမိတို့ အဖွဲ့အစည်းသည် မည်သည့်ဌာန၏ လက်အောက်ခံမဟုတ်ဘဲ သီးခြားလွတ်လပ်စွာရပ်တည်ပြီး မဏ္ဍိုင်ကြီးသုံးရပ်ကို အထောက်အကူပြု ပူးတွဲဆောင်ရွက်ရသည့် စတုတ္ထမဏ္ဍိုင်ကြီးဖြစ်ပါကြောင်း၊ မိမိတို့ကောင်စီအနေဖြင့်လည်း ကျင့်ဝတ်နှင့် ဥပဒေများကို လိုက်နာရန် အားနည်းသည့် မီဒီယာများကို မိမိတို့မီဒီယာကောင်စီမှ ထောက်ပြ ပြုပြင်ပေးလျက်ရှိပါကြောင်း၊ မဏ္ဍိုင်ကြီးသုံးရပ်နှင့် မီဒီယာများအကြား အပြန်အလှန် နားလည်ယုံကြည်မှု ပိုမိုတိုးတက်ခိုင်မြဲစေရေး၊ သတင်းရေးသားဖော်ပြမှုများတွင် သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ တိကျမှု၊ ဘက်မလိုက်မှု၊ မျှတမှုရှိစေရေးတို့အတွက် ဝိုင်းဝန်းတည့်မတ် လုပ်ဆောင်ပေးကြဖို့ အသိပေးလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဟံသာဝတီ ဦးအုန်းကြိုင်က သတင်းမီဒီယာမဏ္ဍိုင်နှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးသီဟစောက မဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး နံနက်ပိုင်းအစီအစဉ်များကို ရပ်နားခဲ့သည်။

ဆက်လက်၍ အုပ်ချုပ်ရေးမဏ္ဍိုင်မှ ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်မှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း၊ တရားစီရင်ရေးမဏ္ဍိုင်မှ ပြည်နယ်တရားသူကြီးချုပ်ကလည်းကောင်း ရှင်းလင်းပြောကြားကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော သတင်းမီဒီယာများက သတင်းရယူရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဒေါက်တာတင်လှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

## ပြန်လည်အပ်နှံသည့်ကိုင်းမြေများအားကြည့်ရှုပြီး တောင်သူများနှင့်တွေ့ဆုံ

**ပဲခူး စက်တင်ဘာ ၂**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းသည် စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ကြို့ပင်ကောက်မြို့နယ် ရှားပင်ထကျေးရွာအုပ်စု ကွင်းအမှတ် (၅၂၆/၅၂၉) ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နိုင်ငံတော်သို့ ပြန်လည်အပ်နှံသည့် ကိုင်းမြေဧရိယာ ၂၂၈ နှင့်ပတ်သက်ပြီး မြေပြင်အခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ရွာသစ်ရွာ အခြေခံပညာမူလတန်းကျောင်း၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဝန်ကြီးချုပ်က တောင်သူများအနေဖြင့် ယခုစွန့်လွှတ်မြေများနှင့်ပတ်သက်ပြီး ပြန်လည်ခွဲဝေပေးရာတွင် အဆင်ပြေမှု ရှိ-မရှိ သိရှိနိုင်ရန်နှင့် လုပ်ငန်းပြန်လည်လုပ်ဆောင်ရာတွင်လည်း အဆင်ပြေချောမွေ့မှု ရှိ-မရှိသိရှိနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြန်လည်ရရှိမြေများကို မိမိတို့အကျိုး၊ နိုင်ငံအကျိုး၊ ဒေသအကျိုးဖြစ်ထွန်းအောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးမင်းသိန်းက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကြို့ပင်ကောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စွန့်လွှတ်မြေ (၂၂၈) ဧကနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသောဒေသခံပြည်သူများက ဒေသ၌လိုအပ်နေသော လမ်း၊ တံတားများ၊ ဆည်မြောင်း၊ တာတမံကိစ္စရပ်များ၊ နှစ်စဉ်ရေလွှမ်းမိုးမှု မြစ်မခံအနောက်ဘက်၊ အရှေ့ဘက်ကမ်းတာတို့နှင့် ဆိုင်ရာကိစ္စရပ်များအား တင်ပြကြရာဝန်ကြီးချုပ်မှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီး ရွာသစ်အခြေခံပညာမူလတန်းကျောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများအား ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးအောင်ဇောနိုင်၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အတွင်းရေးမှူးဦးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများတက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**




**သန်လျင် စက်တင်ဘာ ၂**
မြန်မာနိုင်ငံ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မော်တော်ယာဉ်များတွင် အသုံးပြုနေသော အချက်ပြမီးစနစ်ကို မှန်ကန်စွာအသုံးပြုနိုင်ရန် စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးကျော်ရွှေ ဦးဆောင်သောအဖွဲ့သည် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ သီလဝါ (၆) လမ်းသွားလမ်းမကြီးနှင့် သန်လျင်ကျောက်တန်းသွား ကားလမ်းများတွင် အများပြည်သူများ သိရှိနားလည်စေရန်အတွက် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်းသိရသည်။ **အောင်ဆွေ (ရွှေတံတား)**

## ပြည်သူ့ကျန်းမာရေးအကျိုးပြု ခြင်ဆေးဖျန်း

**မြောက်ဥက္ကလာ စက်တင်ဘာ ၂**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်တွင် ရာသီတုပ်ကွေးရောဂါနှင့် (H1N1)ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါ ကြိုတင်ကာကွယ်ရေး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တပ်ခွဲမှူး ဦးအောင်ကြိုင် '၄' ရပ်ကွက်ကြက်ခြေနီတပ်ဖွဲ့တပ်စုမှူး ဦးဉာဏ်ဝင်းထူးနှင့်တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက်က ပုလဲ(၁)လမ်းမှ(၄)လမ်း၊ နှင်းဆီ(၁)လမ်းမှ (၅) လမ်းနှင့် စံပယ် (၁)လမ်းမှ (၃) လမ်းအထိ အိမ်ခြေ ၁၃၅၇ အိမ်အား ပြည်သူ့ကျန်းမာရေးအကျိုးပြုခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့ဝင်များနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ **ထွန်းဝင်း**

## နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး

**ဒေးဒရဲ စက်တင်ဘာ ၂**
ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဆားအိုးချောင်းကျေးရွာ အ-လ-က(ခွဲ)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီခွဲကကျင်းပရာ အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးပိုင်မြင့် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၁၁၈ ဦးသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်အရောက်ထုတ်ပေးခဲ့ရာ ဒေးဒရဲမြို့နယ် ပညာရေးမှူး ဒေါ်တင်အုံးက ပညာရေးဌာနကိုယ်စား မှတ်တမ်းတင်ကျေးဇူးစကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သပြေထွန်း**

## ဝဲကြီးဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင် ဂျပန်သံအမတ်ကြီးလေ့လာ

**ပေါင်းတည် စက်တင်ဘာ ၂**
ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်းရှိ ဝဲကြီးဆည်ရေသောက်စနစ် တူးမြောင်းများအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏တရားဝင်ဖွံ့ဖြိုးရေး အကူအညီချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ဆောင်ရွက်နေမှုကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi Higuchi သည် JICA မြန်မာရုံးချုပ်မှ တာဝန်ရှိသူများ၊ ဂျပန်ပညာရှင်များ၊ BWID Conssuitant Team မှ အတိုင်ပင်ခံပညာရှင်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ)၊ ညွှန်ကြားရေးမှူး တည်ဆောက်ရေး(၂) တို့နှင့်အတူ ဩဂုတ် ၃၀ ရက်က လှည့်လည်ကြည့်ရှုသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် JICA မှ Irrigation Policy ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Hiri Michi Kidata က ဂျပန်သံအမတ်ကြီးနှင့်အဖွဲ့အား စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်နှင့် လုပ်ငန်းပြီးစီးမှုတို့အား ရှင်းလင်းတင်ပြပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူး ဦးကျော်သူက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သံအမတ်ကြီးနှင့်အဖွဲ့သည် လက်ဝဲတူးမြောင်းမကြီး၏ လက်တံမြောင်း အမှတ်(၄)နှင့် ရေပေးပြွန် အမှတ်(၅) သို့ရောက်ရှိကြရာ တောင်သူရေယူအဖွဲ့၊ ရေပေးပြွန် ၂၂ ခုတို့မှရေသောက်တောင်သူအဖွဲ့တို့က လယ်ကြားမြောင်းအလိုက် ရေအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်မှုများ၊ လယ်ကြားမြောင်းကို တောင်သူများကိုယ်တိုင် တူးဖော်ခဲ့မှုအခြေအနေ၊ အကျိုးအမြတ်ဖြစ်ထွန်းစေမည့် ရေသွင်း စိုက်ပျိုးရေးစနစ် ဖော်ဆောင်ရေး စီမံကိန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ သံအမတ်ကြီးက လယ်သမားများအား ယခုကဲ့သို့ ရေယူအဖွဲ့များကို စည်းလုံးညီညွတ်စွာဆောင်ရွက်နေကြသည့် အတွက် ဝမ်းသာဂုဏ်ယူကြောင်းနှင့် ပိုမိုအောင်မြင်ရန်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း အားပေးစကားပြောကြားသည်။

လက်ဝဲလက်တံမြောင်း(၄) ရေအသုံးပြုသူများအသင်းဥက္ကဋ္ဌက ယခုကဲ့သို့ တူးမြောင်းစနစ်များ ကောင်းမွန်လာစေရန် အဆင့်မြှင့်တင်ခြင်း၊ ရေယူအသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရန် ကူညီခြင်းတို့အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)အား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ **မြင့်နိုင်(ရွှေတောင်)**

**Star Zone** Travels & Tours

**သီတင်းကျွတ်ရုံးပိတ်ရက် ပြည်ပခရီးစဉ်များ**

- 4-11 OCT
- 4-10 OCT
- 4-10 OCT
- 4-9 OCT
- 4-7 OCT
- 4-8 OCT

STAR ZONE

- 4-8 OCT
- 4-7 OCT
- 4-8 OCT

ဆက်သွယ်ရန်- 09 795 258910, 09 970 506707, 09 963 596572, 01 230 15 11, 230 15 22

**ရွှေမင်္ဂလာ** ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဆက်သွယ်ရန်

**ရွှေလမ်းခရီး** ...မှ အာဂအောင်မင်းခေါင်လှိုဏ်ဂူ

**PANDA** *Engineering Group* Since 1999

> Air-Con

$\mathcal{J}$ 09 515 8803, 09 732 29024, 09 253 582510

e-mail: kaw@pandaairron.com

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာန၏ နယ်မြေမီးသတ်စခန်း ဝန်ထမ်းနေအိမ်ပါ (၆)ထပ် (၄၅×၅၀×၆၃)ပေနှင့် ပြင်ပရေနှင့် လျှပ်စစ်မီးလုပ်ငန်း ဂါလန်(၂၀၀၀၀)ဆံ့ သံကူကွန်ကရစ် မြေအောက်ရေလှောင်ကန်(၁)လုံးအား ကော့မှူးမြို့နယ်(ကျိုက်ထော်မြောက်)တွင် အဆောက်အဦ တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါစည်းကမ်းချက်များ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များပါဝင်သော တင်ဒါအဆိုပြုလွှာများကို ရန်ကုန်တိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးရုံး၊ အမှတ်(၁၂၇)၊ ဆူးလေဘုရားလမ်းတွင် ၄-၉-၂၀၁၇ရက်မှ ၈-၉-၂၀၁၇ရက်အထိ ဝယ်ယူနိုင်ပြီး ၁၅-၉-၂၀၁၇ရက်အထိ ၁၆း၃၀နာရီနောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးရုံးသို့ ကုမ္ပဏီ Profile နှင့် ဈေးနှုန်းအဆိုပြုလွှာတို့ကို တင်ပြရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ အမှတ်(၁၂၇)၊ ဆူးလေဘုရားလမ်း၊ ဖုန်း-၀၁-၃၈၄၄၂၀ နှင့် ၀၁-၃၇၀၃၄၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သီဟလင်း**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

(10', 14', 16', 18', 22')ကား

01-570307
09-5112729
09-5126394

Dr ... Dr ...

**စံချိန်မီ** (ပညာရိပ်သာ)

Night Camp

Ph: 09-250081207, 09-252210320, 09-43178755

**ဖခင်အမည်မှန်**

တိုက်ကြီးမြို့နယ်၊ အထက၊ ဥက္ကံ ဒသမတန်း(A)မှ မနှင်းရွှေဇင်၏ ဖခင်အမည်မှန်မှာ ဦးပေါက်ကျော် ဖြစ်ပါကြောင်း။

ဦးပေါက်ကျော်

**IGCSE** CAMBRIDGE edexcel Approved Centre

- Accounting
- Economics
- Business Studies
- ICT
- Physics
- Chemistry
- Human Biology
- English
- Further Pure Mathematics

A* နှင့် A

Exam Result ... School fees

No. 704, Yadanar Housing, Yadanar Road, South Okkalapa Township
Ph. 09 799 24 24 31, 09 448 331 664

Myanma Apex Bank

**ဝန်ထမ်းအလိုရှိသည်**

(ပြည်တွင်း၌သာခန့်ထားရန်)

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်မှ ဘဏ်ခွဲများ (၉၄)ဘဏ်ကျော်ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီထပ်မံဖွင့်လှစ်မည့် ရန်ကုန်ဘဏ်ခွဲများတွင်ခန့်ထားရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

**၁။ အငယ်တန်းလက်ထောက်**

(၁) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(၂) ရုပ်ရည်ချောမောပြေပြစ်ပြီး ဆက်ဆံရေးကောင်းမွန်ရမည်။ အသက် (၂၅) နှစ်ထက်မကြီးရ။
(၃) အရပ်အနည်းဆုံး (၅' ၂") ရှိရမည်။ အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။
(၄) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်ပြီး စာရင်းကိုင်ပညာတတ်ကျွမ်းသူများကို ဦးစားပေးမည်။
(၅) မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(၆) ဘဏ်နှင့်(၃)နှစ်စာချုပ် ချုပ်ဆိုနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

**၂။ ရုံးအကူ (ကျား) ၊ သန့်ရှင်းရေး (မ) - ရန်ကုန်ဘဏ်ခွဲများအတွက်သာ**

- အနည်းဆုံးအခြေခံပညာ အလယ်တန်း (၈-တန်း) အောင်မြင်ရမည်။ (၁၀-တန်းအောင်မြင်ပြီးသူမဖြစ်ရ) အသက် (၂၀)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။ အရပ် (၅' ၂")အထက် ရှိရမည်။ ဘဏ်နှင့်(၃)နှစ်စာချုပ် ချုပ်ဆိုနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

**၃။ ယာဉ်မောင်း - ရန်ကုန်ဘဏ်ခွဲများအတွက်သာ**

- ယာဉ်မောင်းကျွမ်းကျင်ရမည်။ (ယ) လိုင်စင်ကိုင်ဆောင်ထားသူဖြစ်ရမည်။ အသက်(၃၀)နှစ်ထက် မငယ်၊အသက် (၄၀)နှစ်ထက်မကြီးရ။ ဘဏ်နှင့်(၃)နှစ်စာချုပ် ချုပ်ဆိုနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

**၄။ ဘဏ်လုံခြုံရေးဝန်ထမ်းများ (ကျား)**

- အနည်းဆုံး အခြေခံပညာ အလယ်တန်း (၈-တန်း) အောင်မြင်ရမည်။ (၁၀-တန်းအောင်မြင်ပြီး သူမဖြစ်ရ)။ အသက် (၂၅)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။ အရပ် (၅' ၂")အထက် ရှိရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။ ဘဏ်လုံခြုံရေးဝန်ထမ်းလုပ်ကိုင်ဖူးသူများလည်း လျှောက်ထားနိုင်သည်။

**အလုပ်လျှောက်ထားသူများသည်**

ကိုယ်ရေးမှတ်တမ်း/ပညာအရည်အချင်းအထောက်အထား/လုပ်ငန်းအတွေ့အကြုံ/နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ/သန်းခေါင်စာရင်းမိတ္တူ/အလုပ်သမားမှတ်ပုံတင်မိတ္တူ/မကြာမီကရိုက်ထားသောကာလာဓါတ်ပုံ (Passport Size)/ အကျင့်စာရိတ္တနှင့်ပတ်သက်၍ သက်ဆိုင်ရာရပ်ကွက်/ရဲစခန်းထောက်ခံချက် ပူးတွဲ တင်ပြရမည်။ အလုပ်လျှောက်လွှာများကို (၂၂-၉-၂၀၁၇)နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်းပေးပို့ရမည်။ အိမ်ထောင်စုစာရင်းပါဒေသခံဖြစ်ရမည်။ **မပြည့်စုံသောလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။**

**အလုပ်လျှောက်ထားရန်နှင့်ဆက်သွယ်ရန်လိပ်စာ**

(၁) အမှတ်(၂၀၇)၊ သိမ်ဖြူလမ်း(အလယ်)ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
(ရန်ကုန်ဘဏ်ခွဲများအတွက်)

**ဘာရာသန်းနိုင်** IELTS

Ph: 09 5136158, 09 965136158

Intermediate Level ရှိထားသူများအတွက်
Exam Preparation (၃) လ။
Cambridge 1-12 စာအုပ်များဖြင့်သင်မည်။
အခြေခံမရှိသူများအတွက် Foundation (၃) လ ပညာဒါနတန်းခွဲများရှိသည်။ အိမ်လိုက်သင်သည်

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

တန်ဖိုးနည်းအိမ်ရာ တည်ဆောက်လိုသူများနှင့် ရင်းနှီးမြှုပ်နှံလိုသူများ ဆက်သွယ်နိုင်ပါသည်။

ညှိနှိုင်းဈေး 1 Sqft = 3500 Ks

Ph: 09-797920009


**ရောင်ခြည်ထိပ်**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10', 14', 15' ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၈)၊ အောင်ချမ်းသာရပ်နေ (ဦးသန်းစိန်)-ဒေါ်ဆန်းညွှန့်ဝင်း [၅/ရဘန(နိုင်)၀၈၆၅၃၅]တို့၏သားဖြစ်သူ မောင်စည်သူဝင်း(ခ)မောင်ဖိုးကဲ [၅/ရဘန(နိုင်)၂၁၄၃၂၆]သည် မိဘပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်
ဒေါ်ဆန်းညွှန့်ဝင်း[၅/ရဘန(နိုင်)၀၈၆၅၃၅]


mazda
USD 19,999 ဖြင့် MAZDA 2 2017 ကားသစ်များကို
ကြိုတင်မှာယူစနစ်ဖြင့် ဝယ်ယူနိုင်မည့်အခွင့်အရေး
MAZDA 2
ENGINE 1.5
DRIVE
CHASSIS
BODY
Distributed by Automobile Alliance Co.,Ltd and Serviced by Cycle & Carriage Automobile Myanmar Co.,Ltd
Yangon No.96, Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline: 01 554633, 09 260259991, 09 421041611
Mandalay No.10(A), The corner of 77th & 35th Street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
3 YEARS MAZDA WARRANTY

ကြော်ငြာ


COME AND FIND YOUR PLACE

Visit us and find out more
www.leeds.ac.uk
www.facebook.com / UKEASMENTOR

ACADEMIC EXCELLENCE

The University of Leeds is one of the UK's Largest universities, world famous for its teaching and research



A CREATIVE & CULTURAL CAMPUS

Located in in the north of England, our single-site campus is just a short walk from the city centre

CONTACT US

Bld # 29 Rm # 11 Shwe Ohn Pin Estate Yanshin Steet, Yankin Township
(09) 420020816 / (09) 421062060
yangon@ukeasmentor.ac

UKEAS MENTOR INTERNATIONAL
UNIVERSITY OF LEEDS

BAYER

Supradyn®

No.1 Brand in Europe

EMP

Coenzyme Q10 ပါဝင်တဲ့ Supradyn New Formula





ဂျာမဏီ နိုင်ငံ၏ ကမ္ဘာ့ထိပ်တန်း ဆေးဝါးကုမ္ပဏီ Bayer မှ ထုတ်လုပ်သည့် International brand ဖြစ်သော Supradyn

စွမ်းအင်ပြည့်တင်း ရှုပရာဒင်း အားဆေး

GDC Modern Co.,Ltd.
Aluminium window,Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ်စေတ်မီစက်ကြီးများဖြင့်ထုတ်လုပ်မှု။
၃။ နှစ် (၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရကျွမ်းကျင်ပညာရှင်များ၏လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door, Partition များ။
၆။ အခမဲ့ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက်တိုင်းတာခြင်း၊ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။













◆ GDC

- အကောင်းဆုံးအရည်အသွေး ၊ လေလုံမှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသော၃စ်
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ခြေကိုက်စေမည့် Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူး ရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်- အမှတ်(၂၁)၊ရွှေဂုံတိုင်တာဝါအရှေ့၊ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

( ၆၅ ) ကြိမ်မြောက်
**အဘအောင်မင်းခေါင်** ထွက်ပွဲ ၊ အောင်ပွဲ ၊ ပူဇော်ပွဲပိတ်ကြားခြင်း

(၆၅) ကြိမ်မြောက် "အဘအောင်မင်းခေါင်" ထွက်ပွဲ၊ အောင်ပွဲ၊ ပူဇော်ပွဲတော်သို့
ပဋ္ဌာန်းဆက်၊ စိတ်ဆက်၊ ပါရမီဆက် ရှိကြကုန်သော အဘ၏ သားသမီးများ
ကြွရောက်ပူဇော်ကြပါရန် **ယောက်ကော်ဆရာလေး အမှူးညီအမ** မှ
ရပ်ဝေး၊ ရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။



နေ့ရက် - ၉ ၊ ၉ ၊ ၂၀၁၇ (စနေနေ့)
အချိန် - နေ့လယ် ၁၂း၀၀ နာရီမှ ညနေ ၆း၀၀ နာရီထိ
နေရာ - အမှတ် (၃၄) ၊ ဝေဇယန္တာလမ်းမကြီး နှင့် မေတ္တာလမ်းသွယ်ထိပ်
မိကျောင်းကန်အိုင်း (၂) ၊ သယ်န်ကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၅၇၁၆၆၈
ကြွရောက်လာသော ဧည့်ပရိတ်သတ်များအား စတုဒိသာ ဒံပေါက်၊ မုန့်ဟင်းခါး "ထူး" ရေခဲမုန့်၊ စသည့်
အဘကျွေးသော အစားအစာများ ကျွေးမွေး၍ အဘပေးသော မိတ်ပွဲညများကို ပေးဝေပါမည်။
ဖျော်ဖြေရေးအစီစဉ် - ၈-၉-၂၀၁၇ သောကြာနေ့ ညနေပိုင်း နှင့် ၉-၉-၂၀၁၇ စနေနေ့ တစ်နေ့လုံး အလက်ာဝတ်ရည်
မြန်မာမှုဧတဂီတအဖွဲ့ နှင့် ရွှေပုပ္ပါးမင်္ဂလာဆိုင်းအဖွဲ့တို့မှ ဖုန်ရှင်သဘင်ဂီတ အနုပညာရှင်များနှင့်တွဲဖက်၍ ပူဇော်ကြမည်ဖြစ်ပါသည်။

**စပ္ပယ်တီ** ဗုဒ္ဓဂယာနှင့် သီရိလင်္ကာ အထူးဘုရားဖူးအဖွဲ့
၈ရက်ခရီး - ဇန် ၂သိန်း + ဒေါ်လာ ၆၅၀
၁၂ရက်ခရီး ဟိုတယ် (၁) ည - ဇန် ၂သိန်း + ဒေါ်လာ ၇၀၀
၁၅ရက်ခရီး (တရားစခန်း) ဟိုတယ် (၁) ည - ဇန် ၂သိန်း + ဒေါ်လာ ၇၅၀
၁၅ရက်ခရီး (နယူးဒေလီ) ဟိုတယ် (၃) ည - ဇန် ၂သိန်း + ဒေါ်လာ ၈၀၀
ထွက်ခွာမည့်နေ့ရက်များ | ဇန်နဝါရီ - ၂၈
အောက်တိုဘာ - ၁၀ | ဖေဖော်ဝါရီ - ၁၀၊ ၁၄၊ ၂၈
နိုဝင်ဘာ - ၁၊ ၁၅၊ ၂၈ | မတ် - ၁၄၊ ၂၈
ဒီဇင်ဘာ - ၂၇ (၈ ရက်) | ဧပြီ - ၁၀ (၈ ရက်)
အထူးအခွင့်အရေး အဖွဲ့ခေါင်းဆောင်အား
၄ဦး - ၃ဦး + ၁ဦး (၁၀% လျှော့)
၆ဦး - ၅ဦး + ၁ဦး (၂၀% လျှော့)
၁၁ဦး - ၁၀ဦး + ၁ဦး (အခမဲ့)
သီရိလင်္ကာဘုရားဖူးခရီးစဉ်များလည်း စီစဉ်ထွက်ခွာနိုင်ပါသည်။ (USD 800 $ + + +)

ချမ်းငြိမ်းသာ (၆၅) ကြိမ်မြောက်အဘထွက်ပွဲခရီးစဉ်
(35000) (5.9.2017)
(45000)
(60000)
(60000)
(70000)
Ph: 09426534456, 09250233599, 0949323965

၁၀ တန်းဖြေဆိုမည့် ကျောင်းသား/သူများအတွက်
**ထူးချွန်အောင်မြင်လေ့ကျင့်ရေး အစီအစဉ်**
သင်ကြားခြင်း လေ့ကျင့်ခြင်း စာကျက်ခြင်း စာစစ်ခြင်းတို့ကို စာသင်နှစ်များစွာရှိ ဆရာကြီးများမှ အကောင်းဆုံး သင်ကြား၍ ဝါရင့် Guide များဖြင့် အချိန်ပြည့်တစ်ဦးချင်း အနီးကပ်ကြီးကြပ်သင်ကြား လေ့ကျင့် ကျက်မှတ်ပေးခြင်းဖြင့် ထူးချွန်စွာ အောင်မြင်ရန် ကျောင်းသား/သူများအတွက် အကောင်းဆုံး အခွင့်အရေး

**သင်ကြားမည့်ဆရာကြီးများ**
မြန်မာစာ - ဒေါက်တာသန်းထိုက် (Ph.D)
အင်္ဂလိပ်စာ - ဦးအေးထွတ်၊ ဦးလွင်မောင်ကျော်
သင်္ချာ - ဦးခင်မောင်သန်း

**(၆)လပြတ်/(၅)လပြတ် စာသင်ဝိုင်းများ**
ဓာတုဗေဒ - ဆရာဦးညီညီ(သရုပ်ဓာတုဗေဒ)
ရူပဗေဒ - ဆရာဦးဘုတ်လွင်၊ ဦးဝဏ္ဏသက်ဝေ
ဇီဝဗေဒ - Dr. မြသိန်း၊ ဦးအောင်ကိုလှိုင်
ဘောဂဗေဒ - ဒေါ်သက်စုကြည်

နေ့ တက်၊ ည အိပ် (Camp)
စုံစမ်းရန် ➤ H-2၊ ယောလမ်း ယောဒီယာ သယ်န်ကျွန်းမြို့နယ်။ Ph: 09 5406546, 09 5102456

**မိဘအမည်မှန်**
မြစ်ကြီးနားမြို့၊ ရာပြည့်ကိုယ်ပိုင် အထက်တန်းကျောင်း၊ ဒသမတန်း (ဘောဂဗေဒ)မှ မဝေါမီး၏ မိဘအမည်မှန်မှာ ဦးဆာမော်ဆွန်နာနှင့် ဒေါ်နားချဲနုဖြစ်ပါသည်။

**နေရာကောင်း ရောင်းမည်**
ပေ(၂၀×၇၀)၊ ရေ၊ မီး၊ အုတ်ခတ်၊ မစိုးရိမ်(၂)လမ်း၊ အေဝမ်းလမ်းမှ ဝင်လို့ရ၊ ပတ်ဝန်းကျင်အလွန်သန့်၊ မင်းဓမ္မ Project နှင့်အနီး၊ ဂရန်အမည်ပေါက်၊ ဈေး-သိန်း၂၇၀၀၊
ဖုန်း-၀၉-၉၇၂၆၆၃၃၃၆

ဟန်းဂုဒ် (HANGUK) ကိုရီးယားဘာသာစကားသင်တန်း
အထူးသင်တန်းခွဲ (၁) သိန်းကျော် (အမြတ်)EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915

**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ ရာပြည့်ကိုယ်ပိုင် အထက်တန်းကျောင်း၊ နဝမတန်းမှ မောင်ဝေဟင်စိုး၏ ဖခင်အမည်မှန်မှာ ဦးအဏ္ဏဝါရဲ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ အထက(စီတာပူ) ဒသမတန်း(D)မှ မောင်ဆွမ်လွတ်မျိုးလတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးဆွမ်လွတ်ဂမ် ဖြစ်ပါသည်။



မြန်မာ့ရှေ့ဆောင်ဘဏ် ®

ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်
MAB Savings



INTEREST DAILY
နေ့စဉ်အတိုးတွက်

INTEREST %
အတိုးနှုန်း ၈.၅%

INTEREST QTLY
၃လတစ်ကြိမ်အတိုးထည့်



MAB Savings
ငွေစုဘဏ်စာရင်း

အတိုးတွက်နမူနာပုံစံ (Sample Interest Formula)

| Date | Code | Withdrawal | Deposit | Balance |
|---|---|---|---|---|
| 01.05.2017 | CHD | | 500,000.00 | 500,000.00 |
| 05.05.2017 | CHD | | 500,000.00 | 1,000,000.00 |
| 15.05.2017 | CHW | 700,000.00 | | 300,000.00 |
| 30.05.2017 | CHD | | 1,000,000.00 | 1,300,000.00 |

ယခင်အတိုးတွက်ပုံစံ

(အတိုးတွက်သည့်လ၏ အနိမ့်ဆုံးလက်ကျန် x ၁နှစ်အတွက် အတိုး) / (၁၀၀ x ၁၂) = ရရှိမည့်အတိုး

Mayလ အတွက် စံစားရမည့်အတိုး
၂,၁၂၅ ကျပ်


ယခုအတိုးတွက်ပုံစံ

(နေ့စဉ် လက်ကျန် x ၁နှစ်အတွက် အတိုး) / ၃၆၅ x စုစုပေါင်း ရက် = ရရှိမည့်အတိုး


Mayလ အတွက် စံစားရမည့်အတိုး
၄,၄၄၇.၉၅ ကျပ်

Callcenter: +95(1)8610612
www.mabbank.com

Scan QR Code with your Smart Phone to Find MAB Branches


10
KEY BRAIN
NUTRIENTS
Similac
Gain IQ
Similac Gain IQ ရဲ့
Eye Q plus system အသစ်မှာ Natural Vitamin E နဲ့
ဉာဏ်ရည်ဖွံ့ဖြိုးဖို့ အဓိကအာဟာရဓါတ် ၁၀ မျိုးပါဝင်လို့
လေ့လာသင်ယူမှုကို ပိုမိုမြန်ဆန်စေပါတယ် ...
Abbott

ကြော်ငြာ



လေဆိုးတွေကိုချက်၊ လေကောင်းတွေကိုဆက်၊ အစာကြေလေသက်

သမားစဉ်ဆက် ဆေးရွှေမြောက်ဖြောက် သုံးစွဲသူတိုင်းလွန်စွာနှစ်သက်

**ဓိန်ဘယက် လေကျွဲဆေး နှင့် ဆက်**

အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လေဆိုးလေထိုးလေအောင့်၊ ဗိုက်အောင့်ခြင်း၊ ရောဂါများ သုံးနိုင်ပါသည်။



**များနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်**

**ဓိန်ဘယက် ငန်းနီကျော်**

---

| "စိုင်းခွန်စနောင်" ကုမ္ပဏီ | 01-860 3565 ~7, 09 731 65656, 09 250 373716, 09 4500 62865 | | |
|---|---|---|---|
| • တာမွေILBC အနီး ဘိုးတွား | (7100sqft) | မြေ | 9000L |
| • မြကန်သာအိမ်ရာ၊ ရန် | (65×85) | မြေ | 8000L |
| • အမှတ်(၃)လမ်းမ၊ ရန် | (100×200) | မြေ | 8000L |
| • အင်းလျားကန်အနီး၊ ရန် | (25×65) | 3RC | 7200L |
| • နတ်မောက်ရိပ်သာ၊ ဘိုးတွား | (40×55) | 1½RC | 5300L |
| • သာယာ၊ VIP(II)၊ ရန် | (62×60) | မြေ | 3300L |
| • တ/ဥက္ကလာပ ပိုရွှေကိုလမ်းမ၊ ရန် | (20×60) | မြေ | 2200L |
| • မရကကန်ရိပ်သာလမ်း | (72×145) | 2RC | US5800 |
| • ဗဟိုကမ္ဘာအေးဘုရားလမ်းနီး | (16000sqft) | 2RC | US5500 |
| • ရွာ၊ အောင်ဇေယျလမ်းမ | (100×100) | မြေ | 90L |
| • တ/ညွှန့်အောင်ဆန်းကွင်းနီး | (40×40) | 4RC | 65L |
| • တ/ဥ၊ ဝေဇယန္တာလမ်းမ | (40×60) | 2RC | 40L |
| • တာမွေတော်ဝင်ပုလဲအိမ်ရာ | (100×100) | 2RC | 38L |
| • တ/ဥ၊ သစ္စာလမ်းမ | (60×60) | မြေ | 35L |
| • လှိုင်ကန်လမ်းမ | (45×80) | မြေ | 28L |

**AA ယာဉ်မောင်းသင်တန်း**

09-43158300, 09-254051326, 09-782793551

**ကိုကျော်နိုင် CAR RENTAL**

ALPHARD, HIACE (အဲတော့စ်)

09 25 358 2510
09 515 8803

**Khine ကိုရီးယားဘာသာသင်တန်းကျောင်း**

• E.P.S (TOPIK)

Ph : 09-73026940, 09-250641687
09-5162790

**Just Trust *Must***

**ဦးကြည်စိုးအောင်း (ဆေးတက္ကသိုလ်)**

M.A.(English),Dip.ELTM ၏

ပါရဂူဘွဲ့ မဟာဘွဲ့နှင့် ဒီပလိုမာဝင်ခွင့်ဖြေဆိုမည့် ဆရာဝန်များနှင့် ဆေးဘက် ဆိုင်ရာ ပညာရှင်အားလုံးအတွက် မရှိမဖြစ် စာအုပ် ၂-အုပ်။

**(1) MEDICAL ENGLISH Practice Tests & Advice on How to Approach the Medical English Entrance Examination**

ဒုတိယအကြိမ်၊ ၆၅၀၀ိ၊

**(2) TRIED & TRUSTED English Practice Tests for the Medical English Entrance Examination.**

ဒုတိယအကြိမ်၊ ၆၅၀၀ိ၊

***Must* Publishing House 09 5043424**

---

**โรงพยาบาลสุขุมวิท SUKUMVIT HOSPITAL**

**ဆူကွန်ဗစ်ဆေးရုံကြီး** ထိုင်းနိုင်ငံ (ဘန်ကောက်မြို့)

Myanmar Representative Office (Yangon)

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ နိုင်ငံတကာအဆင့်မီ **ဆူကွန်ဗစ်** ဆေးရုံကြီးမှ **အရိုးအကြောအထူးကုဆရာဝန်ကြီး** Dr.Poonsak Artamnuayvipas ၊ **နှလုံးအထူးကုဆရာဝန်ကြီး** Dr.Nivit Kalra တို့နှင့် **အခမဲ့** တွေ့ဆုံဆွေးနွေးတိုင်ပင်နိုင်ရန် မိတ်ဟောင်း၊ မိတ်သစ်များအနေဖြင့် (၇-၉-၂၀၁၇) မတိုင်မီ စာရင်းပေးသွင်းနိုင်ပါသည်။ လူဦးရေကန့်သတ်ထားရှိပါသည်။

ဆက်သွယ်ရန် - ဆူကွန်ဗစ်ဆေးရုံကြီးမြန်မာပြည်ကိုယ်စားလှယ်ရုံး(ရန်ကုန်) ဖုန်း - 09 338 444 00/ 09 338 444 11



**ကောင်းမြတ် ယာဉ်မောင်းသင်တန်း**

အချိန်တိုအတွင်းအိမ်ရောက် အမြန်သင်ပေးသည်။

ဖုန်း - ၀၉ ၈၇၃၇၇၆၀၇၉

**GW** 0973226006 0973133528 0973077569

**အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**

ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။

09401505559

**ဝန်ထမ်းအလိုရှိသည်။**

စာရင်းကိုင်/ငွေကိုင် (မ) ၅ ဦး
Computer အသုံးပြုနိုင်ရမည်။
( Excel ကျွမ်းကျင်ရမည်။)
ပညာရေးကင်းရှင်းသူဖြစ်ရမည်။
အသက် (၂၅)နှစ်အထက်ဖြစ်ရမည်။
လုပ်ငန်း အတွေ့အကြုံရှိသူကိုဦးစားပေးမည်။
အလုပ်ချိန် (နံနက် ၈း၃၀ မှ ညနေ ၅း၃၀ )
ဆက်သွယ်ရန် ။ အမှတ်(၃၆)၊ မနော်ဟရီလမ်း ၊ ဒဂုံမြို့နယ် ၊ စိန်ဂေဟာ။ (ကလေးဆေးရုံအနီး)



# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းလွင် (၇၁)နှစ်**
**B.Ed (စနစ်သစ်) ၁၉၆၄-၁၉၆၉**
**ဦးစီးအရာရှိ (ငြိမ်း)၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ရန်ကုန်မြို့**
**မြို့နယ်တရားသူကြီးအဖွဲ့ဝင် (ငြိမ်း)၊ လေးမျက်နှာမြို့နယ်၊**
**ဧရာဝတီတိုင်းဒေသကြီး**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၁၉၈)နေ ဒေါ်မြမော်(အထက်တန်းပြဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ နေပြည်တော်နေ ဒုတိယဗိုလ်ချုပ်ကြီးအောင်ကျော်ဇော-ဒေါ်မြတ်နိုးလွင်တို့၏ဖခင် ဦးထွန်းလွင်သည် ၃၁-၈-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၁၀း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လီလီကြာညွန့်**
**အသက် (၉၀)**

ဦးမင်းခေါင်ကျော်၊ ဒေါက်တာဒေါ်ရတနာကျော် (ပါမောက္ခ၊ ဆေး-၂)၊ ဒေါ်အာသာဝတီကျော်တို့၏ မိခင်ကြီးသည် ၂၆-၈-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေသကောလိပ်(၂) ရုပ်ရှင်လုပ်ငန်း**
**ကျောင်းသား/သူဟောင်းများ**

## ကျေးဇူးအထူးတင်ရှိပါကြောင်း

၂၅-၈-၂၀၁၇ ရက်တွင် ကွယ်လွန်သွားသော ဦးသန်းရွှေ(ခ)ဦးသန်းမြင့် အသက်(၈၄)နှစ်၏ နာရေးကိစ္စအဝဝအား အစမှ အဆုံးထိ ကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ လိုက်ပါပို့ဆောင်ကြသော မိတ်ဆွေများ၊ လှူဖွယ်ဝတ္ထုအမျိုးမျိုးကို ပို့ဆောင်ပေးကြသော မိတ်ဆွေများ၊ ငယ်သူငယ်ချင်းများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခများနှင့် ဆရာမများ၊ တပည့်များ၊ လမ်းသူလမ်းသားများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း အနယ်နယ်အရပ်ရပ်မှ ဖုန်းဖြင့်သတင်းမေးအားပေးကူညီကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးရွှေမိုး(ငြိမ်း)**
**အသက် (၆၆)နှစ်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန**

သူငယ်ချင်းဒေါက်တာစန္ဒာတင် (ခေတ်မှန်ပါရဂူ၊ ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)၏ခင်ပွန်း၊ မောင်ဇော်မိုးဦး၏ဖခင် ဒုတိယဗိုလ်မှူးကြီး ရွှေမိုး(ငြိမ်း)သည် ၁-၉-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းဇော်-ဒေါ်ညိုညိုလတ်**
**လမ်း(၅၀)**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်-သန်လျင်တံတားကစ တံတားအထူး(၃)အလယ်တံတားအထူး (၄)အထိ အတူတူလုပ်ခဲ့တဲ့ စိတ်ဖြူအူစင်းကိုသန်းလင်း အကြွေစောလို့ နှမြောမိတယ်။ ကောင်းသောဘုံကို ရောက်ပါစေ၊ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းအောင်**
**အင်ဂျင်နီယာချုပ်(မြို့ပြ)၊ တံတားဦးစီးဌာန**

### ဦးဘုန်းရှိန် (၄၉)နှစ်

**အထက(၂) ဗဟန်း**
**ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သုဇိတာလမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၂၄)၊ အခန်းအမှတ်(၂၄)နေ (ဦးရှိန်-ဒေါ်ခင်ကြည်)တို့၏ သားထွေး၊ ရန်ကုန်မြို့နေ ဦးစောလှဖြူ-ဒေါ်ဆင့်ဆင့်လှိုင်တို့၏ သားသမက်၊ ဒေါ်စောယမင်းဦး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဘုန်းခန့်လူ(ဒသမတန်း-A၊ အထက-၂၊ ကမာရွတ်)၏ဖခင်၊ (Capt; ကြည်ရှိန်)-ဒေါ်စိုးစန္ဒာအောင်၊ ဦးအံ့ရှိန် (2nd MATE)၊ ဦးမြတ်ရှိန်-ဒေါ်သန်းသန်းဦး၊ ဦးသီဟ-ဒေါ်နီနီရှိန်၊ ဦးသန်းရှိန် (အထက-၂၊ ဗဟန်းကျောင်းသားဟောင်း)၊ Dr. ရဲထွန်းဦး၊ Dr.ရီရီရှိန်(ခေတ္တ-Taiwan)တို့၏ ညီ/မောင်၊ ဦးအောင်ကျော်ဇော(MAI)၊ ဒေါ်ထက်ထက်အောင်တို့၏ အစ်ကို၊ တူ/တူမ လေးယောက်တို့၏ ဦးလေးသည် ၁-၉-၂၀၁၇ (သောကြာနေ့) ည ၇း၃၀နာရီတွင် သုခကမ္ဘာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (လှိုင်မြင့်မိုရ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

### ဦးဘမြင့်(မြောင်းမြ) (၇၅)နှစ်

**စက္ကူဓာတု (အင်ဂျင်နီယာ)**
**စစ်တောင်းစက္ကူစက် (ငြိမ်း)**
**မြောင်းမြမြို့နယ်အသင်း**
**သက်ကြီးပူဇော်ခံ-နာယက**

ရန်ကုန်မြို့၊ အမှတ်(၂၈၉)၊ လမ်း(၄၀)၊ မြေညီ(ယာ)၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်နေ (ဦးမောင်ပု-ဒေါ်မြရင်)တို့၏သားထွေး၊ ဒေါ်စိန်တင် (အထပြ၊ အထက-၅၊ ဗိုလ်တထောင်၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဥက္ကာ(UK)-ဒေါက်တာသင်းသင်းအောင်(UK)၊ ကိုအာကာ (ငယ်/ယာ-၃၊ စက်မှု၊ လမ်းဦးစီးဌာန၊ စက်မှုဌာနခွဲ၊ ယန္တရားတပ်ခွဲ-တောင်)တို့၏ချစ်လှစွာသောဖခင်၊ မောင်မိုးထက်အာကာ၊ မောင်ဇွဲထက်အာကာ၊ မောင်ရဲသွေးဥက္ကာ(UK)၊ မောင်ရဲမြင့်မြတ်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂-၉-၂၀၁၇ (စနေနေ့) နံနက် ၇း၃၀ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ လမ်း (၄၀)အထက်၊ သာသနာ့အကျိုးဆောင် ဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းလွင်

**B.Ed (စနစ်သစ်) ၁၉၆၄-၁၉၆၉**
**ဦးစီးအရာရှိ(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ရန်ကုန်မြို့**
**မြို့နယ်တရားသူကြီးအဖွဲ့ဝင်(ငြိမ်း)လေးမျက်နှာမြို့နယ်၊**
**ဧရာဝတီတိုင်းဒေသကြီး**
**အသက် (၇၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးမြပေါ်-ဒေါ်တင်ညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၁၉၈)နေ ဒေါ်မြမော်(အထက်တန်းပြဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော-ဒေါ်မြတ်နိုးလွင်၊ ဦးခင်မောင်လင်း-ဒေါ်အိအိလွင်၊ ကပ္ပတိန်ဝေဖြိုးလွင်-ဒေါက်တာယဉ်ဖြူသန့်တို့၏ကျေးဇူးရှင်ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၁-၈-၂၀၁၇(ကြာသပတေးနေ့) ည ၁၀း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဲမှူးကြီး ဝင်းကြည်(ငြိမ်း) (၇၁)နှစ်

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ယုဇနဟိုင်းဝေးအိမ်ရာ၊ အမှတ်(၃၀၇)၊ တိုက်(အေ)နေ (ဦးမောင်ကြိုင်-ဒေါ်ရင်မေ)တို့၏သားငယ်၊ (ဦးဝင်းမောင်-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ဒေါ်ညိုညိုဝင်း၏ခင်ပွန်း၊ ဦးမြင့်အောင်-ဒေါ်ခင်မြမူ၊ (ဦးစောထွန်း)-ဒေါ်ရီရီမေတို့၏ ညီငယ်၊ ဦးအောင်မျိုးအေး-ဒေါ်ချောစုဝင်း၊ ဒေါက်တာသန့်စင်-ဒေါ်သဲစုဝင်း၊ ဒုတိယဗိုလ်မှူးကြီးအောင်ကို-ဒေါ်ပန်းမြတ်ခိုင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခြောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ရဲမှူးကြီး ဝင်းကြည်(ငြိမ်း)သည် ၂-၉-၂၀၁၇ (စနေနေ့) နံနက် ၈း၁၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မြဝင်း (၆၂)နှစ်

**(ဆင်ပေါင်ဝဲ၊ မြန်အောင်)**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နေ (ဦးကျော်သန်း-ဒေါ်တင်)တို့၏ သမီးကြီး၊ ဦးမြင့်စိုး၊ ဒေါ်သန်းသန်းစိုး၊ ဦးမင်းလွင်၊ ဒေါ်ခင်မိုးသူ၊ ဦးထွန်းအောင်ကျော်တို့၏ အစ်မကြီး၊ မြန်အောင်မြို့နေ မွေးကုဌာနဦးစီးအရာရှိ(ငြိမ်း)၊ ဒေါက်တာ စိုးခိုင်၏ဇနီး၊ ဗိုလ်ကြီးရဲလင်း-ဒေါ်ခင်ချောလင်း(အမှတ်-၈၊ တကက၊ မန်ကတ်၊ လားရှိုး)၊ ဗိုလ်ဖြိုးအောင်ကို (တစရ၊ ၁၁/၁၀၀)-ဒေါ်သဇင်ခိုင် (လက်ထောက်ကထိက၊ အင်္ဂလိပ်စာဌာန၊ ပုသိမ်တက္ကသိုလ်)တို့၏မိခင်၊ မောင်ဇွဲလင်းပိုင်၊ မောင်မိုးမြင့်ထက်၊ မောင်လပြည့်ဦးတို့၏အဘွားသည် ၁-၉-၂၀၁၇ (သောကြာနေ့) ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မြန်အောင်မြို့၊ မြို့မတဲကြီးကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ထွန်း(ငြိမ်း) (၅၁)နှစ်

**ကြည်း(၂၆၄၉) O.T.S (81)**
**ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်**
**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (အထွေထွေမန်နေဂျာ)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၄၅)၊ ထူပါရုံအရှေ့ (၅)လမ်းနေ (ဦးထွန်းသောင်း)-ဒေါ်တင်ရီတို့၏သား၊ ဦးစိုးမြင့်ခိုင်-ဒေါ်စိုးစိုးမော်တို့၏ညီ၊ ဒေါ်စိုးစိုးနွယ်၏အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုကွန်ဒို၊ အမှတ်(၆၀၃)၊ ခြောက်လွှာနေ ဒေါ်အေးအေးဆန်း၏ခင်ပွန်း၊ မဇွန်ပွင့်ဝေ၊ မောင်ဟိန်းထက်ဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင် ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း(ငြိမ်း)သည် ၂-၉-၂၀၁၇ရက် နံနက် ၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါက်တာ ရဲဇော်ဝင်း (၄၈)နှစ်

**အထူးကုဆရာဝန်ကြီး (ဆေးပညာ)**

မန္တလေးမြို့၊ (၃၂)လမ်း၊ (၆၆×၆၇)လမ်းကြားနေ ဦးစိန်ဝင်း (လက်ထောက်မန်နေဂျာ၊ စား/ဖျော်-ငြိမ်း)-(ဒေါ်ညွန့်ရီ)တို့၏ သားလတ်၊ ညောင်ဦးမြို့နေ (ဦးကျော်ရင်-ဒေါ်တင်လှ)တို့၏သားသမက်၊ ဒေါက်တာအောင်ဇော်ဝင်း(ကလေးအထူးကုဆရာဝန်ကြီး)-ဒေါက်တာမို့မို့ဆွေ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)တို့၏ညီ၊ ဦးထွန်းနိုင်ဝင်း-ဒေါ်စောမြတ်နွယ်(စိန်မြင့်မိုရ် ပဲဆီသန့်)တို့၏ အစ်ကို၊ ညောင်ဦးမြို့နေ ဒေါ်နှင်းမြတ်မြတ်ကျော်၏ ချစ်လှစွာသောခင်ပွန်း၊ မဝင်းလဲ့ဖြူ၏ မွေးသဖခင်သည် ၂-၉-၂၀၁၇ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ကသာခရိုင်အသင်း(ရန်ကုန်)

**ကသာခရိုင်အသင်း(ရန်ကုန်)**
**ဒုတိယဥက္ကဋ္ဌ**
**ဒုတိယဗိုလ်မှူးကြီးရွှေမိုး(ငြိမ်း)**
**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊ လမ်းသွယ်(၃)၊ အမှတ်(၈၀)နေ (ဦးဘ-ဒေါ်သန်းမေ)တို့၏ သား၊ ဒေါက်တာဒေါ်စန္ဒာတင်(ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)၏ ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးရွှေမိုး(ငြိမ်း)သည် ၁-၉-၂၀၁၇(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ၃-၉-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် အသင်းဝင်များအား ဖိတ်ကြားအပ်ပါသည်။] ကသာခရိုင်အသင်း(ရန်ကုန်)

အမှုဆောင်အဖွဲ့

### ဒေါ်ခင်ခင်ငယ်(ခ)ဒေါ်စိန်ကြည်

**(ကော့ကရိတ်)**
**အသက်(၇၂)နှစ်**
**ကန်တော်ကလေး**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ အလယ်တန်းရပ်နေ (ဦးမောင်ကြီး-ဒေါ်လှရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၄၇)၊ (၉၄)လမ်း၊ ကန်/တောင် ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးငွေသိန်း-ဒေါ်ညွန့်)တို့၏ သမီးချွေးမ၊ ဦးခင်ဇော်၏ဇနီး၊ (ဦးလှသိန်း)-ဒေါ်တင်လှ(ခ)ဒေါ်နွဲ့တို့၏ညီမ၊ ဦးလှဝင်း-ဒေါ်နီနီတို့၏အစ်မ၊ ဦးကျော်သူရ-ဒေါ်မြတ်သန္တာဇော်တို့၏ မွေးသမိခင်၊ မောင်ထက်ဗိုလ်ဇော်ဦး၊ မဆုသဥ္ဇာကျော်တို့၏အဘွားသည် ၁-၉-၂၀၁၇ (သောကြာနေ့) နံနက် ၁၁း၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဒေါ်လှမြင့်(သုံးဆယ်)

**အထပြ(ငြိမ်း)**
**အသက် (၇၈)နှစ်**

သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ တောင်လမ်းသစ်တန်းနေ ကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဦးတင်ထွန်း၏ဇနီး၊ အထက်တန်းပြ ဆရာမကြီး(ငြိမ်း) ဒေါ်လှမြင့်သည် ၂-၉-၂၀၁၇ (စနေနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် သုံးဆယ်မြို့ အရှေ့ရိုးကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်**
**ဒါယကာကြီး**

### ဦးဟုတ်ကြည်(အိမ်မဲ) (၇၆)နှစ်

**(ရန်ကုန်တိုင်းဒေသကြီး၊**
**ရွှေလုပ်ငန်းရှင်များအသင်း၊ ဒု-ဥက္ကဋ္ဌ)**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁)လမ်း၊ အမှတ်(၁၁၁)နေ (ဦးဖိုးခိုင်-ဒေါ်သန်း)တို့၏သားကြီး၊ ဒေါ်ကျင်ဆင့်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သီသီဦး (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)၊ ဒေါ်သီသီချို၊ ဒေါ်သီသီလှိုင်တို့၏ဖခင်၊ ဒေါ်ကျင်ရွှေ၏ခဲအို၊ ဦးဇော်နိုင်ဦး၊ ဒေါ်ဖြူစင်သန့်၊ မောင်နိုင်ထွန်းတို့၏ ဦးလေးသည် ၁-၉-၂၀၁၇ (သောကြာနေ့) ည ၉း၅၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၇ ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်တင်ရီ (၇၅)နှစ်

**သမဝါယမဦးစီးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သုခ(၄)လမ်း၊ အမှတ်(၂၆၇)နေ (သခင်သန့်-ဒေါ်တင်ရွှေ)၊ (ဦးသန်း-ဒေါ်မြရှိန်)တို့၏ သမီး၊ (ဦးကြွယ်-ဒေါ်မြခင်)တို့၏ သမီးချွေးမ၊ ဦးဝင်းကြည် (ကုန်းလမ်းပို့ဆောင်ရေး-ငြိမ်း)၏ဇနီး၊ ဒေါ်သင်းသင်းဦး(ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်မင်းမင်းမြတ်၊ (ဦးမောင်မောင်လတ်)တို့၏ မွေးသမိခင်၊ မောင်မင်းသူခန့်၊ မအိချောစံတို့၏အဘွား ဒေါ်တင်ရီသည် ၁-၉-၂၀၁၇ (သောကြာနေ့) ည ၁၀း၄၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ကိုထွဋ်းတင့်ဆွေ(ခ) ကိုထွဋ်း (၄၄)နှစ်

**B.A(History)**
**(အထက-၂၊**
**ကမာရွတ်ကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဦးလွန်းမောင်လမ်း၊ အမှတ်(၁၄)နေ ဦးတင့်ဆွေလေး-ဒေါ်စန်းမြင့်တို့၏သားကြီး၊ ကော့သောင်းမြို့နေ ဦးအောင်မင်း-ဒေါ်နွဲ့ကြည်တို့၏ သားသမက်၊ ကိုဇော်တင့်ဆွေ-မသန္တာထွန်း၊ ကိုကျော်ကျော်ဦး-မအေးမြစန္ဒာဆွေ၊ ကိုဟိန်း ထွန်းဆွေ-မလှမြတ်သူတို့၏ အစ်ကိုကြီး၊ မောင်ဟိန်းဝေယံထွန်း၊ မောင်အောင်မြတ်ဟိန်း၊ မဝင့်သံလွင်ဟိန်း၊ မနှင်းပွင့်ပိုးအိမ်တို့၏ ဘဘကြီး၊ မခိုင်သဇင်မင်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထွဋ်းတင့်ဆွေ (Resort Manager, United Hotels & Resorts Co., Ltd.)သည် ၃၁-၈-၂၀၁၇ ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၂၉၇/၁၆) နေအိမ်သို့ ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်စန်းရှင် (၉၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီ၊ မြစံပယ်လမ်း၊ အမှတ်(၄၀/၄)နေ (ဦးချမ်းသာ-ဒေါ်ဆိုင်)တို့၏သမီး၊ (ဦးရန်လင်း-ဒေါ်အုန်းသင်)တို့၏သမီးချွေးမ၊ (ဦးကံညွန့်)၏ဇနီး၊ (ဦးသာတိုး)-ဒေါ်ကြည်မေတို့၏ညီမ၊ ဒေါ်ခင်ညို-(ဦးမောင်မောင်ခင်)၊ ဒေါက်တာသာမိုး-(ဒေါက်တာတင်တင်အေး)တို့၏အစ်မ၊ ဦးထင်ကျော်ဦး-ဒေါ်သူဇာလှိုင်၊ ဒေါ်မိုးမိုးညွန့်-ဦးထင်အောင်တို့၏ ချစ်လှစွာသောမိခင်၊ မခိုင်ဝေဖြူဦး၊ မခိုင်ကြည်ဖြူဦး၊ မဖြူသန့်အောင်-Mr. Tony Su၊ မဇာထက်အောင်၊ မောင်ကျော်ထင်ဦးတို့၏အဘွားသည် ၃၀-၈-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၇ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယိကာမကြီး

### ဒေါ်တိုး (ပုဇွန်တောင်၊ တပ်မြေ) (၈၂)နှစ်

**(နယူးလိုက်ဒေး ကြော်ငြာတံဆိပ်ရိုက်နှင့် ရင်ထိုးသော့ချိတ်လုပ်ငန်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၁၈)နေ (ဦးရွှေလှိုင်-ဒေါ်ချစ်စိန်)တို့၏သမီး၊ (ဦးဘိုးသက်-ဒေါ်ရွှေသင်)တို့၏ သမီးချွေးမ၊ ဦးကျော်ဇင်ထွန်း(ခ)ဦးဇင်းဦးကုသလ၏မယ်တော်၊ ဦးအောင်သန်း၏ဇနီး၊ ဒေါ်သန်းသန်းအေး၊ ဦးမြင့်ဆွေ-ဒေါ်တင်တင်ထွေး (အဆောက်အဦအထူးအဖွဲ့-၄)၊ ဦးသန်းအောင်-(ဒေါ်ရီရီမြင့်)၊ ဒေါ်မြင့်မြင့်ဝေ၊ ဦးကျော်ကျော်ဦး-ဒေါ်ရီရီမာ၊ ဒေါ်သန်းသန်းဆွေ၊ ဒေါ်နုနုသွယ်၊ ဦးအာကာမင်းထက်-ဒေါ်ဖြိုးပွင့်သွယ်တို့၏မိခင်၊ မောင်မော်ကွန်းအောင် (A.G.T.I, 1st Yr လက်ပံတန်း)၊ မအေမီသံသာကျော်၊ မောင်ရဲထက်ကျော်၊ မဖူးပြည့်စုံချစ်(ခ)ကစ်ကစ်တို့၏ အဘွား ဒေါ်တိုးသည် ၂-၉-၂၀၁၇(စနေနေ့) နံနက် ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၇ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**နိုင်ငံကျော် ဆပ်ကပ်ဆရာကြီး**

### ရွှေမန်း ဦးသန်းနိုင် (၇၆)နှစ်

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၂၃၅၇)နေ (ဦးကျော်သွင်-ဒေါ်ပြည့်)၊ (ဦးမင်း-ဒေါ်ကျင်စိန်)တို့၏ သားသမက်၊ ဦးထွေး-(ဒေါ်ဦး)တို့၏ ညီ/မောင်၊ (ဒေါ်သန်းသန်းစိန်)၏ ခင်ပွန်း၊ ဦးစံမြင့်-ဒေါ်အမာကြည်၊ ဦးဇင်ဘို-ဒေါ်အမာရီ၊ ဒေါ်အမာစိန်၊ (ဦးစိန်ဝင်း)-ဒေါ်ခင်စန်းရီ၊ ဦးသိန်းဝင်း-ဒေါ်သန်းသန်းဝင်းတို့၏ ဦးလေး၊ ဦးမောင်မောင်မြင့်-ဒေါ်စန္ဒာအေး၊ (ဦးရဲမြင့်)-ဒေါ်သူဇာလွင်၊ (ဦးတင်မျိုးလွင်)-ဒေါ်ဝေဝေအောင်တို့၏ဖခင်၊ မောင်ပိုင်ကိုကိုခန့်၊ မသဲပိုပိုသိမ့်၊ မောင်သန့်ညီညီနိုင်၊ မောင်ကျော်ဝင်းမောင်၊ မောင်တုံတုံရဲနိုင်၊ မလမင်းသော်တာ၊ မကေကေတင်မျိုးလွင်တို့၏ အဘိုး နိုင်ငံကျော်ဆပ်ကပ်ဆရာကြီး ရွှေမန်းဦးသန်းနိုင်သည် ၂-၉-၂၀၁၇(စနေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ဓနိတောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ လိုက်ပါပို့ဆောင်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၇ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးရဲမြင့်(ခ)ဦးနန်းဝေ (၇၂)နှစ်

**MPPE (ငြိမ်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အမှတ် (၉၁၄)၊ အောင်သပြေ(အနောက်) (၁၁)လမ်းနေ (ဦးတင်-ဒေါ်ဒေါ်သီ)တို့၏ သား၊ ဦးဇော်ဖေ-ဒေါ်အုန်းရှင်တို့၏ သားသမက်၊ ဒေါ်ရီရီ၊ (ဦးဝိုင်း)-ဒေါ်ခင်စန်းကြည်၊ ဒေါ်မမလှ၊ ဦးတင်ဦး-ဒေါ်မမနုတို့၏ မောင်၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ တောင်ပိုင်း၊ သုမန(၄)လမ်း၊ အမှတ်(၄၂၆-က)နေ ကိုငြေးဝင်း (Sky Line Shipping)-မခင်မျိုးသန့်၊ ကိုနေလင်းထက်၊ ကိုရဲဝင်းတင်-မဇာဇာမျိုး၊ ကိုရဲခိုင်လင်း-မငြိမ်းငြိမ်းအိတို့၏ဖခင်၊ မောင်အောင်မြတ်သူကျော် မဆုသံစဉ်၊ မဆုမြတ်ဖြူစင်၊ မောင်နိုင်သုတတို့၏အဘိုး၊ ဒေါ်စန်းကြည်၏ခင်ပွန်းသည် ၁-၉-၂၀၁၇ (သောကြာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သုမန ၄ လမ်း၊ အမှတ် ၄၂၆-က နေအိမ်မှ ကား နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီမြင့် (၆၅)နှစ်

**(ယခင်အက်စကီမိုးအအေးဆိုင် - သမိုင်းလမ်းဆုံ)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၁၁)နေ (ဦးခင်မောင်-ဒေါ်ကျင်မွေး)တို့၏ သမီးကြီး၊ (ဒေါ်လှမြင့်)၊ ဦးမောင်ကြည်-ဒေါ်ခင်စန်းမြင့်၊ ဦးမောင်စိန်-ဒေါ်နုနုရီ၊ ဦးသိန်းဇော်-ဒေါ်လှဝေတို့၏အစ်မ၊ မသင်းသင်းလှိုင်၊ မောင်နိုင်လင်းထွန်း၊ မောင်မျိုးဟိန်းထက်၊ မောင်စန်းလွင်ဖြိုး၊ မသန္တာအောင်၊ မခင်ယုဟန်၊ မမေမိခိုင်တို့၏အဒေါ်သည် ၂-၉-၂၀၁၇ (စနေနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါ်မြသိန်း(ပုလော/ပလောက်)


**အသက် (၇၉)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ (ဦးဖိုးယုံ-ဒေါ်ငွေချစ်)တို့၏ သမီး၊ ပလောက်မြို့၊ အနောက်ဘက်ကမ်းနေ (ဦးထွန်းမောင်)၏ဇနီး၊ ဦးလေးမောင်-ဒေါ်စောသွင်တို့၏ညီမ၊ ဦးသောင်းယုံ-ဒေါ်စန်း၊ ဦးတင်မောင်ဦး-ဒေါ်သန်းသန်းမြ၊ ဦးချစ်ထွေး- ဒေါ်သောင်းရီတို့၏အစ်မ၊ ကိုချစ်ဝေ-မသန်းကြည်၊ ကိုမင်းသူ-မအုန်းအုန်းဝေ၊ မောင်သန့်နိုင်-မချိုအေး၊ ကိုကျော်စိုးမိုး-မငွေရှင်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၁-၉-၂၀၁၇ (သောကြာနေ့) ညနေ ၃နာရီတွင် ပလောက်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပလောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### တေးသံရှင် တာရာ(ခ) နန္ဒာထွန်း (၄၉)နှစ်

**(ယခင်နန်ယန်အထက-၂၊ ဗဟန်း၊**
**ကျောင်းသားဟောင်း)**
**အထက-၁၊ ဒဂုံကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက်အမှတ်(၂၁၁)၊ အခန်းအမှတ်(၂၅)နေ [ဗိုလ်မှူးခင်မောင်လှ(ငြိမ်း)၊ တေးသံရှင် ရဲဘော်ခင်မောင်လှ-ဒေါ်ခင်အေးကြွယ်(ဆရာမ၊အထက-၁၊ ဒဂုံ၊ ငြိမ်း)]တို့၏ သား၊ ဒေါ်ဆုရှားလက်(ခ)ဒေါ်ခင်အေးအေးခိုင်၏မောင်၊ ဦးနိုင်နိုင်ထွန်း(ခ)ဝဋ္ဌာ-ဒေါ်နှင်းနှင်းဝေတို့၏အစ်ကို၊ မအိမ့်မှူးကြွယ်၏ဘကြီး၊ တေးသံရှင်တာရာ(ခ)ဦးနန္ဒာထွန်းသည် ၂-၉-၂၀၁၇ (စနေနေ့) နံနက် ၆း၃၀ နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၇ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု



မိတ္ထီလာမြို့(၁၃၄)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် စက်တင်ဘာ ၁ ရက်မှ ၅ ရက် (တော်သလင်းလပြည့်နေ့)အထိကျင်းပမည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် လှေအသင်းပေါင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး လှေပြိုင်ပွဲကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။ ချမ်းသာ(မိတ္ထီလာ)

# ကောလာဟလထုတ်လွှင့်ခြင်း၊ လုပ်ကြံသတင်းမှားများဖြန့်ချီခြင်း မပြုလုပ်ကြရန်နှင့် အကြမ်းဖက်အန္တရာယ် တုံ့ပြန်ချေမှုန်းရေးနှင့် တည်ငြိမ်အေးချမ်းရေး ပူးပေါင်းကူညီ

နေပြည်တော် စက်တင်ဘာ ၂

**ရခိုင်ပြည်နယ် မောင်တောဒေသတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အကြမ်းဖက်တိုက်ဖျက်ရေး၊ ပြည်သူများဘေးကင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေစဉ် ပဋိပက္ခများမဖြစ်ပွားစေရန်အတွက် ကောလာဟလ ထုတ်လွှင့်ခြင်းနှင့် လုပ်ကြံသတင်းမှားများ ဖြန့်ချိခြင်းမပြုလုပ်ကြရန် သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ရက်စွဲဖြင့် တိုက်တွန်းချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။**

အဆိုပါ ထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဩဂုတ် ၂၅ ရက်မှစတင်၍ ARSA အစွန်းရောက်အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ လက်လုပ်မိုင်းများထောင်၍ နေအိမ်များအား မီးရှို့ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ၊ တိုက်ခိုက်မှုများ လုပ်ဆောင်လာခဲ့သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် မောင်တောဒေသအတွင်း ပုဒ်မ ၁၄၄ ထုတ်ပြန်၍လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာချက်များ ထုတ်ပြန်၍လည်းကောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ☆

# အာဆီယံ ယူ-၁၈ ဘောလုံးပြိုင်ပွဲအတွက် မြန်မာ ယူ-၁၈ အသင်း အပြီးသတ်ရွေးချယ်

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာယူ-၁၈ အသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းတွင် အုပ်ချုပ်သူ ဦးမိုးဝေအောင်၊ နည်းပြချုပ် ဘန်လာဘီ၊ လက်ထောက်နည်းပြ ဦးခင်မောင်ထွေး၊ ဦးဘိုဘိုအောင်၊ ဂိုးနည်းပြ ဦးမြကိုမင်း၊ ဂိုးသမားများအဖြစ် ထက်ဝေယံစိုး၊ ထွန်းနန္ဒာဦး၊ အောင်မြင့်မြတ်၊ နောက်တန်းတွင် အောင်ဝဏ္ဏစိုး၊ ကျော်ဖြိုးဝေ၊ နိုင်ကိုကို၊ ပြည့်ဖြိုးမောင်၊ စည်သူမိုးခန့်၊ စိုးမိုးကျော်၊ သန်းထိုက်ဇင်၊ သက်ပိုင်ထွေး၊ အလယ်တန်းတွင် **စာမျက်နှာ ၁၄ ကော်လံ ၃ သို့** ✳



မြန်မာ ယူ-၁၈ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။



မျိုးဆက်သစ်ရင်ပြင်

မြေကြမ်း အထူးဂဏ္ဍ

စက်တင်ဘာ ၃၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

■ မေစံကားဝါ

# မုန်တိုင်း၏အလွမ်း



ငြိမ်သက်နေသော ပင်လယ်ပြင်တွင် လှိုင်းကြက်ခွပ်ကလေးများ ပြေးလွှားနေသည်။ လေပြည်တို့က ဖြည်းဖြည်းညင်းညင်း တိုက်ခတ်လျက်။ ပင်လယ်သို့ ဖြာကျနေသော နေရောင်ခြည်ကြောင့် ရေပြာပြာမှာ တောက်ပလျက်ရှိသည်။ ပင်လယ်ငှက်များက ဟိုမှသည်သို့ အေးချမ်းစွာ အုပ်စုဖွဲ့ ပျံသန်းနေကြသည်။ သဘာဝတရားက အရာရာလှပလျက်ရှိပါသည်။

"ကောင်လေးရေ ပိုက်ကွန်ချလိုက်တော့ဟေ့"

စက်လှေအဖျားတွင် အလုပ်ရှုပ်နေသော ဘကြီးက လှမ်းအော်သည်။ ငါးဖမ်းလှေပေါ်တွင် ဘကြီးနှင့်သူ အပါအဝင် လေးယောက်သာရှိသည်။ သူကတော့ အကူအလုပ်သမား။ ပိုက်ကွန်ချပေးရုံ၊ လိုအပ်လျှင် ရွက်တင်၊ ရွက်ချလုပ်ပေးရုံသာ။ ငါးဖမ်းလှေဟု ဆိုသော်လည်း သာမန်လှေအလတ်မျှသာဖြစ်ကာ သက်တမ်းကြာပြီ ဖြစ်သောကြောင့် အခင်းအချို့က အနည်းငယ်ဆွေးနေပြီ။ ပင်လယ်ပြင်ကို ငေးကြည့်နေရာမှ သူသတိဝင်လာပြီး ပိုက်ကွန်ကိုဆွဲယူကာ ရေအောက်သို့ ဖြန့်ချလိုက်သည်။ ဒီနေ့တော့ ငါးများများမိပါစေဟု ဆုတောင်းပါသည်။ ငါးများများဖမ်းမိမှ သူ့အတွက် တွက်ခြေကိုက်မည်ဖြစ်သည်။ အိမ်မှာ ချက်စရာဆန်က ကုန်တော့မည်။ အမေက နေသိပ်မကောင်း။ အမေ့အတွက် ဆေးနှင့်ဓာတ်စာဝယ်ရန် ပိုက်ဆံလိုသည်။ အဖေဆုံးသွားကတည်းက အမေနှင့်သူ နှစ်ယောက်ထဲ ရရစားစားနေခဲ့ကြရသည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသော သူတို့လို အခြေခံလူတန်းစားတွေအဖို့ ပင်ပန်းသည်ဟု မညည်းညူအားပါ။ ပင်ပင်ပန်းပန်းလုပ်မှ ဝမ်းဝရုံသာ စားလောက်သည် မဟုတ်လော။

နေ့လယ်ဘက် မွန်းတည့်ချိန်ရောက်တော့ နေကပြင်းလာသည်။ အလင်းရောင်စူးလွန်းသောကြောင့် မျက်စိပင်ကျိန်းမတတ်။ သူကတော့ မျှော်လင့်ခြင်းကြီးစွာဖြင့် ရေအောက်ချထားသော ပိုက်ကွန်ရှိရာသာကြည့်နေမိသည်။ ထိုပိုက်ကွန်ထဲမှာ မျက်စိလည်လာသောငါးများ ပိတ်လှောင်မိနေတော့မည်။ အပြင်ထွက်ဖို့ကြိုးစားလေ ပိုက်ကွန်ကတင်းကျပ်လာလေ။ တစ်ခါတလေတော့ ဒီအလုပ်ကို စွန့်လွှတ်ချင်မိသည်။ သို့သော် အတန်းပညာတစ်ဝက်တစ်ပျက်နှင့် ကျောင်းထွက်ခဲ့ရသောသူ့အတွက် ဘယ်မှာ အလုပ်အကိုင်ကောင်းကောင်း ရှိပါမည်နည်း။ မြစ်ဝကျွန်းပေါ်ဒေသမို့ ငါးဖမ်းလိုက်သောအလုပ်သာ သူ့အတွက်လွယ်ကူသည်ဟု ဆိုရမည်။ ဒါတောင် အဖေ၏ အစ်ကိုဖြစ်သော ဘကြီးက သူ့စက်လှေတွင်ခေါ်ကာ အလုပ်ပေးထားသောကြောင့်။ သူတစ်ပါးအသက်ကို ဖမ်းဆီးခြင်းသည် အကုသိုလ်စာရင်းဝင်သော်လည်း ဒီအလုပ်နှင့်ပင် မိဘကိုလုပ်ကျွေးရသည်မို့ မစွန့်လွှတ်နိုင်သေးပေ။ ပိုက်ကွန်ထဲ ရောက်လာသော ငါးများကဲ့သို့ပင် လူ့ဘဝကရော ဘာထူးသနည်း။ သံသရာပိုက်ကွန်ထဲကနေ မလွတ်မြောက်နိုင်ဘဲ ရုန်းလေနစ်လေ။ သို့သော် ခက်ခဲသောဘဝကို အန်တုဖို့သာ အရင်ကြိုးစားရမည်။

"လာကြဟေ့ . . . ပိုက်ကွန် ဆွဲတင်ကြစို့"

ဘကြီးက အခြေအနေကြည့်ရင်း ပြောသည်။ ကျန်အလုပ်သမားနှစ်ယောက်က ပိုက်ကွန်ကြိုးစကိုင်ကာ တဖြည်းဖြည်းဆွဲတင်လိုက်ကြသည်။ ပါလာသော ပိုက်ကွန်ထဲတွင် တဖျပ်ဖျပ်လူးနေသော အရွယ်စုံငါးများ။ သူ ဆုတောင်းပြည့်သည် ထင်သည်။ လွန်ခဲ့တဲ့ရက်တွေကထက် ဒီနေ့ငါးပိုရသည်။ အမေ့အတွက် ဓာတ်စာကောင်းကောင်းလေး ဝယ်ပေးဦးမှဟုတွေးရင်း ငါးများကို အရွယ်အစားခွဲနေလိုက်သည်။

ရုတ်တရက် ခပ်ဖြည်းဖြည်းတိုက်နေသော လေပြည်က နည်းနည်းကြမ်းလာသည်။ ပင်လယ်၏ ဟိုဘက်ကောင်းကင်က နီရဲစပြုလာသည်။ ငှက်တွေလည်း ခပ်မြန်မြန်ပျံသန်းစပြုပြီ။ ပင်လယ်သည် မာယာများလှသည်။ မနက်က သာယာခဲ့သော ဝန်းကျင်တစ်ဝိုက်သည် ယခု မလှပ မသာယာတော့ပေ။ ငြိမ်သက်ခြင်းသည် ဆူညံကြမ်းတမ်းခြင်း၏ ရှေ့ပြေးလေလားမသိ။ သို့သော် သူတို့အတွက် စိုးရိမ်စရာတော့မရှိ။ ကမ်းကို လှမ်းမြင်နေရပြီ။ မကြာခင်ပင် လှေက ကမ်းကပ်တော့မည်။ ကြမ်းကြမ်းတိုက်လာသော လေနှင့်အတူ မိုးစက်ကြီးများကျလာပြီ။ လှေကလည်း လှိုင်းနှင့်အတူ အနည်းငယ် လွန့်လူးလာသည်။ မုန်တိုင်းတိုက်တော့မည့် လက္ခဏာပင်။ ကောင်းကင်တွင် တိမ်ညိုတိမ်မည်းများ ဖုံးလွှမ်းလာကာ လျှပ်စီးများပင် လက်လာသည်။

လှေက ကမ်းစပ်သို့ကပ်ပြီ။ ပစ္စည်းများသိမ်းဆည်းကာ လှေပေါ်မှဆင်းတော့ မုန်တိုင်းတိုက်နေသော ပင်လယ်ပြင်ဘက်သို့ လှည့်ကြည့်မိသည်။ သူ့ဘဝသည်လည်း ပင်လယ်လိုပဲ ငြိမ်သက်ခဲ့ဖူးသည်။ ကြမ်းတမ်းခဲ့ဖူးသည်။ ထင်မှတ်မထားသော ဘဝအပြောင်းအလဲများကို ရုတ်တရက် ကြုံတွေ့ခဲ့ရဖူးသည်။ လောကဓံမုန်တိုင်း၏ ရိုက်ခတ်မှုကိုလည်း ခံခဲ့ရပြီးပြီ။ မုန်တိုင်းပြီးလျှင်တော့ လေပြည်လာရမည်။

ငါးများကို ဒိုင်တွင်သွင်းကာ ရလာသော ပိုက်ဆံကို ခွဲဝေယူကြသည်။ ငါးများများမိသောကြောင့် ပိုက်ဆံ အနည်းငယ်ပိုရသည်။ ဒီနေ့တော့ အိမ်အတွက် လိုအပ်သော ရိက္ခာများဝယ်လို့ရပြီ။ အိမ်အပြန် သူ့ခြေလှမ်းများက အခါတိုင်းထက် ပိုမြန်နေသည်။ မှောင်နေပြီဖြစ်သောကြောင့် အမေမျှော်နေတော့မည်။ မှောင်ရိပ်ကျနေသော အိမ်ငယ်လေးထဲတွင် မီးရောင်ခပ်မှိန်မှိန်ကို လှမ်းမြင်နေရသည်။

"အမေ ကျွန်တော်ပြန်ရောက်ပြီ"

ပြောရင်း အိမ်ပေါ် လှမ်းတက်လိုက်သည်။ လှေကား သုံးထစ်ရှိသော အိမ်လေးဖြစ်သော်လည်း သူနှင့်အမေ့အတွက်တော့ လုံခြုံပါသည်။ အိမ်ပေါ်သို့ တက်လိုက်တိုင်း စိတ်အေးချမ်းမှုကို သူအမြဲခံစားရလေ့ရှိသည်။

"အမေ သက်သာရဲ့လား။ ဆန်ပြုတ်ရော သောက်ပြီးပြီလား"

အမေ့နဖူးကို အသာစမ်းလိုက်သည်။ မနက်ကလောက်တော့ ကိုယ်မပူတော့။ ချွေးလည်း နည်းနည်းစို့နေပြီ။

"သက်သာလာပါပြီ သားရယ်။ သားနဲ့အတူ စားမလို့ စောင့်နေတာ"

မီးဖိုခန်းထဲသို့ဝင်ကာ အမေ့အတွက် ဆန်ပြုတ်တစ်ပန်းကန်ခပ်ပြီး သူ့အတွက် ထမင်းခူးလိုက်သည်။ ဟင်းကတော့ မနက်ကချက်ထားသောငါးဟင်း ကျန်သေးသည်။

အိမ်တွင် လူနှစ်ယောက်တည်းသာရှိသော်လည်း ညစာတစ်နပ်သာ လက်ဆုံစားဖြစ်သည်။ အမေက မနက်စောစော ဈေးသွားချိန်တွင် သူကအလုပ်သွားကာ ညနေစောင်းမှ ပြန်ရောက်သည်။ အိမ်ပြန်ချိန်နီးလျှင် အမေက ညစာစားဖို့စောင့်နေတတ်သည်။ တစ်နေ့စားဖို့ တစ်နေ့အလုပ်လုပ်နေရသော သူ့အတွက် သည်အချိန်သာ အပျော်ဆုံးအချိန်ပင်ဖြစ်သည်။ တစ်နေ့တာ ကြုံတွေ့သမျှကို အမေနှင့်ပြန်ပြောကာ ရယ်မောရင်း ပင်ပန်းမှုတွေ ပြေပျောက်ရသည်။ အမေ့ဆုံးမစကားတွေကို နားထောင်ရသည်။ အမေ့ကို လုပ်ကျွေးပြုစုရခြင်း၏ ပီတိသည် သူ့အတွက် အင်အားပင်ဖြစ်သည်။ အမေ၏ အပြုံးသည် သူ့အတွက် မုန်တိုင်းထဲမှ အကာအကွယ်တစ်ခုပင်။ အမေသည် သူ့အတွက် ဘဝခရီးကြမ်းကိုရင်ဆိုင်ဖို့ ချွေးသိပ်စေသည့် လေပြည်သာဖြစ်ပါသည်။ ။

## စာရိတ္တ အင်္ကျီဖြူ

အင်္ကျီဖြူလေး ချစ်စရာ
ရှင်းသန့် မင်္ဂလာ
မြင်သူတကာ စိတ်ရွှင်အေး
လူတိုင်း ချစ်တယ်လေး။
အရောင်လေးတစ်စက် စွန်းထင်ပေ
ရှုံ့မဲ့အများလူတွေ
မဝတ်မဝယ် ဘေးဖယ်ထား
အင်္ကျီဖြူလေးအား။
တို့များအတွက်လည်း စာရိတ္တဟာ
အင်္ကျီဖြူလေးပမာ
အစွန်းအထင် မခံပါနဲ့
အပယ်ခံရတတ်သတဲ့။
စာရိတ္တဟဲ့ အင်္ကျီဖြူ
သေချာစောင့်ရှောက်ယူ
အရောင်တစ်စက် စွန်းတာနဲ့
လူဖြစ်ရှုံးမှာပဲ။ ။

**ဆွေး(မြိတ်)**
ပထမနှစ် မြန်မာစာ(အဝေးသင်)

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် "မျိုးဆက်သစ်ရင်ပြင်" အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။ ထိုသို့ရေးသားပေးပို့ရာတွင် စာမူများကို ခေတ်သစ်ရေးဟန်ဖြင့်ရေးသားနိုင်သော်လည်း ရေးသားသူ၏ ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံ၊ အကြောင်းအရာတို့ကို စကားပြေဖြင့်ဖြစ်စေ၊ စကားပြောဖြင့်ဖြစ်စေ (စကားပြေနှင့် စကားပြော မရောစေဘဲ) လိုရင်းတိုရှင်းရေးသားပေးပို့နိုင်ပါသည်။ လူငယ်လူရွယ်များ စိတ်ဝင်တစား ရေးသားပေးပို့ကြသည့်အတွက် ကြေးမုံကကျေးဇူးအထူးတင်ရှိပါသည်။

ပေးပို့သောစာမူများမှာ များပြားသဖြင့် အဆိုပါလေးချက်နှင့်ကိုက်ညီပြီး ဆီလျော်အောင်ရေးသားသောစာမူများကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေးပို့သော စာမူအားလုံးအတွက် အကြောင်းပြန်ကြားမပေးနိုင်သေးခြင်း၊ မဖော်ပြပေးနိုင်သေးခြင်းတို့ကို နားလည်ခွင့်လွှတ်စေချင်ပါသည်။

စာမူပေးပို့ရာတွင် အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကျောင်း၊ မိမိ၏ နှစ်သက်ရာဓာတ်ပုံတစ်ပုံ၊ စာမူကို ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြု ဖော်ပြပါရှိရမည်ဖြစ်သည်။

**အထူးပန်ကြားလိုသည်မှာ စာမူများကို**

**mirrormyosathit@gmail.com**

**သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။** ဖော်ပြပါရှိသည့် စာမူခများကို အမှတ် (၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံ သတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

ဆောင်းပါး

# ချစ်၍ ရိုက်သည်

မောင်သက်ဝေ

တစ်လောက မလှမ်းမကမ်းကအိမ်တစ်အိမ်မှာမိခင်ဖြစ်သူကသူ၏သားငယ်ကိုရိုက်နေသည်ကို မြင်တွေ့လိုက်ရသည်။ အဘယ်ကြောင့် ဒေါသတကြီးနှင့်အော်ဟစ်ပြီး ရိုက်နေရသလဲဟု ပတ်ဝန်းကျင်က လူငယ်တစ်ယောက်ကို မေးကြည့်လိုက်သောအခါ လပတ်စာမေးပွဲတွင် စာမေးပွဲကျခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

စာရေးသူသက်ပြင်းတစ်ချက်ချမိပါသည်။ စာမေးပွဲကျခြင်းကြောင့် မိမိရင်သွေးလေးကို ကမ္ဘာကြီးပြိုသကဲ့သို့ ရိုက်ရသလား။ ရိုက်လိုက်ခြင်းကြောင့် ထိုကလေးသည် ကျောင်းစာတော်လာမည်လား။ ပို၍ လိမ္မာရေးခြားရှိလာမည်လား။ အဘယ်ကြောင့် မိမိသားငယ် စာမတော်ရသလဲ စသည်ဖြင့် မိဘများသည် အကြောင်းအရာ၏ဇာစ်မြစ်ကို ဝေဖန်သုံးသပ်စဉ်းစားဖို့ လိုအပ်သည်။ ထိုကဲ့သို့ ပြန်ပြီး မေခွန်းမထုတ်နိုင်လျှင် မိမိကလေးသည် နာကျင်ရုံမှလွဲ၍ အကျိုးရှိမည်မဟုတ်ပါ။

သားသမီးတစ်ယောက် ဆိုးသည်၊ ကောင်းသည်။ စာတော်သည်၊ စာညံ့သည်။ လိမ္မာသည်၊ မလိမ္မာသည် ဆိုသည်မှာ ထိုသားသမီးတစ်ဦးတစ်ယောက်တည်းမှာသာ တာဝန်ရှိသည်မဟုတ်။ မိဘများမှာလည်း တာဝန်အများကြီး ရှိသည်။ တချို့မိဘများသည် မိမိသားသမီးတွင် ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက ထိုသားသမီးကိုပဲ အပြစ်အားလုံးပုံချတတ်သည်။ မသိနားမလည်၍ ကျူးလွန်မိခဲ့သော အမှားတစ်ခုကို နောက်တစ်ကြိမ်မမှားမိအောင် ပြောဆိုဆုံးမရမည့်အစား ရိုက်နှက်ကြိမ်းမောင်းတတ်ကြသည်။ ထိုကဲ့သို့ ရိုက်ရခြင်းသည် သားသမီးကိုချစ်၍ဟု ပြောဆိုကြသည်။

မိဘတိုင်းသည် မိမိသားသမီးများကိုချစ်ကြ၏။ မိမိ၏ အသက်နှင့်ရင်းပြီးမွေးဖွားခဲ့ရသော မိမိရင်သွေးကို မချစ်သောမိဘဟူ၍ ဤကမ္ဘာမြေပြင်မှာမရှိနိုင်ပါ။ လူဆိုသော သတ္တဝါကို မဆိုထားနဲ့။ လူလောက်အသိဉာဏ်မရှိသော ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များပင် သူတို့၏ ကျွဲငယ်၊ နွားငယ်၊ ခွေးငယ်တို့ကိုချစ်တတ်ကြသေး၏။ ဆင်ခြင်တုံတရားရှိသော၊ အသိဉာဏ်ထက်သန်သော လူသတ္တဝါဆိုလျှင်ကား ဆိုဖွယ်မရှိပါ။ ဤသည်ကိုလည်းသိ နားလည်စအရွယ် သားသမီးဖြစ်သူတိုင်း သိကောင်းသိနိုင်ပါသည်။ သို့သော်လည်း မိဘများသည် သားသမီးများအပေါ်ထားသည့် မိမိ၏မေတ္တာ၊ ကရုဏာ၊ စေတနာများကိုသိရှိ၊ နားလည်နိုင်အောင် ထုတ်ဖော်ပြသဖို့ လိုအပ်သည်။ မေတ္တာပေးမှ မေတ္တာရသည်။ မေတ္တာရမှလည်းမိမိလိုသကဲ့သို့ ဆွဲဆောင်ပုံသွင်း၍ရမည်။ သို့ဖြစ်ပါ၍ မိမိလိုချင်သည့် သားသမီးဆီက မေတ္တာကိုကား ရိုက်ပြီး တောင်းခံ၍ ရမည်မထင်။

ကလေး၏စိတ်သည် နူးညံ့သည်။ ကလေး၏နှလုံးသားသည် ပျော့ပျောင်းသည်။ ထို့ကြောင့် ကလေးဟူသည် မိမိအပေါ် ချော့မော့ပြောဆိုခြင်းကို နှစ်သက်သည်။ ကြမ်းတမ်း၊ ကြိမ်းမောင်း၊ ဆဲဆိုခြင်းကိုအလိုမရှိ။ မုန်းတီးကြသည်။ ကြမ်းတမ်းစွာပြောဆိုဆုံးမခြင်းသည် ကလေး၏ နှလုံးသားကို အရောင်ဆိုးလိုက်သကဲ့သို့ပင်။

ထိုမိဘများက ကလေးများကို ရိုက်နှက်၍ဆုံးမခြင်းသည် လိမ္မာစေသည်ဟုယူဆကြသည်။ အမှန်မှာထိုအယူအဆသည် ကောင်းသောဘက်ကို ဦးတည်လာနိုင်စရာ အတော်နည်းလှပါသည်။ ရိုက်၍ဆုံးမခြင်းသည် ကလေး၏ နှလုံးသားတွင် အကြောက်တရားကိုပို၍ ကြီးထွားရှင်သန်စေသည်ကိုမသိကြပါ။ တချို့ကလေးများသည် သူတို့၏ မိဘများကို ကြောက်စရာကောင်းသည့်လူသားဟုပင် အမြင်မှားလာကြသည်။ အမေ၊ အဖေ၏ရှေ့တွင် စကားမပြောရဲ၊ ထမင်းအတူမစားရဲသည်အထိ အကြောက်တရားလွန်ကဲလာသည်။ ဗိုက်ဆာရင်တောင် ငါ့အမေရိုက်မည်ဟု ထင်မှတ်ကာ ပိုက်ဆံမတောင်းရဲဘဲ အစာငတ်ခံကြသည်။ ထိုအရာများသည် ကောင်းသောလက္ခဏာရပ်များ မဟုတ်ပါ။ ထိုကြောက်ရွံ့စိတ်သည် ထိုကလေး၏ဘဝတစ်လျှောက်လုံး အရိုးစွဲသွားတတ်သည်။

တစ်ခါတစ်ရံ သူတို့တွင် ပြဿနာကြီးကြီးမားမားနဲ့ ရင်ဆိုင်ကြုံတွေ့လာလျှင်ပင် မိဘကို ရှက်သောစိတ်၊ ကြောက်သောစိတ်ကြောင့် ပွင့်လင်းစွာပြောဆိုမတိုင်ပင်ရဲကြပေ။ ထိုအခါ မလိုလားအပ်သည့်ပြဿနာများ၊ အသက်အန္တရာယ်များပင် ဖြစ်ပေါ်လာတတ်သည်။ အထူးသဖြင့် မိန်းကလေးအများစု ဖြစ်တတ်ကြသည်။ တချို့မိန်းကလေးများသည် မိမိ၏အသက်ကိုအရှက်နှင့် စတေးသွားကြသည်။ မိဘကိုကြောက်သောစိတ်၊ ပတ်ဝန်းကျင်ကိုရှက်သောစိတ်သည် ရခဲလှသည့် လူ့အသက်တစ်ချောင်းကိုတောင် သေစေနိုင်ပါသည်။ ထိုဖြစ်ရပ်များကို ပတ်ဝန်းကျင်၌သော်လည်းကောင်း၊ သတင်းစာ၊ ဂျာနယ်၌သော်လည်းကောင်း နေ့စဉ်နှင့်အမျှလိုလို တွေ့မြင်ဖတ်ရှုနေရသည်။

အမှန်တကယ်တော့ မိခင်ဖြစ်သူကို ပထမဆုံး ပွင့်လင်းစွာ တိုင်ပင်သင့်သည်။ မိခင်ကလည်းမသိနားမလည်၍ မှားခဲ့သောအမှားတစ်ခုကို နားလည်မှုရှိရှိ ခွင့်လွှတ်ကာ မဖြစ်သင့်သည်မဖြစ်အောင်၊ နောက်အမှားတစ်ခုကို ထပ်မမှားမိအောင် အကြံဉာဏ်ကောင်းပေးသင့်သည်။ သားသမီးတွင် ကျရောက်လာသော အခက်အခဲ၊ ဘေးအန္တရာယ်များကိုဖြေရှင်းပေးဖို့ မိဘများမှာ တာဝန်ရှိသည်။ အပြစ်တင်၊ ဆဲဆို၊ ကြိမ်းမောင်းနေရုံနှင့် ထိုအခက်အခဲ၊ ထိုပြဿနာသည် ပြေလည်သွားမည်မဟုတ်။ ထိုကိစ္စမျိုးမှာ မိမိ၏ သားသမီးများကိုပင်စိတ်မဆင်းရဲအောင်၊ စိတ်ဓာတ်မကျအောင် အားပေးနှစ်သိမ့်ပေးသင့်သည်။

မိဘဟူသည် မိမိ၏ရင်သွေးဖြစ်သော သားငယ်၊ သမီးငယ်များကို ချစ်ကြစမြဲပါ။ သားသမီးကိုမုန်း၍ ရိုက်သည် မဟုတ်၊ ချစ်၍ရိုက်သည်သာ။ သို့သော်လည်း ကိုယ့်ရင်ထဲကစေတနာနှင့် မေတ္တာကိုသားသမီးများ သဘောပေါက်နားလည်မှုလွဲစေမည့် ပြောဆိုဆုံးမမှုမျိုးကိုတော့ ရှောင်ရှားသင့်သည်။ လိုအပ်သည်ထက်ပိုပြီးရိုက်၍ ဆုံးမခြင်းသည် သားသမီးနှင့်မိဘကြားမှာရှိသည့် သံယောဇဉ်နှောင်ကြိုးလေးများကိုပင် ပြတ်တောက်စေ နိုင်ပြီး အမုန်းတရားကိုပင် ဖြစ်ပွားတတ်ပါသည်။ ထို့ကြောင့် မိမိချစ်ခြင်းမေတ္တာသည် အမုန်းတရားတွေ မဖြစ်စေဖို့ ဖြူစင်သန့်ရှင်းသောကလေးတို့၏နှလုံးသားကို ရိုက်နှက်၍ အရောင်မဆိုးကြပါနှင့်ဟု တိုက်တွန်းအကြံပြုလိုက်ရပါသည်။ ။

■

ဆောင်းပါး

# ဘဝကို ကိုယ်တိုင်ပုံဖော်ပါ

မောင်မြင့်ဝင်း

ဘဝက ကိုယ်ရုပ်လုံးဖော်တဲ့အတိုင်းပုံပေါ်လာတတ်တယ်လို့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးပါတယ်။ ဒီစကားလေးဟာ အခုခေတ်လူငယ်တွေအတွက် အလွန်အဖိုးတန်လှပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုခေတ်လူငယ်တွေ အတော်များများဟာ ဘယ်ဆီကို ဦးတည်ရှင်သန်နေသလဲဆိုတာ တွေးတောတတ်သူ အလွန်နည်းပါတယ်။ ဦးတည်ချက်ကို သေသေချာချာမချမှတ်နိုင်ဘဲ ပေ့ါပေ့ါပါးပါးနေတတ်ကြတဲ့သူတွေ များကြပါတယ်။

ရည်မှန်းချက်ဆိုတာ လူတိုင်းထားရမယ့်အရာဖြစ်ပါတယ်။ ရည်မှန်းချက်ထားမှလည်း ဦးတည်ချက်လမ်းကြောင်းပေါ်က သွေဖည်မသွားမှာ ဖြစ်ပါတယ်။ ရည်မှန်းချက်ထားပြီး ကိုယ့်ဘဝကို စိတ်တိုင်းကျပုံဖော်ထုဆစ်မှ အခြားအရေးမပါတဲ့ အရာတွေအပေါ် အာရုံစိုက်မှုလျော့နည်းမှာ ဖြစ်ပါတယ်။ ဒါမှလည်း အောင်မြင်မှုလမ်းကြောင်းဆီကို ကြိုးစားရင်း အောင်မြင်တဲ့ဘဝကို ရောက်စေမှာပါ။

ဦးတည်ချက်မရှိဘဲ လှော်ခတ်နေတဲ့ လှေဟာ လိုရာကို မရောက်နိုင်သလို ရည်မှန်းဦးတည်ချက်မရှိဘဲ လုပ်နေရင် တစ်နေ့သာ ကုန်သွားတယ်။ အောင်မြင်မှုဆီ ရောက်မှာ မဟုတ်ပါဘူး။ တကယ်တော့ အောင်မြင်မှုဆိုတာ ကိုယ်တိုင်ရည်မှန်းချက်ထားကာ ကိုယ့်ဘဝကို ပုံဖော်ခြင်းကနေ ရလာတဲ့အရာပါ။ နောက်သုံးလကြာရင် ဘာဖြစ်အောင် လုပ်မယ်လို့ရည်မှန်းချက် ထားကာကြိုးစားသူနဲ့ ရည်မှန်းချက်မထားဘဲ ဖြစ်သလိုလေးနဲ့ ဦးတည်ချက်မဲ့ကြိုးစားနေသူတို့ရဲ့ဘဝဟာ အလွန်ခြားနားပါတယ်။

အများအားဖြင့် ကိုယ့်အတွေးတွေကကိုယ့်ဘဝဖြစ်တတ်တာများပါတယ်။ စိတ်ထဲမှာ အရာတစ်ခုအပေါ် တွေးတောရည်မှန်းမိရင် အဲဒီအရာအပေါ်မှာပဲ စိတ်ထဲ အမြဲဖြစ်နေမှာပါ။ အဲဒီအခါ အတွေးထဲက အရာကို အောင်မြင်အောင် နည်းအမျိုးမျိုးနဲ့ကြိုးစားတော့မှာပါ။ ကြိုးစားနေသူတစ်ယောက်အတွက် တစ်နေ့မှာ ရည်မှန်းရာ ပန်းတိုင်ကို ရောက်လာမှာသာဖြစ်ပါတယ်။ အဓိကက စိတ်ကူးယဉ်အိပ်မက်တွေကို ရဲရဲကြီးမက်ပြီး ရည်ရွယ်ချက်အတိုင်း လက်တွေ့အမြဲမပြတ် စူးစူးစိုက်စိုက်နဲ့ လုပ်တတ်ဖို့သာလိုတာပါ။

ကျွန်တော်တို့ ကလေးဘဝက စိတ်ကူးယဉ်အိပ်မက်တွေကို လွတ်လွတ်လပ်လပ် မက်ခဲ့ဖူးကြမှာပါ။ ဒီမက်တဲ့ စိတ်ကူးယဉ် အိပ်မက်တွေကိုမက်ဖို့ ဘယ်လိုစိတ်ဓာတ်အင်အားမျိုးတွေရခဲ့သလဲ။ အဓိက သတ္တိပါပဲ။ ငါလုပ်ရင် ဖြစ်မယ်ဆိုတဲ့ စိတ်ဓာတ်ခွန်အားသတ္တိပါပဲ။ ဒါပေမယ့် ကြီးပြင်းလာတဲ့အခါ လောကဓံတွေရဲ့ ရိုက်ချက်ကြောင့် စိတ်ကူးယဉ်အိပ်မက်တွေကို ရဲရဲတင်းတင်း မမက်ရဲတော့ပါဘူး။ ဒီလိုမမက်ရဲလို့ ကိုယ်ဖြစ်ချင်တဲ့ဘဝကို မရွေးချယ်နိုင်ကြတော့ပါဘူး။ ဆရာဝန်က စာရေးဆရာဖြစ်၊ စာရေးဆရာဖြစ်မယ့် သူက ကုန်သည်ဖြစ်နဲ့ ဘဝတွေဟာ ကဘောက်တိကဘောက်ချာတွေ ဖြစ်ကုန်ရပါတယ်။ တကယ်တော့ လူဆိုတာ စိတ်ကူးယဉ်အိပ်မက်ကို ရဲရဲမက်တတ်ဖို့လိုသလို မက်ခဲ့တဲ့ အိပ်မက်တွေကိုလည်း လက်တွေ့အကောင်အထည်ဖော်ရဲတဲ့သတ္တိရှိရပါမယ်။ ကိုယ့်အတွေးတွေကနေ ကိုယ့်ရဲ့ရည်ရွယ်ချက်စိတ်ကူးတွေ ဖြစ်လာသင့်ပါတယ်။

ဒီလို ဆန္ဒနဲ့ အလုပ်တစ်ထပ်တည်းကျမှသာ လုပ်ရတဲ့ အလုပ်မှာပျော်ရွှင်မှုရမှာဖြစ်သလို အောင်မြင်မှုဆိုတာလည်း ဖြစ်လာစေမှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်ဘဝရဲ့ အိပ်မက်ကို ရဲရဲဝံ့ဝံ့ပီပီပြင်ပြင် မက်နိုင်အောင်ကြိုးစားပြီး ဒီအိပ်မက်တွေကို အောင်မြင်အောင် လုပ်ရမယ့်နည်းလမ်းတွေကို အချိန်ရှိသရွေ့ စဉ်းစားသင့်ပါတယ်။ ဒါမှသာ တစ်နေ့ပြောင်းတိုင်းပြောင်းတိုင်း အောင်မြင်မှုနဲ့တဖြည်းဖြည်း နီးလာမှာ ဖြစ်ပါတယ်။

ဒါပေမယ့် လူငယ်အများစုက အိပ်မက်မက်တဲ့ အဆင့်မှာပဲ ရစ်ဝဲနေကြပြီး လက်တွေ့အကောင်အထည်ဖော်တဲ့ဆီကို ရောက်မလာတတ်ကြပါဘူး။ အဆောက်အအုံတစ်ခု ဆောက်တဲ့အခါ ပုံကြမ်းအရင်ထုတ်ပြီး ထုတ်ခဲ့တဲ့ပုံအတိုင်း ဆောက်လုပ်ရသလို ဘဝတစ်ခုတည်ဆောက်တဲ့အခါမှာလည်း စိတ်ကူးယဉ်အိပ်မက်ဆိုတဲ့ ပုံကြမ်းလေး တည်ဆောက်ပြီး စနစ်တကျ တည်ဆောက်ကြမယ်ဆိုရင် လှပတဲ့ဘဝ၊ အောင်မြင်တဲ့ဘဝ၊ အများအထင်ကြီးလေးစားတဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ ဘဝကို စိတ်တိုင်းကျထုဆစ်ကာ အေးချမ်းတဲ့ဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ။

## မပုကြွယ်နှင့် ခရုငယ်

မပုကြွယ်လေး အားငယ်လာ
ဉာဏ်လည်းမမီရှာ။
ဆရာမက အိမ်စာပေး
ကျက်ဖို့ဝန်တာလေး။
ပေးတဲ့တစ်ပုဒ် အဖန်ဖန်
ကျက်လို့မရပြန်။
အိမ်ခြံထဲမှာ ဆင်းလို့ကျက်
မမှတ်နိုင်တော့ခက်။
တိုင်ထိပ်တက်တဲ့ ခရုငယ်
လှမ်းလို့မြင်တော့တယ်။
တရွေ့ရွေ့ကွယ် တက်လာတော့
တိုင်ထိပ်ရောက်သွားပေါ့။
ဇွဲမလျှော့ဖို့ မပုကြွယ်
စိတ်ထက်သန်လို့ရယ်။
ခရုငယ်လို အားထုတ်ခဲ့ အိမ်စာရပြီတဲ့။
မပုကြွယ်နှင့် ခရုငယ် ဥပမာပုံနယ်။
တို့တစ်တွေကွယ် အတုယူလို့
ကြိုးစားကြပါစို့။ ။

ရိုးတံ(ပုလဲနယ်)

## မြေနုကျွန်း

ဧရာဝတီ အနောက်စွန်းက
လှပလွန်းသောကျုပ်တို့ရွာ
လှမ်းလျှောက်ခဲ့ပါ။
အနောက်ဘက်က တောင်သေလာ
အရှေ့ဘက်မှာမြေနုကျွန်း
လင်းပိုင်၊ ငါးတွေ ရှင်ပျော်မြူးတဲ့
ထူးတဲ့နေရာ။
ဧရာဝတီမြစ်ကမ်းဘေးက
အေးမြတဲ့ နန်းတော်ကျွန်းရွာ
ရွှန်းမြလျက်သာ။
အနောက်ဘက်က မင်းကွန်းရွာ
အရှေ့ဘက်မှာ မြေနုကျွန်း
ရွှန်းဝေဆာ အစဉ်လှစေဖို့
ရွာတောင်သူ ကိုသာလှ
ထွန်ချတဲ့ ကျွန်း။
မြစ်လယ်ကောင်သောင်ထွန်း
ဆင်းကျွန်ခေါ်တဲ့ ကျုပ်တို့ရွာ
ရွှန်းမြသာယာ
တစ်ခါတစ်ခေါက်ဖြင့်လာကြည့်
မြစ်ရေနဒီအလှရယ်နဲ့
ထွန်းပဝေဆာ။ ။

သိန်းအောင်ကျော်(မြို့သာ)

## လတော်သလင်းအခါ

တော်သလင်းမိုး ကန်သင်းကျိုး
ဖွေးလွ မြစ်ရေတိုး။
ရင်းမာဝေဖြိုး ဖူးပွင့်စွာ
သာစွ ပန်းခတ္တာ။
ယီးလေ့တိုင်ကာ ဆင်ယင်နွှဲ
မြန်မာ့လှေပြိုင်ပွဲ။
ကျားကုတ်ကျားခဲ လှော်ခတ်ဟန်
ဖော်ပြဇာတိမာန်။
လုံ့လထက်သန် ယှဉ်ပြိုင်မှ
နပူးကချွေး ခြေမ,ကျ
ဇွဲဆု ရမည်ပ။ ။

ပိုင်(ဆေး-၁)

ဝတ္ထုတို

# ထီအိတ်လေးရဲ့ ငိုရှိုက်သံ

■ မြင့်မြတ်သိင်္ဂီ



တဝေါဝေါရွာနေတဲ့ မိုးသံလေသံတွေကြားမှာ ရင်ထဲက တဆစ်ဆစ်နာကျင်ကိုက်ခဲနေမှုတွေနဲ့ တင်မောင်ကယောင်ကတမ်း ရေရွတ်မိလိုက်တယ်။

"သမီးကြီး အဖေ့အိတ်လေး ပေး. . . ပေး. . . ပါ"

ဝိုးတဝါးရှိုက်သံသဲ့သဲ့နဲ့ စကားသံသဲ့သဲ့ကြားမိသလိုရှိပေမယ့် လက်ထဲရောက်လာတဲ့ အိတ်ကြိုးနွမ်းစုတ်စုတ်လေးကိုသာ အမိအရဆုပ်ကိုင်မိရင်း ကယောင်ကတမ်းပြုံးမိတယ်။ အတွေးတွေထဲမှာ ငါထီရောင်းထွက်ရဦးမယ်လို့ တွေးရင်း ကမန်းကတန်းထမိတယ်။

လူက လေးလံကိုက်ခဲနေပေမယ့် စိတ်တွေကပေါ့ပါးနေသလိုပဲ။ ဟော ဟိုမှာအမေ။ အမေ့အရိပ်ကို ဝိုးတဝါးမြင်မိလိုက်သလို နောက်ကအပြေးလိုက်မိတော့ အမေက မရှိပါလား။ ဟင် အမေဆုံးသွားတာကြာပြီလေ။ အမေရေ အမေလို့အော်ရင်း ပြေးမယ်လုပ်တော့ ဖြူသွယ်သွယ်လက်လေးတစ်ဖက်က တင်မောင့်လက်ကို လာဆွဲရဲ့။

လှည့်ကြည့်မိတော့ တင်းမာနေတဲ့ မျက်ဝန်းတောက်တောက်လေးတွေနဲ့ ချစ်လှစွာသောသမီးကြီး။ သမီးလို့ခေါ်ရင်း ဆွဲထားတဲ့သမီးလက်ကလေးကို တင်မောင် ဝမ်းသာအားရပြန်လည်ထွေးဆုပ်မိခါမှ သမီးက တင်မောင့်လက်ကိုပြန်ဖြုတ်ချလို့ ကျောခိုင်းပြေးထွက်သွားလေရဲ့။ ကျောခိုင်းသွားတဲ့ သမီးနောက်ကို အပြေးလိုက်မိရင်း တင်မောင့်ရင်ထဲမှာ တဆစ်ဆစ်။

"အဖေက ဘာအသုံးကျလို့လဲ။ အဖေ့ကြောင့် ဘယ်တုန်းကများ စိတ်ချမ်းသာခဲ့ဖူးလဲ။ ခု ကျူရှင်မှာ အဆင့် (၁) ရတယ်။ ခုပဲ လခတွေမပေးနိုင်လို့ ထွက်ရတော့မယ်။ အဖေ့ကိုမုန်းတယ်"တဲ့။

တစ်ခါက ခြံထဲကတမာပင်ကြီးအောက်မှာ ဒူးပေါ်လက်တင်ပြီး ရှိုက်ရှိုက်ငိုလို့ပြောခဲ့ဖူးတဲ့ အသံလေးတွေ။ သမီးရယ် ဟုတ်တယ်။ အဖေဟာ အသုံးမကျခဲ့သူကြီးပါ။ တင်မောင်ဆိုတဲ့ဘဝ အစကသိပ်လှခဲ့တာ။ ဖခင်က ဝန်ထောက်။ မိခင်က သူဌေး။ ငယ်စဉ်က မြို့မျက်နှာဖုံး။ မိဘတွေရဲ့မျက်နှာနဲ့ တင်မောင်တို့ ညီအစ်ကိုတွေ နေချင်သလိုနေ၊ သုံးဖြုန်းပျော်ပါးသူဌေးသားဘဝ။ လိုချင်တာရှိ မိဘဆီလက်ဖြန့်တောင်း။ အဆင်သင့်ရဘဝမှာ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား ဘဝဆိုတာပျော်စရာပေါ့။

အဖေဆုံးပါးသွားချိန် အမေတစ်ယောက်တည်း ကျန်ခဲ့ပေမယ့် ကျန်ရှိနေခဲ့သေးတဲ့ဥစ္စာပစ္စည်းတွေကြောင့် တင်မောင်တို့မျက်နှာမငယ်အောင် အမေဆက်ထားနိုင်ခဲ့တယ်။ အရွယ်ရောက်လို့ ရုပ်ချောပိုက်ဆံရှိ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဘဝမှာ ကိုယ်ကြိုက်ရာရွေးလို့ သဘောဖြူအူစင်း ရိုးသားလှတဲ့ မသန်းနွဲ့လေးနဲ့ ဖူးစာဖက်ခဲ့ချိန်ထိ တင်မောင့်ဘဝက သာသာယာယာ။

အိမ်ထောင်ဦးဘဝ ကုမ္ပဏီတစ်ခုမှာ လင်မယားနှစ်ယောက်အလုပ်လုပ်ရင်း လိုတာရှိ အမေ့ဆီတောင်းလို့ သမီးဦးရလာတဲ့ထိ အဆင်ပြေခဲ့ကြတယ်။ ဆိုးလာတဲ့အကျင့်က ပေါင်းသင်းရောင်းရင်းတွေနဲ့ တင်မောင်သောက်စားတတ်လာခဲ့တာ။ အပျော်မှီဝဲခဲ့တဲ့ ယမကာက မှီဝဲပါများတော့ မမှီဝဲရမနေနိုင်အောင် စွဲလမ်းလာခဲ့တယ်။

ဒုတိယကိုယ်ဝန်ကြီးနဲ့ မသန်းနွဲ့တစ်ယောက် ဒုက္ခတွေ စရောက်ခဲ့ချိန်။ တင်မောင့်မိဘလက်ငုတ်လက်ရင်း စီးပွားရေးတွေကလည်းကျ။ အလုပ်ကလည်း အဆင်မပြေတော့ တင်မောင့်အမေကလည်း အရင်လိုမပေးနိုင်၊ မကမ်းနိုင်၊ မကယ်နိုင်။ သွေးမဆိုးတတ်ပေမယ့် အေးအေးလေးနဲ့ မသောက်ရမနေနိုင်ဖြစ်လာတဲ့တင်မောင်၊ မိသားစုကို ချစ်သလောက် ယမကာကိုစွဲလမ်းလွန်းခဲ့တဲ့ တင်မောင်။ အလုပ်လည်း လက်ကြောတင်းအောင် မလုပ်တတ်မကိုင်တတ်ချိန်။ မှီခိုအားထားရာ ကုမ္ပဏီကလည်းပျက်၊ အလုပ်တွေ ဖျက်သိမ်းရချိန်။ ကံဆိုးသူသွားရာ မိုးမည်းကြီးလိုက်လို့ရွာလေသလား။ အဘက်ဘက်က ပျက်စီးဖို့ဖြစ်လာတဲ့အခါ။

အလုပ်ကအဆင်မပြေလေတော့ မိသားစုအတွက် မသန်းနွဲ့ကသာ ရုန်းကန်လှုပ်ရှားခဲ့ရှာတယ်။ အထည်ကြီးပျက် တင်မောင်ကတော့ ဘာမှမလုပ်တတ်မကိုင်တတ်၊ ယမကာထဲသာ ခေါင်းနှစ်မိချိန်။ တဖြည်းဖြည်း အရွယ်ရောက်လာတဲ့သမီးကြီးက သူ့အမေကိုလုပ်ကူရင်း အလုပ်တစ်ဖက်နဲ့ စာကြိုးစားခဲ့ရှာတယ်။ စာတော်တဲ့ဂုဏ်သတင်းမွှေးပျံ့တဲ့သမီးကြီးအတွက် တင်မောင် ဂုဏ်ယူမိသလို သမီးကြီးကို အချစ်ပိုခဲ့ရတယ်။

ဒါပေမယ့် သမီးကြီးကတော့ တဖြည်းဖြည်း သူ့အပေါ် အေးစက်လာသလိုပဲ။ တစ်ခါတလေ သမီးလို့ သူခေါ်တိုင်း မကြားချင်ယောင်ဆောင်လာတတ်တယ်။ သမီးမျက်နှာညှိုးငယ်နေလို့ သူမေးမိတဲ့အခါ အေးစက်စက်ပြန်ကြည့်ရင်း အဖေက ဘာလုပ်ပေးနိုင်မှာမို့ လာမေးနေတာလဲဆိုတဲ့ စကားတစ်ခွန်းနဲ့ သူ့ရင်ကိုပစ်ပေါက်တဲ့အခါ သူစိတ်မကောင်းကြီးစွာခံစားခဲ့ရတယ်။ သမီးကြီး သူ့အပေါ်ယုံကြည်မှုကင်းမဲ့နေတဲ့အဖြစ်ကို မခံစားနိုင်တဲ့အဆုံး တစ်ရပ်တစ်ကျေးမှာ အလုပ်သွားလုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။

သူ့ဆုံးဖြတ်ချက်ကိုအမေက သဘောမတူချင်ခဲ့ပေမယ့် အရင်လိုမပေးကမ်းမထောက်ပံ့နိုင်တော့ ခွင့်ပြုခဲ့ရှာတယ်။ ချစ်ရတဲ့မိသားစုကိုခွဲခွာပြီး သွားရမယ့်ခရီးအတွက် ဇနီးနဲ့ သမီးငယ်တွေက မျက်နှာမကောင်း၊ ဝမ်းနည်းစွာ ဘူတာကိုလိုက်ပို့ကြပေမယ့် သမီးကြီးကတော့ တည်တံ့နေတဲ့ မျက်နှာလေးနဲ့ ကျူရှင်သွားရမှာမို့ မအားဘူးဆိုတဲ့အကြောင်းပြချက်နဲ့ ပြတ်သားစွာဖယ်ခွာသွားခဲ့တာ။

ရင်ထဲမှာ စိတ်မကောင်းလွန်းပေမယ့် ခွင့်လွှတ်ရင်း တစ်ခါမှ မရောက်ဖူးတဲ့နယ်မြေမှာ တစ်ခါမှမလုပ်ဖူးတဲ့ အလုပ်တွေကို သူစွန့်စားသွားလုပ်ခဲ့တယ်။ တောကြိုတောင်ကြားက ပင်ပန်းခက်ခဲလှတဲ့အလုပ်တွေကြားမှာ အလေ့အကျင့်မရှိခဲ့တဲ့ တင်မောင်တစ်ယောက် ဖျားတစ်လှည့်၊ နာတစ်လှည့် အခက်အခဲဒုက္ခတွေ အထွေထွေနဲ့ မကြုံစဖူးကြုံခဲ့ရတာ။

ထမင်းတစ်လုတ်ရဲ့တန်ဖိုး။ ကိုယ်လုပ်မှစားရတဲ့ဘဝ။ တစ်ခါတလေ မိသားစုကိုလွမ်းလွန်းလို့ ယောကျ်ားတန်မဲ့ မျက်ရည်တောင်ကျခဲ့မိရဲ့။ အိမ်နဲ့အဆက်အသွယ်ပြတ်ပြီး ဘယ်အချိန်ပြန်နိုင်ပါ့လို့ တွေးမျှော်လင့်ခဲ့ရတာတွေ။ အစက အလုပ်လုပ်ပြီး ငွေလေးစု အိမ်ကိုပြန်ပို့နိုင်ဖို့ ရည်ရွယ်ခဲ့ပေမယ့် ကိုယ်စားဖို့အနိုင်နိုင်။ ကြားထဲမှာ ကျန်းမာရေးကဖောက်လာတော့ အိမ်ကိုရောက်အောင်ပြန်ဖို့ကလွဲပြီး ငွေလည်းမစုနိုင်ခဲ့။

ကံကောင်းထောက်မစွာပဲ ခိုက်ခိုက်တုန်နေတဲ့ ဆောင်းညတစ်ညမှာ မိသားစုရှိရာ အရောက်ပြန်ရောက်သွားနိုင်ခဲ့တယ်။ တင်မောင်ပြန်ရောက်လာတာကို အမေနဲ့ ဇနီး၊ သမီးတွေက ဝမ်းသာမျက်ရည်တွေနဲ့ ကြိုဆိုကြပေမယ့် သမီးကြီးကတော့ ခပ်မဲ့မဲ့နဲ့ အဖေအလုပ်သွားလုပ်တာ ဘာပြန်ပါခဲ့သလဲတဲ့။ ရင်ထဲမှာ နင့်လိုက်ရတာ။

ငွေကြေးပစ္စည်း ဘာတစ်ခုမှပြစရာမပါလာခဲ့ပေမယ့် လုပ်အားတန်ဖိုး၊ ထမင်းတစ်လုတ်တန်ဖိုးကို ကောင်းကောင်းနားလည်ခဲ့ပြီ။ အလုပ်ခွင်တုန်းက ကိုယ်တိုင်ချက်စားခဲ့ရတဲ့ သစ်သားယောက်မလေးက သူ့အတွက်အမှတ်တရဖြစ်ခဲ့ပြီ။ သမီးကြီးစကားအတွက် ရင်နင့်အောင်ခံစားရပေမယ့် သူဘာမှမဖြစ်သလို အပြုံးနဲ့ခွင့်လွှတ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူငယ်ချင်းတစ်ယောက်ရဲ့ဆက်သွယ်ပေးမှုနဲ့ အောင်ဘာလေထီလေးတွေယူပြီး လွယ်အိတ်လေးနဲ့ သူငယ်ချင်းတွေဆီ ထီလိုက်ရောင်းခဲ့တယ်။

နေ့စဉ်နေ့တိုင်း တစ်အိမ်ဝင်တစ်အိမ်ထွက် ထီအိတ်လေးပိုက်လို့ ထီလိုက်ရောင်းနေခဲ့ရတာ ပင်ပန်းတယ်လို့ မမှတ်ယူခဲ့မိတော့။ သူငယ်စဉ်က အတူတူစားခဲ့၊ သွားခဲ့ကြတဲ့ ရောင်းရင်းပေါင်းဖော်တွေကလည်း တင်မောင့်ကို အားပေးကြတယ်။ နေကုန်နေခန်း အိတ်လေးလွယ်လို့ သွားရ၊ လာရတဲ့ဘဝမှာ တင်မောင်ပျော်တယ်။ ပင်ပန်းတာကို မမှုနိုင်လောက်အောင် ကျေနပ်တယ်။

ရလာတဲ့ငွေက မများပေမယ့် အိမ်ကို အထောက်အကူ နည်းနည်းပြုနိုင်တယ်။ သမီးငယ်လေး မုန့်ဖိုးတောင်းတဲ့အခါ ပေးနိုင်တယ်။ တစ်ခါတလေ သမီးကြီး စာအုပ်တွေလိုတဲ့အခါမှာလည်း ထုတ်ပေးနိုင်ခဲ့တယ်။ ယမကာလေးမပြတ်နိုင်တာကလွဲလို့ အရင်ကနဲ့မတူ အလုပ်ကိုကြိုးစား၊ နိုးကြားတက်ကြွလာတဲ့ တင်မောင့်အတွက် သမီးကြီးရဲ့အပြုံးတွေ ပြန်လည်ပိုင်ဆိုင်ခွင့်ရလာတယ်။

အလုပ်ကအပြန် ညနေနေဝင်ချိန်မှာတော့ အပန်းပြေမပြတ်နိုင်သေးတဲ့ ယမကာလေးမှီဝဲမိပြန်ရော။ ဒါကြောင့် တင်မောင် ထီရောင်းထွက်ရတာပျော်ပါတယ်။ ဒါပေမယ့် အပျော်တွေမဆုံးခင်မှာဘဲ ရုန်းမထွက်နိုင်ခဲ့တဲ့ ဒီအသူရာ ယမကာက မိုးပုလဲတွေကြွေတဲ့တစ်နေ့မှာ သေမင်း ထံပါး တင်မောင့်ကို ဆွဲခေါ်သွားခဲ့လေသလား။ မိုးမည်းတွေအုံ့ဆိုင်းနေတဲ့ အဲဒီနေ့က ထုံးစံအတိုင်း မနေမနား ထီရောင်းထွက်မိချိန် တစ်ချိန်က ဆိုးတူကောင်းဖက် သောက်တူစားဖက် သူငယ်ချင်းတစ်ယောက်နဲ့ တွေ့သဖြင့် တစ်ခွက်တစ်ဖလားဝင်မော့မိပြီးအပြန် လမ်းမှာ ဒယီးဒယိုင်နဲ့ အလုပ်ကပန်း၊ ရာသီကအေးစက်စက် ဒဏ်ပေါင်းစုံစု သူ့ခြေလှမ်းတွေ ခနော်ခနဲ့ယိုင်လဲခဲ့တဲ့အခါ။

အသိလေးကပ် သတိလေးဆက်မိချိန် မျက်နှာကြက်ဖြူဖြူနဲ့၊ တဝီဝီလည်နေတဲ့ပန်ကာတွေနဲ့ အခန်းမှာ သူ့နံဘေးနား ရှိုက်သံတွေနဲ့။ သူ့ရင်ဘတ်ပေါ်က လက်ကလေးတစ်ဖက်ကို ထွေးဆုပ်မိတော့ "ဖေဖေ ဖေဖေ သတိထားနော်"တဲ့။ လေးလံနေတဲ့နှုတ်ခမ်းကို ဖွင့်ဟဖို့ပြင်မိပေမယ့် ရင်ထဲမှာ မီးတစ်စဝင်တိုးနေသလို ခေါင်းထဲမှာ မြွေတစ်ကောင်လာခွေနေသလို တပူပူ၊ တဆစ်ဆစ်။

ဝေဒနာတွေကြားက ကယောင်ကတမ်းနဲ့ တင်မောင် သမီးကြီးလက်ကလေးကို ထွေးဆုပ်ရင်း "အဖေ. . . ဖေ့ထီ. . . ထီအိတ်လေး"လို့ လေးတေးတေးဖွင့်ဟမိတော့ ရှိုက်သံသဲ့သဲ့နဲ့အတူ တင်မောင့်လက်ထဲ ခပ်ကြမ်းကြမ်းရှတတ ထီအိတ်ကြိုးကလေးရောက်လာခဲ့ချိန် တင်မောင့်ရင်ထဲ စူးရှနာကျင်ပူလောင်မှုနှင့် အမှောင်လွှမ်းခဲ့ပြီ။

တင်းတင်းဆုပ်ကိုင်ထားရှာတဲ့ ထီအိတ်နွမ်းလေးပေါ်က တင်မောင့်ရဲ့ ပိန်သွယ်သွယ်လက်အစုံလေးလည်း ရပ်တန့်သွားတဲ့ သူ့နှလုံးခုန်သံနဲ့အတူ ပြုတ်ကျ၊ လျှောကျသွားခဲ့ပြီ။ သူချစ်သောသမီးကြီး၏ "ခွင့်လွှတ်ပါ ဖေဖေ" ဟူသော စကားသံတို့ကိုလည်း သူမကြားနိုင်တော့ပြီ။ ရှိုက်သံတို့နဲ့ ဝေးကွာသွားရာအရပ်မှာတော့ တင်မောင်တစ်ယောက် ထီအိတ်လေးပွေ့ပိုက်လျက်. . .။

■■■

## စာပေအကျိုး

○ အရွယ်သုံးပါး ခွဲခြားလူ့ရွာ
ငယ်ရွယ်စဉ်က ရှာကြပညာ
နောင်ခါကျိုးများ စီးပွားတက်မှာ
လေ့လာမှု စဉ်ပြုများသူငါ။
○ စာပေဖတ်ရှု သိမှုဖြာဖြာ
ဗဟုသုတ ကြွယ်ဝစေမှာ
ကုဋေကြွယ်သား မဲ့ငြားပညာ
ဥစ္စာမွဲ ဆင်းရဲခဲ့လေရှာ။
○ ပညာအလင်း နေမင်းထက်သာ
ပညာအလင်း လမင်းထက်ဖြာ
ပညာရကြောင်း နည်းကောင်းများစွာ
စာပေက ညွှန်ပြပေးဝေရှာ။
○ ယဉ်ကျေးသိမ်မွေ့ ဓလေ့ဘာသာ
စာပေဖတ်မှ သိရစုံစွာ
ဖွေရှာဖတ်မှတ် တိုးတက်စေကာ
မြန်ပြည်ကျိုး သယ်ပိုးဆောင်ရွက်ပါ။

**အောင်ကို**

## ပီတိစားတဲ့ ဆရာ

မြေဖြူလည်းတို ငါလည်းအို၍
ကျောင်းကိုခွဲခွာ ထားခဲ့ပါလည်း
ပညာမအို သင်ပြလိုသေး
ဆန္ဒထွေးသည် ရင်မှာနွေးနွေးကျန်နေဆဲ။
မြေဖြူလည်းတို ငါလည်းအို၍
ကျောင်းကိုခွဲခွာ ထားခဲ့ပါလည်း
များစွာတပည့် တွေ့မြင်မိလျှင်
ပီတိရင်မှာ ကြည်ရွှင်စွာနှင့်
ညွှန်ကာလမ်းပြ ဆုံးမလိုသေး
ဆန္ဒထွေးသည် ရင်မှာနွေးနွေးကျန်နေဆဲ။
မြေဖြူလည်းတို ငါလည်းအို၍
ကျောင်းကိုခွဲခွာ ထားခဲ့ပါလည်း
သည်စာသင်ကျောင်း တပည့်ပေါင်းကို
အောင်ကြောင်းဝေဖြာ ထူးချွန်စွာနှင့်
ဆင့်မြင့်တိုးတက် နာဂတ်လှရန်
နည်းမှန်ညွှန်ပြ ဖေးမလိုသေး
ဆန္ဒထွေးသည် ရင်မှာနွေးနွေးကျန်နေဆဲ။
မြေဖြူကတို ငါကအို၍
ကျောင်းကိုခွဲခွာ ထားခဲ့ပါလည်း
အမြဲရင်မှာ တွယ်တာနှောင်ဖွဲ့
တမ်းတခဲ့ပေ ပီတိစားတဲ့ဆရာပေ။

**နှောင်ရိုး(ကန့်ဘလူ)**

## စာကြည့်တိုက်

အလိမ္မာ စာမှာရှိသော်လည်း
စာထိုထို ကိုယ်ယူတတ်မှ
ကိုယ့်အတွက်ပေပဲ။
အလိမ္မာ ကိုယ်မှာရှိစေဖို့
ဖန်ခါခါ စာဘဏ္ဍာသိုက်ကာဖြည့်
စာကြည့်ပါစို့။

**မှူးခက်သင်(သခွတ်မြေ)**

ဆောင်းပါး

# လူငယ်ဘဝ ကြိုးစားမှသာ အနာဂတ်လေးလှပမယ်

လှိုင်းလေပြေဦး (ညောင်ဦး)

ကျွန်မ လေတိုက်တိုင်း ယိမ်းနေတဲ့သစ်ပင်တွေကို ကြည့်ပြီး အတွေးတစ်ခုရခဲ့ဖူးတယ်။ သက်ရှိထဲမှာပါဝင်တဲ့ သစ်ပင်လေးတွေကလည်း သဘာဝရဲ့ ရိုက်ပုတ်မှုဒဏ်ကိုခံစားကြရတယ်။ လေတအားတိုက်တဲ့အချိန်တွေဆို ညအခါမှာတောင် မအိပ်ရဘဲ လေအလိုကျယိမ်းနွဲ့လို့ ကရပြန်ရှာတယ်။ မိုးအခါမှာလည်း အမြစ်မခိုင်ဘဲ သစ်ပင်တွေမှာ မိုးရေနဲ့အတူ မျောပါရင်း တင်ကျန်ရစ်တဲ့အရပ်မှာ အသက်ရှင်သန်ဖို့ ကြိုးစားရဦးမှာပါပဲ။

ဘယ်သူ့ကို ရည်ညွှန်းမှန်းမသိရဘဲ ဒေါသအလွှန်ထွက်နေတဲ့ မုန်တိုင်းတစ်ခုနဲ့ကြုံတဲ့အခါ အနှစ်နှစ်အလလ ရှင်သန်ကြီးထွားအောင် ကြိုးစားခဲ့ရတဲ့ သစ်ပင်တွေက မုန်တိုင်းအလိုကျ ကျိုးပြတ်ပျက်စီးရပြန်တယ်။ ဒါပေမဲ့ သစ်ပင်တွေက ဝမ်းနည်းစိတ်ကိုထိန်းချုပ်ပြီး ရှေ့ဆက်မယ့် အနာဂတ်အတွက်ပဲတွေးပုံရပါတယ်။ မျိုးစေ့ဘဝကနေ သစ်ပင်ကြီးဘဝကို ရောက်အောင် လုပ်နိုင်သေးတာလို့ သူ့ကိုသူ အားပေးနေပုံလည်းရရဲ့။ သူ့မှာသိပ်ကို ခိုင်ခန့်တဲ့ အမြစ်ကြီးတစ်ခုရှိတဲ့အတွက် အသစ်ထွက်လာတဲ့ အညွှန့်လေးတွေကို တောင့်ခံပေးမယ့် အမြစ်ကြီးရှိတာပဲ ပြန်ကြိုးစားရင် အရင်လိုအရိပ်ကောင်းတဲ့ သစ်ပင်ကြီးပြန်ဖြစ်လာမှာပဲလို့ ယုံကြည်မှုရှိဟန်ပဲ။ အနာဂတ်မှာ သဘာဝဘေးတွေကို ကျော်ဖြတ်ဖို့ သူ့မှာစိတ်ဓာတ်ခွန်အားတွေနဲ့ ပြည့်စုံနေတော့ ရှေ့မှာကြုံတွေ့ရမယ့်အရာတွေကို ရင်ဆိုင်ရဲတဲ့ သတ္တိတွေရှိနေတာဖြစ်မယ်။ ဒါဟာ သူ့ကို ဘယ်သူကမှ သင်မပေးဘဲ၊ ဘယ်သူကမှ မထောက်ခံဘဲ၊ ဘယ်သူကမှ မကူညီဘဲရလိုက်တဲ့ အတွေးကောင်းက သူ့အနာဂတ်လှပအောင် ခြယ်သနိုင်တာလို့ ကျွန်မတော့ တွေးထင်ခဲ့မိတယ်။

သစ်ပင်တွေကို ကြည့်ရင်း ကျွန်မလည်းလောကကြီးကို ရင်ဆိုင်နိုင်ရမယ်။ ရင်ဆိုင်ရဲတဲ့ သတ္တိရှိရမယ်။ ဖြစ်ပါ့မလားဆိုပြီး တွေးကြောက်တတ်တဲ့ ကြောက်တတ်ခြင်း၊ တွေဝေခြင်းတွေကို သစ်ပင်ရဲ့ မြေကြီးအောက် တစ်နေရာမှာ သင်္ဂြိုဟ်ပစ်လိုက်တော့တယ်။ အဲဒီအခါကျမှ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလာခဲ့ပါတယ်။

သက်ရှိသစ်ပင်မဟုတ်တဲ့ သက်ရှိလူသားတွေမှာပါ ဒီလိုမျိုးစိတ်ဓာတ်တွေ အသီးသီးရှိခဲ့ရင် ကျရာနေရာကနေ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ကြပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်မကတော့ မိဘဆိုတဲ့ မှီခိုမှုနဲ့ရပ်တည်နေရသူပါ။ မိဘတွေမရှိရင်လို့ တွေးလိုက်ရုံနဲ့ဘဝမှာ ဘာတွေဆက်ဖြစ်မလဲ၊ ဘာဆက်လုပ်ရမလဲ။ လောကကို ရင်မဆိုင်ဖူးတော့ ရင်ဆိုင်ရမှာကြောက်ခဲ့ဖူးပါတယ်။ ပြီးတော့ ကျွန်မက ကျောင်းသူဆိုတဲ့ ကျောင်းအလုပ်လေး လုပ်ရတာကို ပင်ပန်းတယ်လို့ ညည်းဖူးတယ်။ အပြင်အလုပ်ကိုလုပ်ကြည့်ချင်တဲ့ စိတ်တွေလည်း ဖြစ်ခဲ့ဖူးတယ်။

လူကြောက်တတ်တဲ့ကျွန်မ အိမ်အပြင်ကိုလည်း တစ်ယောက်တည်း မသွားရဲဘူး။ အရာရာကို ရှက်ရွံ့ကြောက်လန့်နေတတ်တယ်။ ဒါပေမဲ့ သစ်ပင်တွေကရတဲ့ အတွေးကြောင့် လုပ်ဆောင်မှုတွေကို ပြောင်းလဲခဲ့ပါတယ်။ ကျွန်မ အိမ်ကဈေးဆိုင်မှာ အလုပ်ကူလုပ်ကြည့်တယ်။ အဲဒီတော့မှ စာကျက်ခြင်းဆိုတဲ့ ကျောင်းသား ကျောင်းသူ အလုပ်က အတော်ကိုသေးမွှားတဲ့ အလုပ်တစ်ခုဆိုတာ သိခဲ့ရတယ်။ သိပြီးနောက်မှာတော့ ပင်ပန်းကြီးစွာ ရှာထားတဲ့ငွေတွေနဲ့ အဆင်သင့်ကျောင်းတက်ရတဲ့အတွက် ကျွန်မအနေနဲ့ မိဘတွေကို ဘာပြန်ပေးနိုင်မလဲ စဉ်စားကြည့်တယ်။ ဒီအချိန်မှာ စာကိုကြိုးစားပေးတာက အကောင်းဆုံးပဲမို့ ကျွန်မတက်နေတဲ့ ကျောင်းရဲ့တစ်ဆင့် တက်လမ်းဖြစ်တဲ့ ဂုဏ်ထူးတန်းကို ဝင်အောင်ဖြေခဲ့တယ်။ ကျွန်မ ဂုဏ်ထူးတန်းဝင်တော့ မိဘတွေရဲ့ပီတိက ပထမဦးဆုံးသော လုပ်အားခတစ်ခုနဲ့ ကိုယ်နှိုင်းယှဉ်လို့ရမယ် မထင်ပါဘူး။ ကျွန်မကို သတ္တိရှိအောင် အားအင်တွေပေးခဲ့တာ သစ်ပင်ကြီးကို ကျေးဇူးတင်ပါတယ်လို့ စိတ်ထဲမှာအကြိမ်ကြိမ် ပြောနေမိအောင်ပါပဲ။

သူငယ်ချင်းတို့တွေရော ကျောင်းသားအလုပ်ကို တာဝန်ကျေအောင် ထမ်းဆောင်ကြရဲ့လား။ ကျောင်းတက်တုန်းပဲ ပျော်ရတာဆိုပြီး အပျော်တွေနဲ့ပဲ ကျေနပ်နေကြသလား။ ကိုယ်တိုင်ဘာတွေလုပ်နေလဲ။ လုပ်တာမှန်ရဲ့လား။ အမှီအခိုကင်းပြီလား၊ ဘယ်လို ဘဝကိုရပ်တည်မလဲ စဉ်စားကြည့်ဖို့တော့လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမရှိရင် သစ်ပင်တွေရဲ့ ဘဝကိုတစ်ခါလောက်တွေးကြည့်ပါ။ ယုံကြည်မှုရှိလာမှာပါ။ သူငယ်ချင်းက ဘယ်လိုလူမျိုးလဲ။ စာမေးပွဲကျတတ်တဲ့လူဆိုရင် အောင်မြင်အောင် ဖြေကြည့်ပါ။ ဒါမှ ကျွန်မခံစားဖူးတဲ့ ပီတိမျိုးကို သူငယ်ချင်းတို့လည်း ခံစားရမှာပါ။ ကိုယ်တိုင်ပျော်ရွှင်ရတဲ့ ခံစားမှုပီတိထက် မိဘတွေရဲ့အပြုံးကိုကြည့်ပြီး ပျော်လိုက်ရတာက ဘာနဲ့မှ မတူပါဘူး။

သူငယ်ချင်းရေ မင်းကတော့ စာမေးပွဲအောင်တဲ့လူဆိုရင်တော့ မိဘတွေရဲ့ပျော်ရွှင်မှုကိုပေးဖို့ တစ်ခုခုတော့ သူများထက်ပိုမှရတော့မယ်။ ဒါကြောင့် ဂုဏ်ထူးတန်းဝင်အောင်ကြိုးစားကြည့်ပါလား။ လူဆိုးလုပ်ပြီး ကျောင်းတက်နေတဲ့ သူငယ်ချင်းတွေကိုကြည့်ပြီး သနားလိုက်တာရှင်။ ယောကျ်ားလေး ဆိုးတော့ အရက်သောက်တယ်။ ရန်ဖြစ်တယ်။ မူးယစ်ဆေးဝါးသုံးကြတယ်။ မိန်းကလေးဆိုးရင်တော့ မိဘများခေါင်းမဖော်နိုင်အောင် အရှက်ကွဲဖို့ပဲရှိပါတယ်။ ကျောင်းဆိုတာ မတက်ခဲ့ရတဲ့ မိဘတွေက အလွန်သနားဖို့ ကောင်းပါတယ်။ မိဘဆိုတာ သားသမီးတွေသာ ပညာတတ်ဖြစ်မယ်ဆိုရင် ကျောကိုတံတားလုပ်ပြီး ခင်းပေးမယ့် လူသားမျိုးပါ။ ကျောင်းမတက်ဖူးတဲ့ မိဘတွေကို ပိုက်ဆံညာတောင်းတတ်တဲ့ ကျောင်းသား ကျောင်းသူတွေကို တွေ့ခဲ့ဖူးပါတယ်။ မလုပ်ကောင်းဘူးလို့ ပြောပြပေးမယ့် ဘွားတော်ကြီးက ကတ်တယ်။ ဒီလို လုပ်မှရတာတဲ့။

တကယ်တမ်းကျတော့ ကြွေးရှင်နဲ့ ကြွေးတောင်းမှ မဟုတ်ကြတာ ကျောင်းမထားဘဲ ဈေးရောင်းခိုင်းတဲ့ မိဘတွေရှိတာကို မသိလို့တော့ မဖြစ်နိုင်ပါဘူး။ဈေးရောင်းနေတဲ့ ကလေးတွေ၊ စားပွဲထိုးလုပ်နေတဲ့ ကလေးတွေကို ကြည့်ပြီး ကျောင်းထားပေးတဲ့ မိဘတွေကို ကျေးဇူးမတင်ချင်တောင် ကျေးဇူးမကန်းသင့်ပါဘူး။ တချို့ကျောင်းသူ ကျောင်းသားတွေဆိုရင် ကိုယ်လုပ်ချင်ရာလုပ်ပြီး ကျောင်းနဲ့အဆောင်က ခေါ်လို့လိုက်လာရတဲ့ မိဘတွေရှိပါတယ်။ သူတို့ မိဘတွေကိုကြည့်ပြီး သနားလိုက်တာ။ လူရိုး၊ လူအ မိဘများက သားသမီးမကောင်း မိဘခေါင်းဆိုတဲ့အတိုင်း သူများပြောသမျှနားထောင်ပြီး တောင်းပန်ကြရပြန်တယ်။ တို့တစ်တွေက စည်းနဲ့ဘောင်နဲ့နေရမယ့် ကျောင်းသူ ကျောင်းသားတွေပါ။ ကျောင်းပြီးလို့ အရပ်ထဲရောက်သွားရင်တောင် သူများနဲ့ မတူအောင်နေရမှာပါ။ အပြောအဆို အပြုအမူတိုင်းက ပညာတတ်ဆန်ရမှာပါ။

တချို့တွေ ပြောနေကြတယ်၊ သူတို့တွေ ဘွဲ့ရလည်း ဘာမှ မထူးပါဘူးလို့၊ ဘွဲ့ရသူလည်း တို့လိုပါပဲလို့လေ။ ဒါတွေက ဘာကြောင့်အပြောခံရတာလည်းဆိုတော့ ကိုယ်တိုင်နေတတ်ထိုင်တတ်မရှိလို့ပါ။ ကွဲပြားအောင် နေတတ်ဖို့က ခွဲခြားစွာလုပ်နိုင်မှ ဖြစ်မှာပါ။ ငါတို့တွေဘွဲ့ရလို့ ဈေးရောင်းရရင်တောင် ပစ္စည်းတစ်ခုကို ပုဆိုးတစ်ပုဒ်လို သဘောထားပြီးကြည့်ကြည့်ပါ။ ပြောလိုက်တဲ့ အပြောတိုင်းမှာ ပညာတတ်ဆန်ဆန်ရှင်းပြပြီး ချိုသာစွာဆက်ဆံဖို့လိုပါတယ်။ ပုဆိုးတစ်ပုဒ်ကိုတွက်ပြီးရင် အမှားအမှန် အဖြေထွက်လာသလိုပဲ အတွေးခေါ်ကောင်းကောင်း ဆက်ဆံရေးကောင်းကောင်းနဲ့လုပ်ရင် ကိုယ့်တန်ဖိုးလည်း တက်လာပြီး အလုပ်လည်းအောင်မြင်လာပါလိမ့်မယ်။

ကျွန်မကတော့ သစ်ပင်တွေအကြောင်း မစဉ်းစားမိတုန်းက တော်တော်ကိုကြောက်တာ။ မဖြစ်သေးတာ ကိုယ်တောင်ဖြစ်မှ တွေးကြောက်တတ်တဲ့ သူမျိုးပေါ့။ အခုတော့ ဘဝကိုရင်ဆိုင်ဖို့ဆိုတဲ့ အဝေးကြီးကို ကြည့်ပြီး မကြောက်တော့ဘူး။ အခုဘာလုပ်နေတာလဲ။ ကျောင်းတက်နေတာပဲ။ အကောင်းဆုံးလုပ်နိုင်ရင် မိသားစုကို တစ်တပ်တစ်အား ကူညီရာရောက်တာပဲလို့ တွေးတတ်ခဲ့တယ်။ လောကကြီးကို စိန်ခေါ်ဖို့က ကိုယ့်မှာသတ္တိတွေရှိနေဖို့တော့ လိုတာပေါ့။ သတ္တိဆိုတာ ယုံကြည်မှုရဲ့ သူငယ်ချင်းဖြစ်မယ်ထင်တယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာရင် ပြောရဲလုပ်ရဲတဲ့ သတ္တိတွေရှိလာမှာပါ။ ယုံကြည်မှုရှိလာဖို့ကလည်း ကြိုးစားကြည့်မှပဲရမှာပါ။ သူငယ်ချင်းက ဘယ်လိုမှကို အစွမ်းအစမရှိတဲ့ လူဖြစ်နေရင်လည်း ကြိုးစားရင် ကြိုးစားမှုရဲ့ အသီးအပွင့်ကို ခံစားရမှာပါ။

ကျောက်တုံးတွေက ပွတ်တိုက်ပါများရင် မီးတောက်သေးတာပဲ။ လူသားတွေဖြစ်တဲ့ တို့တွေကလည်း ကြိုးစားပြီး လုပ်တဲ့ လုပ်ဆောင်မှုများရင် တော်လာမှာပါပဲ။ ဘဝတဲ့ ဘကုံးနဲ့ဝလုံးကြားမှာ ရုန်းကန်လှုပ်ရှားရတာလည်း တကယ်ကို မလွယ်ကူပါဘူး။ အဲဒီလို မလွယ်ကူတာကို လုပ်ရတာကလည်း ဘဝပါပဲ။ ကျွန်မရင်ဆိုင်နေရတဲ့ ဘဝက ဘာမှ မပြင်းထန်ဘူးသေးတော့ ဘဝက နေသာထိုင်သာရှိပါတယ်။ သူငယ်ချင်းတို့ရဲ့ ဘဝကရော ပျော်စရာကောင်းရဲ့လား။ ဝမ်းနည်းမှုတွေနဲ့ ပြည့်နေလေသလား။ သိပ်စိတ်ညစ်စရာကောင်းနေသလား။ ပျင်းစရာကောင်းနေသလား။ ဘယ်လိုမျိုးလဲမသိပေမယ့် အားလုံးပေါင်းစုထားတာက ဘဝလို့ပြောကြတယ်။ သူငယ်ချင်းတို့ရေ ပျော်နေရင် သူငယ်ချင်းတို့ရဲ့ ပျော်ရွှင်မှုတွေကို လူအများကို မျှဝေပေးဖို့ မမေ့နဲ့ဦး။ သစ်ပင်ကြီးက လူအများကို အေးမြမှုပေးသလိုပေါ့။

သူငယ်ချင်းတို့ရေ မင်းတို့တွေ ဝမ်းနည်းမှုတွေနဲ့ ကြုံလာခဲ့ရင် အရင်းနှီးဆုံး လူကိုရင်ဖွင့်ပြီး တိုင်ပင်ကြည့်ပါ။ တိုင်ပင်သူက အတွေးအခေါ်မြင့်သူ ဖြစ်ဖို့တော့လိုတာပေါ့။ ပြီးရင် တရားထိုင်ကြည့်ပါ။ စိတ်ရှင်းပြီး ငြိမ်းအေးသွားပါလိမ့်မယ်။ သူငယ်ချင်းတို့ရေ နင်တို့တွေ သိပ်စိတ်ညစ်နေသလား။ စိတ်ညစ်ရင် စိတ်ညစ်ရတဲ့ အကြောင်းအရင်းကို သေချာပြန်စဉ်စားပြီး မှားသွားရင်လည်း ပြင်လိုက်ပါ။ မှန်ရင် ဆက်သာလုပ်ပါ။ အမှားအမှန် မခွဲခြားတတ်ခဲ့ရင် မိဘတွေကို မေးမြန်းတိုင်ပင်လိုက်ပါ။ အကောင်းဆုံး အဖြေထွက်လာမှာပါ။ သူငယ်ချင်းတို့တွေ စိတ်ညစ်ရင် မိဘတွေကလိုက်ပြီး ခံစားနားလည်ပေးပြီး တတ်နိုင်သလောက် ကူညီကြတယ်။ အပြန်အလှန် သက်ရောက်နေတဲ့ မိဘနဲ့သားသမီးကြားမှာ နားလည်မှုတွေနဲ့ ဘဝကိုဖြတ်သန်းသွားကြရအောင်လား။ ကိုယ့်စိုက်တဲ့ အပင်ရဲ့အကျိုးကို ကိုယ်ပဲရမှာပါ။ ပန်းပန်ချင်ရင် ပန်းပင်စိုက်ရမယ်။ အသီးအရွက်စားချင်ရင် သီးပင်စားပင်စိုက်ရမယ်။ သစ်ပင်ကြီးတွေလိုပဲ ဝမ်းနည်းမှုတွေနဲ့ စိတ်ညစ်စရာတွေကို ကျော်ဖြတ်ပြီး အောင်မြင်ခြင်း ပန်းတိုင်တစ်ခုကို ဆက်လျှောက်ကြပါစို့။

သူငယ်ချင်းတို့ရေ မင်းတို့တွေ ပျင်းနေတယ်ဆိုရင်တော့ အပျင်းတွေကို တောင်းထဲထည့် အမှိုက်ကားနဲ့သာ ထည့်ပေးလိုက်ပါ။ အပျင်းဆိုတာ အဖျင်းကို ဖြစ်စေတဲ့စိတ်ပါ။ နင်တို့တစ်တွေ ပျင်းနေမယ်ဆိုရင် ယနေ့အိုင်တီခေတ်ကြီးမှာ နောက်ဆုံးက နေရာရတဲ့ လူတွေဖြစ်ကုန်မှာပါ။ ယနေ့ခေတ်ကြီးက သိပ်ကိုတိုးတက်နေပါတယ်။တိုးတက်နေတာနဲ့အမျှ သင်ယူစရာတွေလည်း သိပ်ကိုများပါတယ်။ တကယ်ပညာတွေကို လေ့လာမယ်ဆိုရင် ၂၄ နာရီတောင် မလောက်ပါဘူး။ ပညာတတ်တွေပေါတဲ့ခေတ်ကြီးမှာ သူများထက် နှာတစ်ဖျားသာအောင် အမြဲကြိုးစားရမှာပါ။ ဒါကိုသတိမမူဘဲ ပျင်းနေမယ်ဆိုရင် ဘဝက ဘာမှစိတ်ဝင်စားစရာ မကောင်းသလို လူတော်လူမော်လည်း ဖြစ်လာမှာ မဟုတ်ပါဘူး။ သစ်ပင်ကြီးတွေ ရှင်သန်ဖို့ ကြိုးစားရာမှာ သဘာဝရဲ့အထောက်အပံ့ကိုပဲ မှီခိုရတာများတယ်။ ငါတို့တွေသာ ကြိုးစားမယ်ဆိုရင် ပံ့ပိုးပေးမယ့် မိဘတွေရှိတယ်။ သင်ကြားပေးမယ့် ဆရာဆရာမတွေရှိတယ်။ ပံ့ပိုးကူညီမှုနဲ့ ကြိုးစားမှုသာ ပေါင်းစပ်ရင် ဘဝမှာ အောင်မြင်မှုတွေ သေချာရရှိနိုင်ပါတယ်။ အရှုံးနဲ့ရင်မဆိုင်ရမှာတော့ သေချာပါတယ်။

တက္ကသိုလ်နယ်မြေမှာတွေ့ရတဲ့ သူငယ်ချင်းအားလုံး လူတော်တွေချည်းမဟုတ်တောင် လူညံ့တွေ မဟုတ်တာတော့ သေချာတယ်။ တို့တစ်တွေ ဆယ်တန်းဆိုတဲ့တောင်ကြီးကို ကျော်ဖြတ်ခဲ့တယ်။ တချို့အမြင့်ကြီးကို မှန်းတယ်။ တချို့ကျ အောင်ရင်ပြီးရော ရည်မှန်းချက်မရှိကြဘူး။ ဒါပေမဲ့ အောင်စာရင်းထွက်လို့ အမြင့်ကြီးမှန်းတဲ့လူရှိမယ်။ ရည်မှန်းချက်မရှိဘဲ အောင်သွားတဲ့ လူရှိမယ်။ တက္ကသိုလ်နယ်မြေကို ဘယ်လိုအကြောင်းကြောင့်ပဲ ရောက်ရောက် ဘာတွေပဲဖြစ်ဖြစ် ပညာတတ်ဆန်စွာ နေတတ်အောင် သင်ယူစရာတွေကို သင်ယူကြရမှာပါ။ အဆောင်နေတဲ့သူတွေဆိုရင် လူပေါင်းစုံရဲ့အတွေးအခေါ် အနေအထိုင်၊ အပြောအဆို၊ အပြုအမူ၊ စိတ်ဓာတ်ရေးရာတွေကို လေ့လာပြီး မကောင်းတာကိုပယ် ကောင်းတာကို အတုယူတတ်ဖို့ လိုပါတယ်။ ငါကတော့ လိမ္မာတယ်ဆိုပြီး ကျောင်းတက်စာကျက်ပြီး အိပ်နေလို့လည်း မရပါဘူး။ လူတွေကိုလေ့လာ၊ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရမယ်။ ကိုယ်တိုင်ဘဝကို ရင်မဆိုင်ရသေးလည်း တို့တွေ စာတွေဖတ်ရင်း အသိပညာ ဖွံ့ဖြိုးပြီး နည်းလမ်းကောင်းတွေကို အသုံးချလို့ရပါတယ်။ ထမင်းစားချင်ရင် ထမင်းချက်ဖို့လိုမှာပါ။ ဝယ်စားမယ်ဆိုရင်လည်း ပိုက်ဆံလိုမှာပါ။ အသက်ရှင်သန်ဖို့ ရပ်တည်ရာမှာ စားဝတ်နေရေးကလည်း အလွန်အရေးကြီးတာကိုး။ တို့တစ်တွေ ကျောင်းပြီးသွားရင်လည်း ရှင်သန်ဖို့ အလုပ်တစ်ခုက သေချာပေါက်လိုမှာပါပဲ။ "အလုပ်ဟူသမျှ ဂုဏ်ရှိစွ" ဆိုတာ မှန်ပါတယ်။

ဒါပေမဲ့ ကိုယ်နဲ့ထိုက်တန်တဲ့ သင့်လျော်တဲ့အလုပ်ကို ရဖို့ကြိုးစားသင့်ပါတယ်။ အလုပ်ကောင်းလုပ်ချင်ရင် အကောင်းတွေ လုပ်ဖို့တော့လိုတယ်။ လူတွေက သေတစ်နေ့ မွေးတစ်နေ့ဆိုတော့ ရှေ့ဆက်ပြီး တို့ရဲ့ အနာဂတ်တွေ ဘယ်လောက်ရှိမယ်မှန်းမသိဘူး။ တို့တစ်တွေရဲ့ အနာဂတ်က တစ်ရက်ပဲရှိမယ်ဆိုရင်တောင် အဲဒီတစ်ရက်ကို အကောင်းဆုံးကြိုးစားကြရမှာပါ။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုတဲ့ စကားအတိုင်း တို့တွေ ကြီးလာတဲ့အခါ မိဘတွေ ကိုယ့်ကိုထားခဲ့သလို ပြန်ထားနိုင်ဖို့ ကြိုးစားကြရပါမယ်။ တကယ်လို့ ဆရာတွေဖြစ်ရင် တို့တစ်တွေရဲ့ ဆရာများလို တပည့်တွေကို လမ်းကောင်းညွှန်ပြပြီး ဦးဆောင်နိုင်တဲ့သူဖြစ်အောင် လုပ်ရပါမယ်။ လူငယ်တွေအနေနဲ့ ပညာသင်စဉ်မှာဖြစ်စေ၊ လုပ်ငန်းခွင်ဝင်နေချိန်မှာဖြစ်စေ၊ ဘယ်အလုပ်ပဲလုပ်လုပ် မိသားစုနဲ့အတူ လူသားတွေကို ကူညီနိုင်တဲ့ လူလိမ္မာလေးတွေ ဖြစ်အောင်နေကြရမယ်။ သစ်ပင်တွေလိုပဲ ဘဝမှာ အကြီးဆုံးမုန်တိုင်းနဲ့တွေ့ရင်တောင် ကြံ့ကြံ့ခံပြီး ကြိုးစားရမယ်။ ဘဝကို တစ်ကပြန်စပြီး အောင်မြင်အောင် ကြိုးစားကြရမှာပါ။ လူငယ်ဘဝကြိုးစားမှသာ အနာဂတ်လေး လှပနိုင်မှာမို့ အလုပ်မှန်သမျှ အောင်မြင်အောင် ကြိုးစားကြပါစို့။ ။

## လမ်းကြောင်းမှန်

○ သူကဒီလို ဖြစ်ချင်ဆို၏
ဟိုကဒီကြောင်း ဖြစ်လိုကောင်း၏
ထောင်သောင်းမက ဖြစ်ချင်ကြ၏။

○ သူကတစ်မျိုး ငါတစ်မျိုးနှင့်
ဆိုးလားကောင်းလား ဝေဖန်ပြား၏။

○ တရားဟုတ်၏ မဟုတ်၏ကို
သတိပေါ်တွင် ဉာဏ်သက်ဝင်မှ
ဆင်ခြင်တုံတရား မပျက်ထားမှ
မှန်လားမှားလား နှစ်ခုကြားတွင်
အမှားကင်းလျက် အမှန်ဆက်မည်။

○ မှန်ဘက်မပါ အဝိဇ္ဇာဖြင့်
ညာတာဖုံးဖိ နေခဲ့မိ၏။
သတိယွင်းယို မှတ်မဲ့ဆိုခဲ့
တစ်ခိုဘဝ ကျိုးပြန်ရလိမ့်။

○ ဓမ္မ အဓမ္မ ပိုင်းခြားမှလျှင်
သူကဘယ်လို ဆိုချင်ဆိုစေ
ဟိုကဘယ်ကြောင်း ကောင်းချင်ကောင်းစေ
ကျိုးကြောင်းသတိ သမ္မာဋ္ဌိရှိမှ
မှန်၏လမ်းကြောင်း ကောင်းမကောင်းကို
နှစ်ထောင်းအားရ တွေ့ကြရမည်
စကားအရာ လိမ္မာစေ။
ဓမ္မ အဓမ္မ ခွဲတတ်စေ။
ဝိဘဇ္ဇဉာဏ် ရင့်သန်မလေ။

သုတလင်း(ဆင်ပေါင်ဝဲ)

**ဖခင်အမည်မှန်**
ဘိုကလေးမြို့ အထက(၂) ဒသမတန်း အတွဲ(၁) (B)ခန်းနေ မောင်အောင်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးကျော်ဌေး [၁၄/ဘကလ(နိုင်)၁၅၅၈၉၄] ဖြစ်ပါကြောင်း။
**ဦးကျော်ဌေး**

**ဖခင်အမည်မှန်**
ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆင်ဆိပ်ရပ်နေ အထက(၇) ထားဝယ်၊ ဒသမတန်း(A)မှ မလှိုင်းအိဖြူ၏ ဖခင် ဦးမျိုးဝင်း၏အမည်မှန်မှာ ဦးမြင့်ဦး [၆/ရဖန(နိုင်)၀၆၁၄၀၀] ဖြစ်ပါသည်။
**ဦးမြင့်ဦး**

**Gracious Vacation Co., Ltd.**
**ကျက်သရေရထူးခရီးသွားလုပ်ငန်း**
ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အမှတ် (ခ-၂၅၉၀, ပခ-၀၀၅၉)
ဆက်သွယ်ရန် ဖုန်း- 09-969909830 / 39 , 09-791296043 / 44
ဘုရားဖူးမိတ်ဆွေများမြင့်မြတ်မြေမဟာ "ဗုဒ္ဓဂယာ"တွင်ဖေးချမ်းစွာ ကြည်ညိုဖူးမြော်ကုသိုလ်တော်ရယူနိုင်ရန် "ကျက်သရေရထူး"အဖွဲ့မှ နေရေးစားရေးကျန်းမာရေးကိုအထူးဂရုစိုက်၍ ပို့ဆောင်ပေးနေပါသည်။
**"အထင်ကြီးဟိုတယ် တည်း/စားဗုဒ္ဓဂယာသွက်ရွာမည့်ရက်များ"**
(၁) ၆.၁၀.၂၀၁၇-၁၃.၁၀.၂၀၁၇ (၂) ၃.၁၁.၂၀၁၇-၁၀.၁၁.၂၀၁၇
(၃) ၄.၁၂.၂၀၁၇-၁၁.၁၂.၂၀၁၇ (၄) ၁.၁.၂၀၁၈-၈.၁.၂၀၁၈
**"အထူး Promotion ဂူညာအိပ်/ရေက် ဘုန်းကြီးကျောင်းတည်း/စားခရီးစဉ်"**
၂၇.၁၀.၂၀၁၇ အသွား- ၃.၁၁.၂၀၁၇ အပြန်
Passport ရှိပြီးသူများနှင့် အစိုးရဝန်ထမ်းများအားဥပဒေသာ ၆ ထောင်ကျပ်စီလျှော့ပေးပါမည်။
(ဘုန်းကြီးကျောင်းခရီးစဉ်သာ)စာရင်းပေးသွင်းရန်နောက်ဆုံးရက် = ၂၅.၀၉.၂၀၁၇

**Victoria Hospital**
**HVC** Heart & Vascular Centre
ဗိတိုရိယဆေးရုံ နှလုံးနှင့်သွေးကြောဌာနတွင်
**Bulgaria** နိုင်ငံမှနှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးသည်
**အပတ်စဉ်တနင်္လာနေ့မှသောကြာနေ့အတွင်း**
**မနက် (၁၀:၀၀) နာရီမှမွန်းတည့်(၁၂:၀၀) နာရီနှင့်**
**ညနေ (၄:၀၀) နာရီမှညနေ (၆:၀၀) နာရီအထိ**
ပြင်ပလူနာများကြည့်ရှုပေးသွားမည်ဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
**လူနာစာရင်းပေးသွင်းလိုပါက**
Hunt Line - +95 1 9666141
Hot Lines - +95 9 783666 141~4 Ext - 7080 (or) 2





သွေးတိုးနေပါသလား?
**မြတန်သာ**
**သွေးတိုးကျဆေး**
ကိုသောက်ကြည့်ပါ။
Reg.TMR 003059(0217)
Ph:660656, 09-5090449, 09-799226437

**သန္တာမေတ္တာ** တိုင်းရင်းဆေးကုခန်း
လိပ်ခေါင်းဝေဒနာရှင်များအတွက် သတင်းကောင်း
နှစ်ရှည်လများခံစားနေရတဲ့လိပ်ခေါင်းရောဂါကို သန္တာမေတ္တာ ဆေးကုခန်းမှဆရာကြီးဦးတင်ရွှေကိုယ်တိုင်ကုသပေးနေပါပြီ ဆေးထည့်ရာတွင် -
✦ ချုပ်ခြင်း၊ ဖေါက်ခြင်း၊ ဆေးဖြင့်စားဆေးတင်ခြင်းကိုဖြတ်ခြင်းအနာဖြစ်ခြင်းလုံးဝမရှိ။
✦ ခရီးသွားမျက်၊ အလုပ်အကိုင်မပျက် နေရာ ဒေသမရွေး ဆေးလိမ်းဆေးသောက်ရုံဖြင့် သင့်လိပ်ခေါင်းရောဂါပိန်ချုပ်ပြီး ကြွေကျခြင်း၊ ပုံပျောက်ခြင်း၊ လုံးဝမရှိမှုအခါအတိုင်း ပြန်ဖြစ်စေရမည်။
အမှတ်(၃၄)၊ ရန်ခြေ (၁၈)လမ်းထိပ်၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ်။

**KEMBANGAN**
GROUP OF MEDICAL CENTRES
နိုင်ငံအဝှမ်း ခွဲစိတ်ကုသမှု ခံယူပြီးသူများ
ကုသမှု
Smile Train
နှုတ်ခမ်းကွဲအာခေါင်ကွဲ ဘာကြောင့်ဖြစ်ရသလဲ
✓ ဆေးလိပ်သောက်ခြင်း
✓ ကိုယ်ဝန်ဆောင်ကာလအတွင်း ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှုများကို နေ့စဉ်ရှူရှိုက်မိခြင်း
✓ ဆီးချိုရောဂါ
✓ မိဘမျိုးရိုးထဲတွင် နှုတ်ခမ်းကွဲအာခေါင်ကွဲ ရှိခြင်း
✓ ကိုယ်ဝန်ဆောင်ချိန်တွင်အဟာရပြည့်ဝမှုနည်းပါးခြင်း။

ကိုယ်ဝန်ဆောင်ချိန်တွင်... ကိုယ်ဝန်ဆောင်ကာလတွင် ... Ultrasound ...

အမှတ်-၄၃၉/၄၄၁၊ ... ရန်ကုန်မြို့
-Kembangan Group of Medical Centres
HOTLINE : 09 772 458 611
: 09 772 458 612

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀-သုဝဏ္ဏ(လှသုံးကုန်အနီး)၊ ... မြေကွက်အမှတ်(၉၆/က)ဟုခေါ်တွင်သည့် ... ကန့်ကွက်လိုပါက ... (၇)ရက်အတွင်း ... ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| ဒေါ်မရည်စိုးဦး | ဒေါ်မရော်စိုးဦး | ဒေါ်မစွန်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| (စဉ်-၈၁၁၂) | (စဉ်-၅၇၉၅) | (စဉ်-၁၃၂၃၅) |

**တရားလွှတ်တော်ရှေ့နေများ**
မြေအမှတ်(၅၀၅/၆၈)၊ ပြည်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၀၅-၅၅၁၄၊ ၀၉၅၅-၅၀၅-၅၅၁၄၊ ၀၉၅၈-၅၀၅-၅၅၁၄

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

**ကန်ထရိုက်တာ ဦးမျိုးခိုင် [၁၂/လမန(နိုင်)၀၉၁၉၂၁]၊ အမှတ်(၉၆)၊ မိုးစန္ဒာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သိရှိစေရန်ကြေညာချက်**
ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၁၀၄) နေ ဒေါ်မြမြ [၁၂/လမန(နိုင်)၀၁၈၈၄၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမျိုးခိုင်သိစေရှိစေရန် အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ ကန်ထရိုက်တာ ဦးမျိုးခိုင်ပိုင်ဆိုင်သော မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၂)လမ်းသွယ် (၁)လမ်း၊ (၁၂/က)ရှိ သုံးထပ်ခွဲအဆောက်အအုံတွင် ဒုတိယထပ်ခေါင်းရင်းခန်းကို တန်ဖိုးငွေကျပ်သိန်းနှစ်ရာ့နှစ်ဆယ်တိတိဖြင့် အရစ်ကျပေးစနစ်ဖြင့် စာချုပ်ချုပ်ဆို၍ဝယ်ယူပါသည်။ လူကြီးမင်းလက်ဝယ်သို့ ငွေကျပ်သိန်းတစ်ရာ့ကိုးဆယ်တိတိ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ အချိန်ကြာမြင့်၍ တိုက်ခန်းပြီးမြောက်ခြင်းမရှိပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေနှင့် လူကြီးမင်းတို့ညှိနှိုင်းဆောင်ရွက်ရာတွင် လူကြီးမင်းမှ တိုက်ခန်းမပေးအပ်နိုင်ဘဲ ကျွန်ုပ်၏မိတ်ဆွေပေးအပ်ထားသောငွေကို (၃)ကြိမ်ခွဲပေးပါမည်ဟု ဝန်ခံကတိပြုလက်ဗွေနှိပ်၍ အသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ပါသည်။ စာချုပ်ပါ သတ်မှတ်ရက်ကျော်လွန်သော်လည်း တစ်ပြားတစ်ချပ်မျှ ပေးသွင်းခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း နောက်ဆုံးထားပြီး ကျွန်ုပ်၏မိတ်ဆွေထံသို့ မပျက်မကွက်ပေးအပ်ရန် အသိပေး တောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်နေ့ထိ ပေးရန်ပျက်ကွက်ပါက ဦးမျိုးခိုင်အပေါ် တည်ဆဲဥပဒေများနှင့်အညီတရားစွဲဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြမြ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၉)**
**တိုက်အမှတ်(10/B)၊ မြေညီထပ်၊ ဦးဖိုးမှန်လမ်း**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၈၂၈၄၊ ၀၉-၃၁၃၅၆၄၂၂**

